မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်
ရန်ကင်းတောင်ခြေ ရန်ကင်းအေးငြိမ်းရိပ်သာ
(မောင်းထောင်မြေဇင်းတောရတိုက်ခွဲ)

အပြည်ပြည်ဆိုင်ရာ

**အာနာပါန ကမ္မဋ္ဌာန်းတိုက်**

# GLOBAL MEDITATION RETREAT

မျှဝေခံစား

# ဓမ္မရသ

စာတမ်းများ

အပြည်ပြည်ဆိုင်ရာ
သဒ္ဓမ္မဇောတိကဖောင်ဒေးရှင်း
(အထက်မြန်မာပြည်)

သာသနာ ၂၅၄၇ ကောဇာ ၁၃၆၅ ခရစ် ၂၀၀၃

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)




WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဩဝါဒ

# ဘုရားမကယ်နိုင်

မြတ်စွာဘုရားက မိမိအသက်ကို သစ်ရွက်ခြောက်၊ ဖက်ရွက်ခြောက်၊ မြက်ခြောက်လောက်မှ ပမာမထား အသက်အသေခံပြီး ကျင့်ကြံပေးတော်မူခဲ့တဲ့ အာနာပါန။

ဂင်္ဂါဝါဠု သဲစုမက၊ သမုဒ္ဒဝါဠု သဲစုမက ဘုရားရှင်အဆူဆူ ရှောင်ခဲ့ကြ၊ တိမ်းခဲ့ကြတဲ့လူတွေ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ အကုန်လုံးရှောင်ခဲ့တိမ်းခဲ့ကြတာ၊ အရှောင်ကောင်း၊ အတိမ်းကောင်း၊ လူလည်တွေ မိန်းမလည်တွေ အလည်ရပ်ဖို့ ကောင်းပြီ။

* အာဠာ,ဥဒက၊ ဒေဝိလ၊ ရောက်ရ ရပ်ပြစ်သာ။

* ဘဝတိုင်းရှုံး၊ လူ့ကျောက်တုံး၊ စုံးစုံးနစ်ရရှာ။

မြေလျှိုးမိုးပျံ၊ ကမ္ဘာ ၄၀ မြင်တဲ့ ထိတ်ထိတ်ကြဲ ဒေါင်ဒေါင်မြည် လောကီပညာရှိကြီးတွေ၊ ဒေဝိလရသေ့ကြီးက နှစ်ပိုင်း၊ အာဠာရ က (၇)ရက်၊ ဥဒက က နာရီပိုင်း ဘုရားနှင့်လွဲသွားတာ၊ ကယ်လို့မရတဲ့ ဘုံရောက်သွားတာ၊ နှမြောစုပ်သတ်ပြီး ပစ်ထားခဲ့ရတယ်၊ ဘယ့်နှယ့်မှ မတတ်နိုင်ဘူး၊ နောက်ဘုရား ပွင့်လာလဲ သိသိကြီးနဲ့ ပစ်ထားခဲ့ရ မှာ။ နည်းနည်းလွဲ၊နည်းနည်းလိုက်လို့ မရဘူး၊များများလွဲ၊ များများလိုက်လို့ မရဘူး။

မြေဖင်းတောရဆရာတော်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



မဟာကမ္မဋ္ဌာနာစရိယမောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီး



ရန်ကင်းအေးငြိမ်းရိပ်သာ စံကျောင်းတကာ

ဦးမောင်မောင်စိ+ဒေါ်စန်းစန်းဦး

စည်သူမြန်မာပွဲရုံ၊ စိန်ဖြိုးပဲခွဲစက်၊ ပဲမှုန့်စက်

၅-အိမ်တန်း၊ မရမ်းခြံ၊ မန္တလေးမြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ဦးကိုဦး
(သိရိပဝရ ဓမ္မာစရိယ)



အတွင်းရေးမှူး
ချမ်းသာဦးသန်းဆွေ
မျှဝေစာတမ်းဖတ်



ပင်မကျောင်းတကာ
ဥက္ကဋ္ဌဦးသိန်းအောင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



အတွင်းရေးမှူး
ဦးမောင်မောင်ပြေ
(မောင်မောင်ပြေစာပေ)



ဆရာမကြီး ဒေါ်တင်သိန်းလှ



ဆရာမကြီး ဒေါ်ခင်မြင့်ကြည်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)






တရားစခန်း
အနီးကပ်ကြီးကြပ်ပေးသူ
ဓမ္မာစရိယဦးဌေးလှိုင်



မြေဇင်းတောရလက်ထောက် ကမ္မဋ္ဌာနာစရိယ ဦးမဏ္ဍလအား အဖွဲ့ကိုယ်စား
အတွင်းရေးမှူး ချမ်းသာဦးသန်းဆွေက သက်န်းကပ်လှူနေစဉ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)





ထေရဝါဒသာသနာပြုတက္ကသိုလ်
ဒု-ပါမောက္ခချုပ်
ဗန်းမော်ဆရာတော်ဘုရားကြီး
ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ



မြေဇင်းတောရယောဂီများ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ရွှေသရဖူ ဦးသန်းအောင်(ဒေါ်အေးအေးချို)သမီး
ခိုင်ဇာသွယ်(ရန်ကုန်) မိသားစုလှူဒါန်းသည့် (၉ သောင်းဖိုး)
ဓမ္မစကြာ ကျမ်းစာများကို မြေဇင်းတောရဆရာတော်ကြီးက
ယောဂီတို့အား ချီးမြှင့်ရာ
ယောဂီများကိုယ်စား နမောဆရာတော် ဦးစန္ဒာသိရိ လက်ခံယူနေပုံ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)






ဗန်းမော်တိုက်အုပ်ဆရာတော် ဦးနာယက(ဓမ္မာစရိယ)
ဗန်းမော်ဆရာတော်ကိုယ်စား စာတမ်းဖတ်ကြားနေပုံ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ရန်ကင်းအေးငြိမ်းရိပ်သာ ပင်မကျောင်းတကာ

ဦးသိန်းအောင်နှင့် ကျောင်းတကာမ ဒေါ်ဆွေဆွေဝင်း

အမှတ် ၄၀၀၊ ၇၆လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ မန္တလေးမြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ယောဂီဆောင်တိုက်ခန်းများအလှူရှင်

ဦးအုန်းမောင်+ဒေါ်အေးအေးရီ

အေးမေတ္တာမြန်မာထမင်းဆိုင်နှင့် ရွှေမြန်မာဟိုတယ်ပိုင်ရှင်

၈၁လမ်း၊ ၃၆လမ်းနှင့်၃၇လမ်းကြား၊ မန္တလေးမြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နိုင်ငံခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ .....





နိုင်ငံခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ .....





နိုင်ငံခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ .....

နာယက-၀၁-၆၆၅၂၁၁၊ ၀၂-၂၅၄၃၉၊ ဥက္ကဋ္ဌ-၀၂-၃၇၄၉၄
အတွင်းရေးမှူး-၀၂-၃၄၄၀၉၊ ၀၂-၆၅၁၀၆၊ ၀၂-၃၆၇၉၅

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်
ရန်ကင်းတောင်ခြေ ရန်ကင်းအေးငြိမ်းရိပ်သာ
(မောင်းထောင်မြေဇင်းတောရတိုက်ခွဲ)
အပြည်ပြည်ဆိုင်ရာ အာနာပါနကမ္မဋ္ဌာန်းတိုက်
Global Meditation Retreat

မျှဝေခံစား

# ဓမ္မရသ

စာတမ်းများ

အပြည်ပြည်ဆိုင်ရာ
သဒ္ဓမ္မဇောတိကဖောင်ဒေးရှင်း
(အထက်မြန်မာပြည်)

သာသနာ ၂၅၄၇ ကောဇာ ၁၃၆၅ ခရစ် ၂၀၀၃

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပုံနှိပ်/ထုတ်ဝေ မှတ်တမ်း
မန္တလေးတိုင်း-ပုသိမ်ကြီးမြို့နယ်
ရန်ကင်းတောင်ခြေ ရန်ကင်းအေးငြိမ်းရိပ်သာ
မောင်းထောင်မြေဇင်းတောရတိုက်ခွဲ
အပြည်ပြည်ဆိုင်ရာ အာနာပါနကမ္မဋ္ဌာန်းတိုက်
သဒ္ဓမ္မဇောတိက ဖောင်ဒေးရှင်း
(အထက်မြန်မာပြည်)
အတွက်

ဦးလှချို(၀၄၈၂၉)
တိုက်ဂါးအော့ဖ်ဆက်၊ ခြံအမှတ်-၁၆၁
(၃၀)ရပ်ကွက်၊ နှင်းဆီဝါလမ်း၊ သုဝဏ္ဏ၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်
ဖုန်း-၅၆၀၈၉၂၊ ၀၉၉၉၂၂၁၃၃
တာဝန်ယူပုံနှိပ်ပြီး

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး
ဦးညွန့်မောင် (မှတ်ပုံတင်အမှတ်-၀၃၈၄၃/၀၂၄၀၅)က
ထုတ်ဝေသည်။

ဓမ္မဒါန

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကမ္ဘာ့လူသားတိုင်းနှင့်မျှဝေခံစားခြင်း -ပညာရေးအဖွဲ့ | ၇ |
| ဘုရားမကယ်နိုင် -မြေဇင်းတောရဆရာတော် | ၉ |
| မုန့်အမြင်ရှင်းတော့တယ် -ဦးဒွေးလှိုင် | ၁၁ |
| ပြောမယုံကြုံမှသိမယ် -ဗန်းမော်ဆရာတော် | ၁၃ |
| Unbelievable But Experiential -Bamow Hsayadaw | ၁၄ |
| နှုတ်ခွန်းဆက်ဥယျောဇနကထာ -ဗန်းမော်ဆရာတော် | ၁၅ |
| စာတမ်း | |
| ကျင့်ရလွယ်ပြန် အသိမြန် နည်းမှန်ရပါစေ -ဦးဉာဏုတ္တရ | ၂၁ |
| လယ်တီမူနှင့်ကန္ဒိနည်း -အရှင်နန္ဒဝံသ-စာချကထိက | ၂၅ |
| ခံစားချက် | |
| သေမင်းကိုအန်တုနိုင်ပါပြီ -ဦးစန္ဒာသိရိ-ရွှေဘို | ၃၄ |
| မျက်စိအထူးကုဆေးရုံကြီး -ဦးဓမ္မဝံသ | ၃၆ |
| ဘာနှင့်မှမလဲနိုင်တဲ့ ဓမ္မစည်းစိမ်ချမ်းသာကြီး -ဦးကောမလ | ၃၈ |
| ကမ္ဘာ့ငြိမ်းချမ်းရေး သင်္ကေတများ -ဦးကိတ္တိမာ | ၄၀ |
| သဲကန္တာရထဲကအိုအေစစ် -ဦးပဝရ | ၄၃ |
| တန်ဖိုးမဖြတ်နိုင်သော တစ်ရှူတစ်ရှိုက် -ဦးကုသလ | ၄၆ |
| The New Heart ------ Bikkhu kavi | ၄၇ |
| တရားစခန်းသိမ်းအောင်ပွဲ လျှောက်ထားလွှာ -ဦးသိန်းအောင် | ၄၉ |
| စာတမ်း | |
| မယုံလာလှည့်မြီးစမ်းကြည့် -ဦးကိုဦး | ၅၂ |
| သိပ္ပံလွန်ဘာသာတရား -ယောဂီ ကိုနေမင်းအောင် | ၆၄ |
| ခံစားချက် | |
| ဝိဘဝနှင့်ဝိနှစ်လ -ဦးသိန်းအောင် | ၇၃ |
| ရှုခင်းတွေကြည့်ရင်းနဲ့ ပင်လယ်ထဲဆင်း -ဦးညိုဝင်းအောင် | ၇၆ |


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အကြောင်းအရာ စာမျက်နှာ


မျက်စိမြင်တာကမှ မှားချင်မှားဦးမယ် -ချမ်းသာဦးသန်းဆွေ ၇၈
'ငါ'လျော့သွား၍ အားလုံးအဆင်ပြေ -ဆရာဝန်ကြီးဦးမြင့်ဆွေ ၈၀
သရုပ်ပြဗုဒ္ဓဝင်ကျမ်းကြီး ဖတ်ရှုနေရသလို -ဦးအောင်မြတ် ၈၁
ငရဲမကြောက်တဲ့လူ -ဦးမောင်မောင်ပြေ ၈၂
မဟာပုရိသတို့အလုပ် -ဦးရဲမော် ၈၃
သူ-တော်-ကောင်းနှင့် ငါ-တော်-ကောင်း -ဦးမျိုးခင် ၈၄
ခေတ်သစ်မာတိကာ ဒကာများ -ဦးစံလင်း ၈၅
တရားအားမထုတ်ရသေးဘဲ သေများသွားရင် -ဦးရဲမြင့် ၈၆
အမြဲရိုက်ခတ်နေတဲ့ အသံနှင့်ရုပ်ပုံ -ဦးတင်ဟန် ၈၈
ဒါနှင့်ပဲ သေပျော်ပါပြီ -ဦးကြည်သန်း ၉၀
ကံထူးသူတို့ဆုံဆည်း၍ -ဦးသိန်းဇော် ၉၂
နှလုံးသားထဲက တကယ့်ရတနာ -ဦးခင်ဇော် ၉၄
သံသရာအတွက် ရက် ၆၀ -ဦးကျော်အေး ၉၆
ကျွန်တော်လူလည်, အရှောင်ကောင်း -ဦးမြင့်အောင် ၉၈
အပူခပ်သိမ်းအေးငြိမ်းရအောင် -ဦးမင်းဟန် ၁၀၀
ကန္တိတရားတဆင့်ကြားနဲ့ကိုယ်တွေ့ -ဦးချစ်ထန် ၁၀၂
လမ်းဆုံးအောင်လျှောက်မယ် -ဦးငွေလွင် ၁၀၃
လွယ်ကူသက်သာ တရားမြတ်မဟာ -ဇေယျာမိုး ၁၀၄
ဘဝသံသရာအာမခံချက် -ဦးမြင့်စိုး ၁၀၆
လူတိုင်းကိုပြောလို့မရသော ဘဝအလှ -မောင်လှိုင်မျိုးထွန်း ၁၀၇
နှစ်လစာနှင့်တစ်ဘဝစာ -မောင်သိန်းနိုင် ၁၁၀
ထေရဝါဒအမာခံ ဗုဒ္ဓဘာသာကောင်း -စန်းနိုင်ဝင်း ၁၁၁
ဒါမှ လက်တွေ့ဘဝနေနည်းသင်တန်း -မောင်သိန်းလှိုင်တိုး ၁၁၃
မြဟ္မာ့ပြည်က ဘုရားငါးဆူဗုဒ္ဓဝင် -ဆရာဦးသန်းဝင်း ၁၁၅
စာတမ်း
သိဒ္ဓတ္ထ၏ ဆံတော်နှင့်ဝတ်လဲတော်များ -ဒေါ်ခင်မြင့်ကြည် ၁၁၇
ခန္ဓာကိုယ်တွေ့ တကယ့်အဘိဓမ္မာ -ဒေါ်ကင်သိန်းလှ ၁၂၄


လျှောက်ထားလွှာ


အတွင်းရေးမှူးလျှောက်ထားလွှာ -ဦးမောင်မောင်ပြေ ၁၃၁


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အကြောင်းအရာ စာမျက်နှာ

ခံစားချက်

ရခဲတာကို ရလွယ်ကြပါစေ -ဒေါ်ခင်လှလှ ၁၃၇
စိတ်အလုပ်နှင့် စိတ်ထားနည်း -ဒေါ်ခင်ဝင်းကြည် ၁၃၈
ပြောမပြတတ်သည့် သောမနဿများ -ဒေါ်အေးငြိမ်း ၁၃၉
ထိုင်ရာမထ ဖူးမြင်ရပါပြီ -ဒေါ်အေးရှိ ၁၄၀
စာမတတ်သော်လည်း အမြတ်ရ -ဒေါ်ခို ၁၄၁
လူဖြစ်ကျိုးနပ်ပါပြီ -ဒေါ်နှင်း ၁၄၂
သဘောပေါက်ပါပြီ -ဒေါ်မြစန်း ၁၄၃
သံသရာကရွတ်ကွင်းက လွတ်ကင်းချင် -ဒေါ်မေယဉ် ၁၄၄
အိပ်မက်ထဲကတရားဆေး -ဒေါ်ခင်ရွှေ ၁၄၅
ကံတူအကျိုးပေး -ဒေါ်မြဟန် ၁၄၆
ကျွတ်တမ်းဝင်မယ့်သူတွေအများကြီး တဲ့ -မအေးရီ ၁၄၇
ဘာမဆိုရင်ဆိုင်ရဲသောအားအစွမ်း -ဒေါ်ဆွေဆွေဝင်း ၁၄၉
ကြည်ညိုမဆုံးပီတိဖုံးလျှက် -မခင်စန္ဒာထွန်း ၁၅၁
ထူးဆန်းတာထက် အသိအလိမ္မာသဒ္ဓါတက် -ဒေါ်နီနီ ၁၅၃
နတ်ပြည်က ပျော်စရာ၊ ပြဟ္မာကငြိမ်းအေး -ဒေါ်ဖြူဖြူခင် ၁၅၄
နဂါးနတ်ပြဟ္မာတို့သာသနာပူဇော်ကြပုံ -ဒေါ်ခင်သန်း ၁၅၅
ရထားပျံစီး၍ စကြဝဠာခရီးနှင် -ဒေါ်ငြိမ်းငြိမ်း ၁၅၆
ကံထူးသူပါရမီရှင်များ (ဝေယျာဝစ္စအမျိုးသမီး ၄ ဦး) ၁၅၈

ဩဝါဒါစရိယ ဆရာတော်ကြီးများ. . . . . ၁၅၉
ဂေါပကအဖွဲ့. . . . . ၁၆၀
ယောဂီဆောင်-ကုဋိအထွေထွေကောင်းမှုရှင်စာရင်း ၁၆၅
ဆွမ်းအလှူရှင်စာရင်း. . . . . ၁၇၀
အမှုဝေစာတမ်း -အတွင်းရေးမှူးချမ်းသာဦးသန်းဆွေ ၁၇၉

မာတိကာပြီး၏။

ရက် ၆၀ တရားစခန်း
အနီးကပ် ကြီးကြပ် စောင့်ရှောက်ပေးသူ
ယောဂီဟောင်းများ
(မြေဇင်းတောရ)

၁။ လက်ထောက်ကမ္မဋ္ဌာနာစရိယ ဦးဥတ္တမ၊
၂။ လက်ထောက်ကမ္မဋ္ဌာနာစရိယ ဦးမဏ္ဍလ၊
၃။ အဘာပု၊
၄။ ဦးလှချစ်(သာ့မဏောကျော်ဓမ္မာစရိယ)
၅။ ဦးသန်းအောင်၊
၆။ ကိုဆွေ B.Sc၊
၇။ ဦးသန်းဝင်း(ညောင်ဦး)၊
၈။ ဒေါ်မြမြဝင်း

■

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ကမ္ဘာ့လူသားတိုင်းနှင့် မျှဝေခံစားခြင်း

ရန်ကင်းအေးငြိမ်းရိပ်သာဂေါပက၊ သဒ္ဓမ္မဇောတိကဖောင်ဒေးရှင်း (အရှက်မြန်မာပြည်)အဖွဲ့ဝင်များသည် မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ကန္နီနည်းဥပနိသျ အာနာပါနတရားကို တစ်ကိုယ်ရေ အားထုတ်ဖြစ်ရုံ ကြိုးစားခဲ့ကြရာမှ ရက်ပိုင်းလပိုင်းမျှဖြင့် ထူးခြားမြင့်မြတ် လှသည့် ဓမ္မရသကို ခံစားလာကြရသဖြင့် ကမ္ဘာ့အတိုင်းအတာအထိ သာသနာပြုရန် ဆန္ဒဖြစ်ပွားလာကြသည်။

၁၃၆၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ရက် (၉-၄-၂၀၀၃)နေ့ **'ရက် ၆၀ တရားစခန်း'**စတင်ဖွင့်လှစ်ရာ အလွန်ပူပြင်းသောကာလတွင် ထူးထူးခြားခြား မိုးရွာသွန်းချ၍ အေးငြိမ်းစပြုလာ၏။

ယောဂီ ၅၀မျှ လျာထားရာမှ လူတစ်ရာနီးပါး တရားဝင်ကြသည်။ ပါမောက္ခဆရာတော်ကြီးများ၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မာစရိယ စာချကထိက၊ ကျောင်းထိုင်ကျောင်းပိုင် ရိပ်သာပိုင်ဆရာတော်ကြီးများပါ ပါဝင် အားထုတ်လာကြသဖြင့် လူဝတ်ကြောင်ယောဂီများ ပို၍ အားတက် လာကြသည်။

ဤရက် ၆၀ တရားစခန်းတွင် နေ့စဉ် အရက်ဆွမ်း၊ နေ့ဆွမ်း၊ အလှူရှင်များ ပေါ်ပေါက်လာသည့်အပြင် စားမှုနေမှုသပ္ပါယဖြစ်စေရန် အနီးကပ်ပစ္စည်းလေးပါးပံ့ပိုးသူ စေတနာရှင်လေးဦးလည်း ထူးထူးခြားခြား ထွက်ပေါ်လာခဲ့ကြ၏။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၁။ ဗိုလ်မှူးခင်မောင်ထူး-ဒေါ်ခင်မိုးလှိုင်မိသားစု ဦးဆောင်သော တပ်မတော်စည်သွတ်စက်ရုံ အမှုထမ်းများ၊

၂။ အေးမေတ္တာမြန်မာထမင်းဆိုင်နှင့် ရွှေမြန်မာဟိုတယ်ပိုင်ရှင် ဦးအုန်းမောင်-ဒေါ်အေးအေးရီ၊

၃။ ချမ်းသာဖယောင်းတိုင်စက် ဦးသန်းဆွေ၊ ဒေါ်ခင်လှိုင် သမီး ဒေါ်ခင်ဆွေဝင်းနှင့်မိတ်ဆွေများ၊

၄။ ဦးအောင်သိန်းညွန့်(ညွှန်ကြားရေးမှူး)နှင့် သာသနာ့တက္ကသိုလ်(မန်း) အမှုထမ်းများ။

ရက် ၆၀၊ နှစ်လပြည့်သော ၁၃၆၅ခု၊ နယုန်လဆန်း ၈ရက်(၇-၆-၂၀၀၃)နေ့တွင် စခန်းသိမ်းအောင်ပွဲကျင်းပရာ အခမ်းအနားမှူးအဖြစ် ဦးအောင်သိန်းညွန့်(ပထမကျော်၊ ဓမ္မာစရိယ၊ B.A အင်္ဂလိပ်စာ)က ဆောင်ရွက်၍ ယောဂီဆရာတော်ကြီး ၃ပါး၊ အမျိုးသားယောဂီ ၂ဦး၊ အမျိုးသမီးယောဂီ ၂ဦးတို့က သမထဝိပဿနာ ကိုယ်တွေ့ခံစားချက် စာတမ်းများ ဖတ်ကြား၍ ကြွရောက်လာကြသော ရဟန်းရှင်လူပရိသတ်တို့အား ဓမ္မရသ မျှဝေခံစားစေခဲ့ကြပါသည်။

အဆိုပါ စာတမ်း ၇ ခုနှင့်အတူ အခြားယောဂီ ၅၀ ကျော်တို့၏ ဓမ္မရသခံစားချက်များကိုပါ ဤစာစောင်၌ ဖော်ပြပေးထားရာ ဤဓမ္မအအေးလှိုင်းများသည် တရားမှုတမှုကင်းမဲ့ရာမှ ပူလောင်မွန်းကျပ်နေသော ယနေ့ကမ္ဘာလူသားတိုင်းသို့ မျှဝေခံစားနိုင်အောင် ဆောင်ကြဉ်းပါစေသတည်း။

ပညာရေးအဖွဲ့
သဒ္ဓမ္မဇောတိက ဖောင်ဒေးရှင်း
(အထက်မြန်မာပြည်)
၁၃၆၅ ခုနှစ်၊ ဝါဆိုလ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ခုမှ အမြင်ရှင်းတော့တယ်

၁။ နာမရူပ ပရိစ္ဆေဒဉာဏ်(ဒိဋ္ဌိဝိသုဒ္ဓိ)က စပြီး နာမ်ရုပ်မှ တစ်ပါး ဘာမျှမရှိ၊ သာမိ–ခန္ဓာပိုင်ရှင်၊ နိဝါသိ–ခန္ဓာ အိမ် ပြောင်းလဲ၍ အမြဲတည်နေသူ၊ ကာရက–စီမံခန့်ခွဲသူ၊ ဝေဒက–ခံစားစံစားသူဆိုတဲ့ အတ္တဝိညာဉ်လိပ်ပြာ (Soul Theory) ဒိဋ္ဌိ မရှိတော့ဘူး၊ ဒီနေရာမှာ အတ္တအပေါ် တည်ဆောက်ထားတဲ့ ဘာသာတွေအားလုံး ယိုင်လဲသွား တော့တာပါပဲ။

၂။ ပစ္စယပရိဂ္ဂဟဉာဏ်(ကင်္ခါဝိတရဏ ဝိသုဒ္ဓိ)ကစပြီး လောကကြီးကို ဖန်ဆင်းသူ(Creator)၊ ကယ်တင်ရှင် (Saviour) ဆိုတာလဲ ရှာမတွေ့တော့ဘူး၊ မိမိပြုလုပ်တဲ့ ကံကလွဲလို့ မ,စမယ်ထင်ရတဲ့ ဘယ်ဘိုးတော်၊ ဘွားတော်တွေမှလဲ မရှိတော့ဘူး။

၃။ ဘင်္ဂဉာဏ်၊ ဘယဉာဏ်(ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ)ကစပြီး ဘယ်တော့မှ မအို၊ မနာ၊ မသေဘဲ အမြဲ ချမ်းသာခိုလှုံနေရတယ်ဆိုတဲ့ ထာဝရဘုံ၊ ကောင်းကင်ဘုံ(Heaven)ဆိုတာလဲ ပြိုလဲသွားပြီး၊ အမြဲဒုက္ခခံစား နေရတယ်ဆိုတဲ့ ငရဲဘုံ (Permanent Hell)လဲ မရှိတော့ဘူး၊ တခြား ဘယ်ဘာသာ အယူဝါဒကိုမှ ရှုတ်ချပြောဆိုတာ မဟုတ်ပါဘူး၊ တကယ့် သဘာဝအမှန်ကို တင်ပြရာမှာ မလွှဲမရှောင်သာ ပြောရတဲ့အတွက် ခွင့်လွှတ်စေချင်ပါတယ်။ ဒီအမြင်မျိုးရအောင် နှစ်ပေါင်းတစ်ရာ၊ စာအုပ်ထောင်သောင်းဖတ်ယူလို့လဲ မရနိုင်ပါဘူး၊ ဝိပဿနာတရားကို ရက်ပိုင်းလောက် ရှုပွားရုံနှင့် ရင်ထဲနလုံးထဲမှာ တစ်သံသရာလုံးစွဲဝင်ခဲ့တဲ့ ဆူးငြောင့်ကြီးထွက် သွားလို့ လင်းပေါ့ဟာသွား သလို အယူဝါဒရေးရာ အမြင်ရှင်းသွားပုံကိုသာ ပြောလိုရင်းပါ။

ဘာသာ,အယူဝါဒ, အတွေးအခေါ်တွေကို လေ့လာချဉ်းကပ်တဲ့နေရာမှာ စာပေကိုချည်းအားမပြုဘဲ၊ လက်တွေ့ရှုပွားခြင်းဖြင့်သာ အချိန်တိုအတွင်းနှင့် လိုရင်းဆုပ်ကိုင်နိုင်မှာပါ၊ သောတာပန်ပုဂ္ဂိုလ်များ (စာမတတ် စေကာမူ) အယူဝါဒ မကူးပြောင်း၊ အယူဝါဒရေးရာ မြူဆွယ်,ခြိမ်းခြောက်လို့ မရအောင် အမြင်ရှင်းသွားပြီဆိုတဲ့ အဆင့်ရောက်အောင် ယောဂီတို့ ဦးတည်သွားနေကြတာပါ။

ဓမ္မာစရိယဦးဌေးလှိုင်
(တရားစခန်း အနီးကပ်ကြီးကြပ်ဟောပေးသူ)





WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ပြောမယုံ ကြုံမှသိမယ်

ဆရာတော် ဒီကန္နီနည်းကို အားထုတ်ဘို့ ဆန္ဒပြင်းပြခဲ့သော်လည်း ပြသမည့် ဆရာမရှိ၍ (၅၁)နှစ်ရှိသွားပြီ။ ယခု အသက် (၇၄) နှစ်ရှိမှ မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီးနှင့် ကံကောင်းထောက်မ၍ တွေ့ရှိရှုပွားခွင့်ရသဖြင့် ဆရာတော်ဆန္ဒပြည့်ဝသွားသည်။

ရက်ပေါင်း ၄၀ကျော် အားထုတ်ရုံမျှနှင့် 'ငါ့အဖို့တော့ အနီးကြည့်၊ အဏုကြည့်(Microscope)မိုက်ခရိုစကုပ်မှန်ပြောင်းနှင့် အဝေးကြည့် (Telescope) တယ်လီစကုပ် မှန်ပြောင်း နှစ်မျိုးစလုံးပါတဲ့ ဓမ္မစကျူ မှန်ပြောင်းကြီး တစ်လက်ရရှိ ပိုင်ဆိုင်လိုက်ပြီ' ဟု အောက်မေ့မိပါသည်။ အလွန်ဓမ္မပီတိ ဖြစ်ရပါသည်။

မိမိ သူတစ်ပါး ကိုယ်ထဲစိတ်ထဲရှိ သေးငယ်သော ရုပ်နာမ်ကလာပ် (Cell)တို့ ဆက်သွယ်ဖြစ်ပျက်နေပုံများ၊ သွေးသားကိုယ်အင်္ဂါတို့ ဆက်နွယ်လည်ပတ်ဖြစ်နေပုံများ ပြတ်ပြတ်သားသား မြင်နိုင်သည်။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ ငရဲပြည်အဆုံး တစ်လောကလုံး ဖူးလိုရာ၊ ကြည့်လိုရာ ကြည့်လို့ရသည်၊ ပြောမယုံ ကြုံမှသိမည်။

'မောဃံ ကာလံ န ခေပယေ။
အချည်းနှီး အချိန်မကုန်ကြပါစေနှင့်။
မာ ဝေါ ခဏံ ဝိရာဓေယ။
အခွင့်ကောင်းတွေ လက်လွှတ် မဆုံးရှုံးကြပါစေနှင့်။'

**ဗန်းမော်ဆရာတော်**
**Dr.အရှင်ကုမာ ရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)**
ဒုတိယပါမောက္ခချုပ်၊
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊
ရန်ကုန်မြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# UNBELIEVABLE BUT EXPERIENTIAL

Although having a fervent desire to pursue "Kanni meditation method", it has been 51 years that I have not come across any teacher who could instruct me the method. Fortunately, my desire was fulfilled only at the age of 74 when I met the most venerable Hsayadaw of Maunghtaung MyayzinTawya monastery and had the opportunity to receive instructions from him.

Just over forty days of effort, I told myself " Now, I have acquired a 'Dhamma Telescope, that, Like a microscope enables me to see minute particles and also as a telescope making distant objects appear larger and nearer." I felt ecstatic.

Everything was vivid. All the cells of the body, circulation of blood and the like could be seen very clearly. Not only that. One could also see the celestial beings like Devas and Brahmas and so on and those suffering in hell. With "Dhamma Telescope," one could even make a pilgrimage anywhere, on sky or ground as one wishes. It is unbelievable to hear but truly to experience.

DO NOT WASTE TIME
DO NOT LOSE OPPORTUNITY

**Bamaw Hsayadaw**
**Dr. Ashin Kumarabivamsa,**
(Aggamaha pandita)
Pro-Rector,I.T.B.M. University
YANGON

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



၁၃၆၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် (၂၃-၅-၀၃)
ရန်ကင်းအေးငြိမ်းရိပ်သာ ယောဂီများအား

# ဗန်းမော်ဆရာတော်ဘုရားကြီး၏
# နှုတ်ခွန်းဆက် ဥယျောဇနကထာ

မြတ်စွာဘုရား၏ သာသနာတော်ကို သီလ,သမာဓိ,ပညာ သိက္ခာ သုံးပါးဖြင့် တည်ထောင်ထားအပ်ပေသည်။

ရှေးဦးစွာ သီလလုံခြုံအောင် ထိန်းသိမ်းရပေသည်။ ၅ ပါး၊ ၈ ပါး၊ ၉ ပါး၊ ၁၀ ပါးသီလ တစ်ခုခုကို လုံခြုံအောင် ထိန်းသိမ်းရပေသည်။ အကယ်၍ သီလတစ်ပါးပါး ကျိုးပျက်သွားပါက ထပ်မံ၍ ဆောက်တည်လျှင် ရနိုင်သည်။ သီလဝိသုဒ္ဓိ သီလစင်ကြယ်သွားသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ရဟန်းတော်များ သီလစင်ကြယ်ဖို့မခက်

ရဟန်းတော်များအဖို့ ဒေသနာကြားလျှင် ဈာန်မဂ်ဖိုလ်ကို ရနိုင်သည်။

'အာဝိကတာ ဟိဿ ဖာသု ဟောတိ' ဝိ၊၃၊ ဥပေါသထက္ခန္ဓက အဖွင့်၌ 'ပဌန္နံဝါ အာပတ္တိက္ခန္ဓာနံ၊ သတ္တန္နံဝါ အာပတ္တိက္ခန္ဓာနံ'ဟု ဘုရားရှင်ကိုယ်တိုင် ဖွင့်ပြရကား ဘယ်အာပတ်ပဲသင့်သင့်အာဝိကတ–ဒေသနာကြားထားလျှင် အာပတ်တန့်သွားပြီး ဈာန်မဂ်ဖိုလ်၏ အန္တရာယ်မှ ကာကွယ်ပေးနိုင်သည်ဟု တိပေဋကဝိနိစ္ဆယကျမ်း၌ မိုင်းခိုင်းဆရာတော်ဘုရား ဆုံးဖြတ်ထားပေသည်။

ပါရာဇိကနှင့် သံဃာဒိသိသ် အာပတ် ၂ မျိုးကိုကား ဆိုင်ရာအစီအစဉ်အတိုင်း ထပ်မံ၍ ကုစားရပေမည်။ မဂ်ဖိုလ် နိဗ္ဗာန်ရပြီးမှ ကုစားရသည့်ထုံးကို ဘေဒါနုဝတ္တကသိက္ခာပုဒ်လာ ရဟန်းတော်များ မဂ်ဖိုလ်နိဗ္ဗာန် ရပြီးမှ အာပတ်ကုစားရသည့်ထုံးကို နှလုံးမူရာ၏။ (သီလဝိသုဒ္ဓိ)။

## ၁၅ ရက်လောက် ဖိဖိစီးစီးလုပ်ပါလျှင်

သီလဝိသုဒ္ဓိပြီးလျှင် စိတ္တဝိသုဒ္ဓိ–စိတ်စင်ကြယ်အောင် သမထကမ္မဋ္ဌာန်း တစ်ခုခုကို ပွားများရသည်။

ဤကန္နီနည်း၌ ဗုဒ္ဓါနုဿတိ၊ မေတ္တာ၊ အသုဘ၊ မရဏာဿတိ ဤသဗ္ဗတ္ထက ကမ္မဋ္ဌာန်းကို ၅ ရက်ပွားရသည်။

၎င်းနောက်မှ အာနာပါနဿတိကမ္မဋ္ဌာန်းကို ဥဂ္ဂဟနိမိတ်–ပဋိဘာဂနိမိတ်များရအောင် ၁၀ ရက် ၁၅ရက်ခန့် ပွားရသည်။

၎င်းဥဂ္ဂဟနိမိတ်ကို အနီးအဝေး အကြီးအသေး အဇ္ဈတ္တဗဟိဒ္ဓ (ကိုယ်တွင်းကိုယ်ပ) မကျန်ရအောင် လွှတ်၍ပွားရသည်။ ဤကန္နီနည်း၌ ပဋိဘာဂနိမိတ်လွှတ်ပုံ ပိုင်နိုင်ဖို့ အရေးကြီးသည်။ ပဋိဘာဂနိမိတ်လွှတ်ပုံ ပိုင်နိုင်လျှင်ကား ရှေ့လာမည့်အစီအစဉ်အားလုံး လွယ်လွယ်ကူကူ ရနိုင်ပေတော့သည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သို့အတွက် ဤကန္တိနည်းကို အားထုတ်သော ယောဂီများအားလုံးသည် သမထပိုင်း ရှေ့ပိုင်း ၁၅ ရက်၊ ရက် ၂၀ ခန့်ကို အပင်ပန်းခံပြီး ရအောင် ကြိုးစားကြရမည်။ ဒါမှ ကန္တိနည်း အားထုတ်ရကျိုးနပ်ပေမည်။

## စကြဝဠာတစ်ထောင် ရုပ်သံလွှင့်

ဤနေရာ၌ ပဋိဘာဂနိမိတ်တွေလွှတ်ပြီး တစ်စုံတစ်ခု ကိစ္စကို ဆောင်ရွက်သည့် ရှေးထုံးစံရှိပါရဲ့လားဟု မေးလျှင် ရှိပါ၏ဟု ဖြေရာ၏။

အကျယ်ချဲ့ပြဦးအံ့–သံယုတ်၊ ပဉ္စမအုပ်၊ အရုဏဝတီသုတ္တန်၌ ဤကမ္ဘာမှ နောက်ပြန်ရေတွက်လျှင် ၃၁ ကမ္ဘာထက်၌ သိခီ မြတ်စွာဘုရားပွင့်တော်မူခဲ့သည်။ သိခီမြတ်စွာဘုရားနှင့်လကျာတော်ရံ အဂ္ဂသာဝက အဘိဘူရဟန္တာနှစ်ပါးတို့ ပြဟ္မာ့ဘုံကြွပြီး သိခီဘုရားရှင်၏ စေခိုင်းချက်အရ အဘိဘူရဟန္တာ ထေရ်မြတ်သည် စကြဝဠာ တစ်ထောင်အတွင်း သတ္တဝါတွေ ၎င်း၏အသံကို ကြားအောင်၊ ရုပ်အဆင်း ကိုလဲမြင်အောင် တရားဟောကြားခဲ့လေသည်။

ယခုခေတ် ရုပ်မြင်သံကြားစက်များဖြင့် ရုပ်ကို အသံကိုပါ တကမ္ဘာလုံးက မြင်ရကြားရအောင် လွှတ်သကဲ့သို့တည်း။

ဤနေရာ၌ အဘိဘူရဟန္တာထေရ်မြတ် စက်ကိရိယာတွေမပါပဲ ဘယ်လိုလုပ်ပြီး လွှတ်ပါသလဲဟု မေးဖွယ်ရှိပါ၏။ အဖြေကား–

အဘိဘူရဟန်းသည် ရှေးဦးစွာစကြဝဠာတစ်ထောင်ကို အာရုံပြုပြီး အားလုံးမည်းမှောင်သွားစေဟု အဓိဋ္ဌာန်၍ နီလကသိုဏ်း ဝင်စားတော်မူသည်။ စကြဝဠာတစ်ထောင်လုံး မှောင်သွားသည်။ သတ္တဝါတွေ ရတ်ရတ်သဲသဲ ဖြစ်သွားသည်။ ထိုအခါမှ 'အားလုံး လင်းထိန်သွားစေ'ဟု အဓိဋ္ဌာန်၍ ဩဒါတကသိုဏ်းကို ဝင်စားတော်မူသည်။ စကြဝဠာ တစ်ထောင်လုံး လင်းထိန်သွားသည်။

ထိုအချိန်၌ တရားဟောရာ စကြဝဠာ တစ်ထောင်အတွင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သတ္တဝါတွေ အားလုံး အဘိဘူရဟန္တာ၏ ရုပ်အဆင်းကိုလဲ မြင်ကြရသည်။ အသံတော်ကိုလည်း ကြားကြရသည်။ အဘိဘူရဟန္တာထေရ်၏ ဣဒ္ဓိဝိဓ အဘိညာဉ် အပ္ပနာဈာန်၏ တန်ခိုးတော်ကား ဤမျှကြီးကျယ်တော်မူ ပါပေသည်။

ယခု ယောဂီများ၏ ပဋိဘာဂနိမိတ်မှုကား အပ္ပနာဈာန် အဘိညာဉ်တို့၏ အာရုံမဟုတ်၊ ကာမာဝစရ မဟာကုသိုလ် ဥပစာရ သမာဓိ၏ အာရုံသာတည်း။

သို့အတွက် စကြဝဠာတစ်ထောင်မလွှတ်နိုင်၊ မိမိအားနိုင်သလောက် သာလွှတ်နိုင်ပေသည်။ တစ်ယောက်နှင့်တစ်ယောက် မတူကြချေ။ ရုပ်သံလွှင့်စက်များ၏ အားနည်း-အားကြီးမှုလိုက်ပြီး ရုပ်မြင်သံကြား အနီးအဝေး ကွာခြားကြသကဲ့သို့ ဖြစ်ပေသည်။

ပဋိဘာဂနိမိတ်ကို အနီးအဝေး,အကြီးအသေး အဖြောင့်အကောက် အမျိုးမျိုး ပိုင်နိုင်လျှင်ကား ဤစကြဝဠာရှိဘုရားစေတီ အမျိုးမျိုး ဖူးနိုင်ပေပြီ။ (စိတ္တဝိသုဒ္ဓိ)။

## ဝိပဿနာမှာ ပို၍ပြတ်သား

ငင်းပဋိဘာဂနိမိတ်အာရုံကိုပင်လျှင် ဆလိုက်မီး၊ လက်နှိပ်ဓာတ်မီးသဖွယ် အသုံးပြုပြီး မိမိခန္ဓာကိုယ်၊ သူတစ်ပါးခန္ဓာကိုယ်တွေထဲမှာရှိသော ရုပ်နာမ် တို့၏ တည်ရှိမှု၊ အကြောင်းအားလျော်စွာ အကျိုးတရားတွေ ဖြစ်ရှိမှုတို့ကို ပြတ်ပြတ်သားသား မြင်နိုင်သည်။(ဒိဋ္ဌိဝိသုဒ္ဓိ)။

သိပ္ပံဆရာကြီးများ အနီးကြည့်မိုက်ကရိုစကုပ်,အဝေးကြည့်တယ်လီ စကုပ်တို့ကို အသုံးပြုပြီး ရောဂါပိုးမွှားသေးသေးလေးတွေကိုလည်းကောင်း ဂြိုဟ်တာရာ နက္ခတ်စသည့် ကြီးမားသည့် ဝတ္ထုပစ္စည်းများကိုလည်းကောင်း ပြတ်ပြတ်သားသား ကြည့်ရှုလေ့လာနိုင်သကဲ့သို့ ဖြစ်ပေသည်။ (ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ)။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြည့်သူချင်း တူသော်လည်း မှန်ပြောင်းရှိသူက ပိုပြီးမြင်ပေလိမ့်မည်။ ဝိပဿနာရှုသူချင်း တူသော်လည်း ပဋိဘာဂ သမထ–မှန်ပြောင်းရှိသူက ပိုပြီးမြင်ပေလိမ့်မည်။

ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုကို သေသေချာချာ မြင်ပါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရမှာဖြစ်သည့်အတွက် သေချာသည့်နည်းလမ်းကို လိုက်သင့် ကြပေသည်။

'လုံးစုံလင်းရာ၊ တ–ဌသာ၊စ–မှာငြိမ်းစေဘိ။'

(၃) သဗ္ဗကာယပဋိသံဝေဒီ

(၄) ပဿမ္ဘယံ ကာယသင်္ခါရံ ဟူသော တတိယနည်း, စတုတ္ထနည်းတို့ကို ရက်ရှည်အချိန်ပေးပြီး အပ္ပနာသမာဓိ အထိ ပွားပြီးမှ ဝိပဿနာ ကူးရပါမူကား အကောင်းဆုံး သမထမှန်ပြောင်းရရှိ၍ နိဗ္ဗာန်ကို အမြန်ရောက်နိုင်ပေမည်။ သမာဓိအားကောင်းလေ ဝိပဿနာပညာအား ကောင်းလေ ဖြစ်သည်။

'သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ'

## ဒီနည်းရဖို့ နှစ် ၅၀ကျော် စောင့်ခဲ့ရ

မြန်မာနိုင်ငံ၌ သမထခေတ် တိမ်မြုပ်နေသည်မှာ ကြာပြီ၊မိမိသည် ဤကန္တီနည်း သမထထူထောင်နည်းကို နှစ်ပေါင်း (၅၁)နှစ် စောင့်ဆိုင်း ခဲ့ရသည်။ ဒီနှစ်မှပဲ အားထုတ်ရပေသည်။ 'ဘုရားဖြစ်မယ်ကြံ–မာရ်နတ်က ဖျက်'စကားပုံအတိုင်း ကောင်းတဲ့ အလုပ်တစ်ခုကို လုပ်မည်ဆိုလျှင် အနှောင့်အယှက် အဖျက်အဆီးများ ပေါ်လာတတ်ပေသည်။ ၎င်းအနှောင့် အယှက်များကို ဖယ်ရှားဖြတ်တောက်၍ ကိုယ်လုပ်ရမယ့်လုပ်ငန်းကို ဖြောင့်ဖြောင့်တန်းတန်း လုပ်နိုင်ကြပါစေ။ မဂ်ဉာဏ်ဖိုလ် ဉာဏ်နိဗ္ဗာန်အထိ ကြိုးကြိုးစားစားအားထုတ်နိုင်ကြပါစေ။ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို ချက်မှောက်ပြုနိုင်ကြပါစေ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြသဖြင့် ရဟန္တာပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့၌ မည်သည့်ဘုံ ဘဝ, ဂတိ, ယောနိ,သတ္တာဝါသတို့မှာမှ တဖန်မဖြစ်ခြင်းဆိုတဲ့ အနုပ္ပါဒနိရောဓအနုပါဒါ ပရိနိဗ္ဗာန်ကိုယ်စီ စံနိုင်ကြပါစေ။

အနုပါဒါ ပရိနိဗ္ဗာန်ကိုယ်စီစံကြရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်, ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးပုံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

လသာတုန်း မိုင်းငင်ကြ။

ဖန်းမော်ဆရာတော်
**Dr.**အရှင်ကုမာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊
ဒုတိယပါမောက္ခချုပ်ဆရာတော်
အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊
ရန်ကုန်မြို့။



၂၃

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# စာတမ်း

## ကျင့်ရလွယ်ပြန့် အသိမြန့် နည်းမှန်ရပါစေ

ဘုန်းကြီးကိုယ်တိုင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉပနိသျ အတိုင်း ကိုယ်တိုင်ကျင့်၍ ကိုးကွယ်ဆည်းကပ်သူ ဒါယကာ ဒါယိကာမ များကိုလည်း နည်းလမ်းပြသ အားထုတ်စေခဲ့ပါသည်။ အိမ်ခြေ ၁၂၀၀ ခန့်ရှိသော ရွာစဉ်ရွာကြီးမှာ ၁၄နှစ်ကြာ ကမ္မဋ္ဌာနာစရိယပြုလုပ်ခဲ့ပါသည်။

မိုးကုတ်ဆရာတော်ကြီး၏နည်းမှာ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက်စပ်ပုံတရားကို အခြေခံထား၍ ခန္ဓာဉာဏ်ရောက် သစ္စာရောက်အောင် ပြသပေးသော တရားတော်ကြီးပင်ဖြစ်၍ ပရိယတ်ပဋိပတ်နှစ်မျိုးလုံးနှင့် ညီညွတ်သည့်အပြင် အဟောနှင့်အလုပ် တသားတည်းရှိလှပေသည်။ ထို့ကြောင့်လည်း မိုးကုတ်ဆရာတော်၏နည်းကို နိုင်ငံအနှံ့အပြား လူကြိုက် များ၍ လက်ခံကျင့်သုံးကြသူများလှပေသည်။

ဘုန်းကြီးမှာ မိုးကုတ်နည်းတစ်ခုတည်းကိုပင် စာဖတ်,တရားခွေတွေ နာရုံနှင့် အားမရပဲ၊ မိုးကုတ်နည်းပြသော ဆရာသုံးလေးဦးဆီမှာ သုံးလေး လစီ တပည့်ခံပြီးမှ ပြသပေးပါသည်။ ဤမျှနှင့်လည်း ဘုန်းကြီးအားမရသေး ပါ။ ဆရာစုံ နည်းစုံ ရချင်သော်လည်း အချိန်က နည်းသွားပြီ။

အထူးသဖြင့် ဝိပဿနာသက်သက်မဟုတ်ပဲ သမထအခြေခံတဲ့ ဝိပဿနာရှုနည်းများကို ရချင်နေခဲ့ပါသည်။

ကံအားလျော်စွာပင် ပတ္တမြားမှန်လျှင် နွံမနစ်ဟူသော ဆိုရိုးစကား နှင့်အညီ ကန္နီဆရာတော်ကြီး၏နည်းအရ ယခုပြန်လည် ဖော်ထုတ်၍ ခေတ်တစ်ပတ်လည် ပေါ်ထွန်းလာရသော ဤမောင်းထောင်မြေဖင်းတောရ ဆရာတော်ကြီး၏ နိဗ္ဗာနမဂ္ဂအာနာပါနဿတိ သမာဓိလမ်းစဉ်ကြီးကို ၁၃၆၄ ခုနှစ် နှောင်းတန်ခူး လဆန်း ၈ရက် ဗုဒ္ဓဟူးနေ့မှစ၍ ရှုမှတ်ပွားများ အားထုတ်ခွင့်ရပါသည်။ နှစ်လတိုင်တိုင် လက်တွေ့အားထုတ်ကြည့်သော အခါ သိရှိလာရပါသည်။ အကောင်းတကာ့ အကောင်းဆုံးဖြစ်သော သမထဝိပဿနာနည်းဖြစ်ကြောင်း သိရှိလာရပါသည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဘယ်ကြောင့်ဆိုသော် အာနာပါန အစရှိသော သမထကမ္မဋ္ဌာန်းကို ပါဠိတော်များစွာ၌ ဘုရားရှင်ဟောတော်မူခဲ့သော်လည်း သမထရေ့ သွားပြုသော ဝိပဿနာနည်းမှာ ပျောက်ကွယ်သလို ရှိနေခဲ့ပါသည်။ ထို့ကြောင့် သမထကမ္မဋ္ဌာန်းကို လူတိုင်းလိုလိုပင် 'သဲသရာရှည်သည်၊ မဂ်ဖိုလ်နိဗ္ဗာန်ရရန် အချိန်နှေးကွေးလှသည်'အစရှိသဖြင့် အကြောင်း အမျိုးအမျိုးပြ၍ ပစ်ပယ်ထား ကြသော ခေတ်အခါသမယ ဖြစ်ပေသည်။

အထင်နှင့် တစ်ဆင့်စကားဖြင့် ပြောဆိုနေကြသော်လည်း လက်တွေ့ ကား ရှိကြသည်တော့ မဟုတ်ပါပေ။ မြန်မာနိုင်ငံ၌ သမထ ကွယ်သလောက် ရှိခဲ့လေပြီ။

ဒီလို အချိန်အခါမျိုးမှာ မောင်းထောင် မြေဇင်းတောရဆရာတော် ဘုရားကြီးသည် အာနာပါနကမ္မဋ္ဌာန်းကို ကျမ်းဂန်လာသည့်အတိုင်း မလွတ်မူ၍ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ကို ရရှိသည့်တိုင်၊ ရပြီးသော နိမိတ်ကိုလည်း နိုင်မြဲသည်ထက်နိုင်မြဲအောင် စေစား၍ရအောင် ၁၅ ရက်မှတစ်လအထိ လေ့ကျင့်နိုင်းပါသည်။ စိတ်ရှည်လက်ရှည်သည်းခံပြီး ပြပေးတော်မူပါသည်။

ယောဂီများ နိုင်းတဲ့အတိုင်းရလျှင်အလွန်ပျော်ရွှင်အားရနေပါသည်။ နိမိတ် တည်းဟူသော ဓမ္မစက္ခုဖြင့် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ရှိသော တန်ခိုးကြီး ဘုရားစေတီများကိုလည်း ကိုယ်တွေ့ဖူးမြော်နိုင်အောင် နည်းလမ်း ပေးသနားတော်မူရာ ဆရာရောတပည့်ပါ ရွှင်လန်းအား တက်ကြပါသည်။ အလွန်သဒ္ဓါတရား ဖြစ်ပွားရပါသည်။

နည်းလမ်းဆိုသည်မှာ အခြားမဟုတ်၊ အာနပါနသုတ်သုတ္တန်ကြီး များနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အစရှိသော ကျမ်းဂန်ကြီးများနှင့်အညီ ရေးသားထားသော လယ်တီဆရာတော်နည်း၊ ကန်နီဆရာတော်နည်းများပင် ဖြစ်ပေသည်။ ၎င်းဆရာတော်ကြီးများ ရေးသားထားသော အဆင့်လေးဆင့် ရှိသောနည်းကို စာထဲမှာသာတွေ့ရပြီး လက်တွေ့ပြသနိုင်သူ မရှိပါ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ယခုမူ စာတွေ့မျှသာမဟုတ်၊ လက်တွေ့အားထုတ်ရသဖြင့် အလွန်ပင် ဝမ်းမြောက်ရပါသည်။ ဒီလောက်လွယ်လိမ့်မည်ဟု မထင်ခဲ့ပါ။

အာနာပါနနည်း လေးဆင့်ကုန်၍ ဝိပဿနာ ကမ္မဋ္ဌာန်းသို့ ကူးရာမှာလည်း ပုဗ္ဗကိစ္စ(၄)ပါးခေါ်သော ရူပပရိဂ္ဂဟ၊ နာမပရိဂ္ဂဟ၊ ပစ္စယပရိဂ္ဂဟ၊ အဒ္ဓါနပရိဂ္ဂဟ (၄)ပါး၌ပင် အသေးစိတ် နှစ်ရက်စိစိတ်ရှည်စွာဖြင့် ပြသတော်မူရာ သမ္မသန-ဥဒယဗ္ဗယဉာဏ်စသည့် အထက်ဉာဏ်စဉ်သို့ မရောက်သေးမီ ဤအောက် ပုဗ္ဗကိစ္စ (၄)ပါးတို့၌ပင် ရုပ်နာမ်တရားတို့၏ ဖြစ်မှုပျက်မှုတို့ကို အမြင်သန်လှပေသည်။

ယင်းအောက်ခြေဉာဏ်များ၌ အမြင်သန်ပြီးသောအခါ အထက်ဉာဏ်တို့၌ အခက်အခဲမရှိဘဲ လူက လွန်စွာအားမထုတ်ရဘဲ ဝိပဿနာဉာဏ်များကပင် အထက်အထက်သို့ရောက်အောင် သူ့အလိုအလျောက်ပင် ဆွဲခေါ်သွားသလို တွေ့ရှိခံစားရပါသည်။ အလွန်သက်သာမြန်ဆန်လှပါသည်။

ဤကဲ့သို့ ထူးခြားဆန်းကြယ်ပြီး ကျင့်လို့လဲလွယ် အသိဉာဏ်လည်း ဖြစ်လွယ်လှသော နည်းလမ်းကြီး တစ်ခေတ်ဆန်းလာသည်မှာ ပြသတော်မူသော မဟာကမ္မဋ္ဌာနာစရိယ မောင်းထောင်မြေဇင်းဆရာတော်ကြီး၏ အသက် အရွယ်နှင့်မလိုက်အောင် ကရုဏာကြီးပြီး သေချာစေ့စပ်၍ နည်းစနစ်ကလည်း အလွန်ကောင်းမွန်သောကြောင့်သာ ဖြစ်ပေသည်ဟု ဆရာတော်ကြီးအပေါ်၌ အလွန်ကြည်ညိုသော အတိပသန္နသဒ္ဓါဖြင့် လေးစားဦးခိုက်ပါသည်။

စာရေးသူ ဤအရှင်ကဲ့သို့ ဓမ္မရသများကို ရရှိခံစားလိုကြသူများလည်း ဆရာတော်ကြီး၏ ထူးခြားဆန်းကြယ်၍ 'သုခပ္ပဋိပဒါ ခိပ္ပါဘိညာ' မြန်ကောင်းသက်သာ ဤကန္တနည်း သမထဝိပဿနာနည်းပညာကို လူတိုင်းလူတိုင်း အချိန်မဆိုင်းဘဲ အမြန်ဆုံး မိမိတို့ခန္ဓာကိုယ်ထဲသို့ ရောက်ရှိအောင်၊ ဝါ-မိမိတို့ခန္ဓာအစဉ်သို့ ဉာဏ်သက်ဝင်ပြီး ယခုဘဝမှာပင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ကာ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေဟု ဆန္ဒပြု တိုက်တွန်းနှိုးဆော်အပ် ပါသတည်း။

○ နိုင်ငံခပ်သိမ်း၊ တရားကိန်း၊ အေးငြိမ်းကြပါစေ။

မှတ်ချက်။ ။ ဤစာတမ်းရှင်ဖြစ်သူ ကမ္မဋ္ဌာနာစရိယ ရွာစဉ်တောရကျောင်းဆရာတော်က ဤကနေ့နည်းအတိုင်း ဒကာ-ဒကာမများအား ရာသက်ပန်ဆင့်ပွား ပြသသွားမည်ဖြစ်ကြောင်း မြေဇင်းတောရဆရာတော်ဘုရားကြီးအား လျှောက်ထားသွားပါသည်။



ဦးဉာဏုတ္တရ (ကမ္မဋ္ဌာနာစရိယ)

သက်တော် ၆၅နှစ်၊

တောရကျောင်း၊ ရွာစဉ်ရွာ၊
ခင်ဦးမြို့နယ်၊ ရွှေဘိုခရိုင်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## စာတမ်း

# လယ်တီမူနှင့် ကန္တိနည်း
# တစ်ချက်တည်းတူးရုံမှုဖြင့် ရွှေအိုးကြီးနှစ်လုံးရသလို

### (၁)အလျင်လို လမ်းအိုလိုက်

ဘုန်းကြီး၏ ဓမ္မရသခံစားချက်ကို အပိုင်း (၃)ပိုင်းထားပြီး တင်ပြ ပါ့မယ်။

(၁)'မဟာကမ္မဋ္ဌာနာစရိယ မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး ပြသသော ကန္တိနည်းဥပနိသျ နိဗ္ဗာန, မဂ္ဂအာနာပါန သမထ ဝိပဿနာ ရက် ၆၀ တရားစခန်း'လို့ ကြားလိုက်ရုံမျှနှင့် ပရိယတ်, ပဋိပတ်အခံရှိထားသူများအဖို့ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ သတင်းထူးတစ်ခု ဖြစ်နေပါတယ်။ မြန်မာနိုင်ငံမှာ အများအားဖြင့် ၇ရက်စခန်း ၁၀ ရက်စခန်း၊ အလွန် ဆုံး ၄၅ ရက်စခန်းများသာ ရှိပြီး၊ ရက် ၆၀ စခန်းမှာ မကြားဖူးသေးပါ။

တချို့က ရက် ၆၀-နှစ်လကြီးတောင်ဆိုပြီး လန့်ကြသော်လည်း ဘုန်းကြီးတို့က ရက် ၆၀ ဆိုလို့ကို ပိုပြီးစိတ်ဝင်စားလာရပါတယ်။ နောက်ပြီးတော့ ခဏိကသမာဓိ ထူထောင်ပြီး ဝိပဿနာကိုချည်းသွားကြတာ များလို့ တစ်နိုင်ငံလုံး တရားဌာနရိပ်သာတွေမှာ သမထအခြေခံသွားတဲ့ ဝိပဿနာရှုနည်း ပျောက်ကွယ်နေပါတယ်၊ ဒါကိုလည်း ဘုန်းကြီးစိတ်ထဲ အားမလိုအားမရဖြစ်မိတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘုရားဟော ပါဠိတော်ကြီးတွေမှာ သမထကို ဦးစွာထူထောင်ပြီးမှ ဝိပဿနာသွားတာကိုသာ အများကြီး ဖတ်ရှုရပါတယ်။ ဘုန်းကြီးတို့ ငယ်ငယ်က သင်ယူရတဲ့ သင်္ဂြိုဟ်ကျမ်းမှာ သမထကမ္မဋ္ဌာန်း ၄၀ တောင်ပြထားတာ ကျက်မှတ်ခဲ့ရပေမယ့် လက်တွေ့မလုပ် တတ်ကြတော့ ပါဘူး။ ဥဂ္ဂဟ, ပဋိဘာဂ, အပ္ပနာ ဆိုတဲ့ဝေါဟာရတွေကိုလည်း မပြောနိုင်၊နားမလည်နိုင်တော့ဘူး။ ဈာန်,အဘိညာဉ် ဆိုတာတွေကတော့ မပြောတော့နှင့်။

မြန်မာနိုင်ငံ ကမ္မဋ္ဌာန်းလောကမှာ သမထပျောက်နေပြီ။ နမြောစရာ ကောင်းပါတယ်။ 'သမထအခြေခံပြီး ဝိပဿနာရှုပွားတာက မြစ်ပင်လယ် ကို လှေသင်္ဘောနှင့်ကူးရသလို ချမ်းသာပြီး၊ သုဒ္ဓဝိပဿနာ–ဝိပဿနာ သက်သက်ရှုပွားတာက မြစ်ပင်လယ်ကို လက်ပစ်ကူးရသလို ပင်ပန်း တယ်လို့ အဋ္ဌကထာတွေမှာ ပြဆိုထားပေမယ့် သမထပြနိုင်တဲ့ဆရာက တဖြည်းဖြည်း မရှိသလောက် ဖြစ်နေပါတယ်။

ယခု ဒီကနေ့နည်းမှာက ပထမတစ်လ, သမထရှုရတယ်၊ နောက်တစ်လ, ဝိပဿနာရှုရတယ် ဆိုကတည်းက ဘုန်းကြီး ဝမ်းသာ နေတယ်။ မြေဖင်းတောရဆရာတော်ကြီး ကျေးဇူးကြောင့် လက်တွေ့ လုပ်ခွင့်ရတော့ သမထကျေးဇူးကို ပိုပြီးသိလာရပါတယ်။ သာသနာမှာ ဒါတွေ တိမ်ကောပျောက်ကွယ်သွားရင် အလွန်ဝမ်းနည်းစရာကောင်း ပါတယ်။

ပထမတစ်လ၊ သမထအားထုတ်တော့ လူပြည် နတ်ပြည် ဗြဟ္မာပြည် ရှိ ဓာတ်တော် မွေတော်တွေ၊ စေတီပုထိုးတွေဖူးရ၊ နတ်ဗြဟ္မာတွေသာသနာ စောင့်ရှောက်ပုံ၊ ကြည်ညိုကြပုံပြောလို့မကုန်နိုင်ဘူး၊ ယုံနိုင်စရာလဲ မရှိ ပါဘူး။

ဘုန်းကြီးဒါတွေကို မပြောတော့ပါဘူး၊ ယောဂီတစ်ရာနီးပါး အားထုတ်ကြတဲ့အထဲ ဆွမ်းချက်တဲ့ ဝေယျာဝစ္စ ဒကာမလေးတွေ အထိ လူတစ်ရာမှာ ၈ ၅ရာခိုင်နှုန်းလောက် ဖူးတွေ့နေရတာ အားလုံးအသိပါပဲ၊

ဒါကြောင့် အဲသြစရာ ကြည်ညိုစရာတွေပြောမယ့်အစား ရတနာမြတ်သုံးပါး အပေါ် ဘယ်တုန်းကမှ မဖြစ်စဖူးမခံစားရဖူးတဲ့ သဒ္ဓါတရားတွေ ဖြစ်ကြရတာကတော့ တန်ဖိုးမဖြတ်နိုင်ပါဘူး။

သဒ္ဓါတရားဟာ အရေးအကြီးဆုံး မဟုတ်ပါလား။ ဒီကနေ့နည်းက သဒ္ဓါနည်းတဲ့လူတွေ၊ လက်တွေ့မှ ယုံတယ်ဆိုတဲ့လူတွေနှင့် အသင့်တော်ဆုံးပါပဲ။

'သမထဆိုတာ သာသနာပတရား၊ သံသရာရှည်တယ်၊ သက်တမ်းတိုတဲ့အခါ ဝိပဿနာဖိလုပ်မှ' ဆိုသူများလည်း စဉ်းစားစရာ ဖြစ်လာပါတယ်။ သမထဉပစာရ သမာဓိ (အပ္ပနာရျာန်နီးပါး)အားကောင်းလာလို့ ဝိပဿနာ ကူးတဲ့အခါ အလွန်အမြင်သန်တယ်၊ ရုပ်နာမ်ဖြစ်ပျက်တွေ ရှင်းရှင်း လင်းလင်း မြင်ရတယ်ဆိုတာ ဒီသမထမလုပ်ဖူးရင် မသိနိုင်ပါဘူး။

ဟိုကလည်းဝိပဿနာ ဒီကလည်းဝိပဿနာဆိုပြီး တစ်နိုင်ငံလုံး ဝိပဿနာဖြစ်နေတော့ သမထအားထုတ်ရမှာ ပထမစိတ်ထဲမှာ ဆန်း သလိုလိုတော့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့–

သမထလို့ ပြောလိုက်တာနှင့် 'ဂိုဏ်းလား,တန်ခိုးတစ်စုံတစ်ရာ ရချင် လို့လား, မှော်ပေါက်ချင်လို့လား' ဆိုပြီး ထင်စရာရှိတယ်။ သမထနှင့် ကင်းကွာခဲ့ကြတာကိုး။ ဘုရားဟောတဲ့ တကယ့်သမထဂုဏ်ကျေးဇူးကို မသိကြတော့ဘူး။

မြေဖင်းတောရဆရာတော်ကြီးနှင့် အနီးကပ်လက်ထပ် ရက် ၆၀ ရှုပွားရတော့မှ 'ယနေ့လူတွေ သမထအပေါ် ထင်မြင်ပြောဆိုနေကြတာ သာသနာအတွက် အန္တရာယ်ကြီးပါလား'ဟု ဘုန်းကြီးသဘောပေါက်သွား ပါတယ်။ သံဝေဂလည်းဖြစ်မိတယ်။ ပြည့်ပြည့်စုံစုံ အားထုတ်ရလို့ စိတ်ထဲမှာ အလွန်ကျေနပ်အားရခြင်းနှင့်အတူ ဝမ်းလဲသာမိတယ်။ ကမ္မဋ္ဌာန်းနှင့်စပ်လို့ စိတ်တွေလည်း ရဲတင်းလာပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒီအခါမှာ ဘုန်းကြီးစိတ်ထဲ ဖျတ်ခနဲပေါ်လာတဲ့ အသိတစ်ခု ပြောရဦးမယ်။ အဲဒါက တခြားမဟုတ်ပါဘူး။ 'အလျင်လို လမ်းအိုလိုက်' ရမယ်ဆိုတဲ့ အသိပါပဲ။

"လမ်းအို, လမ်းဟောင်း, လမ်းရိုးကြီး' ဆိုတာကတော့ ဘုရားရှင် အဆူဆူ ကြွတော်မူတဲ့လမ်း၊ လက်ပံ-လယ်တီ-ကန္နီဆရာတော်များ ပြတော်မူတဲ့လမ်းလို့ ဆိုလိုပါတယ်။ ဒါကြောင့် ဖြတ်လမ်းမလိုက်ကြပါနှင့်။ လမ်းရိုးလမ်းဟောင်းကို စိတ်ချလက်ချ လျှောက်ကြပါလို့ ဘုန်းကြီး ပထမဆုံး ပြောလိုပါတယ်။

## (၂)ဘုန်းကြီးအဖို့ အထူးကုဆေးရုံကြီး

(၂) ဒုတိယအချက်တစ်ချက်အနေနှင့် ဘုန်းကြီးမပြောပဲ မနေနိုင်တဲ့ ဝမ်းသာစရာ အချက်တစ်ခု ရှိနေပါတယ်။ ဒါ ဘုန်းကြီးဘဝမှာ ရောမလာဘ်ကြီး တစ်ခုရလိုက်ခြင်းပါပဲ။

ဒီလာဘ်ကြီးကတော့ တန်ဖိုးမဖြတ်နိုင်တဲ့'အာရောဂျ'လာဘ်ကြီးပါ။ ဘုန်းကြီးဒီတရားစခန်းဝင်တာဟာ ရောဂါပျောက်အောင်ဆိုတဲ့ ရည်ရွယ် ချက် မရှိခဲ့ပါဘူး။ ဒီခန္ဓာဝဋ်နှင့် ဒီသံသရာကမြန်မြန် လွတ်ချင်တဲ့စိတ်နှင့် ဝင်ခဲ့တာပါ။

ဒါပေမယ့် သမထတစ်လအားထုတ်တဲ့အခါ 'သဗ္ဗကာယ ပဋိသံ ဝေဒီ- လုံးစုံလင်းရာ'ဆိုတဲ့ တတိယနည်းရောက်တော့ ပဋိဘာဂနိမိတ်နှင့် ခန္ဓာကိုယ်ကြီးတစ်ခုလုံး မှုန့်မှုန့်ညက်ညက် ကျေပျက်အောင် လှီးရဖြတ်ရ စားပစ်ရတဲ့ နည်းတစ်ခုကိုလည်း လေ့ကျင့်ရပါတယ်။

ဒီနေရာက ရောဂါရှိတဲ့ယောဂီများရောဂါအမြစ်ပြတ်တဲ့နေရာလို့ လက်ထောက်ဆရာတွေက ပညာပေးပါတယ်။ ဘုန်းကြီးလည်း ကြိုးစားပြီး ရှုမှားပါတယ်။ အလွန်အံ့ဩလောက်ပါပေတယ်။ ဘုန်းကြီးအဖို့တော့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မောင်းထောင်မြေဖင်းတောရဆရာတော်ကြီးရဲ့ ဒီရန်ကင်းတောင်တရား စခန်းဟာ ဆီးချိုသွေးချို အမြစ်ပြတ်ကုသပေးတဲ့ အထူးကုဆေးရုံကြီးပါပဲ။

အထူးကုဆိုလို့ ရောဂါတစ်မျိုးတည်းမဟုတ်ပါဘူး။ တခြားယောဂီ တွေလည်း အမျိုးမျိုးသောရောဂါကြီးတွေ ပျောက်တယ်လို့ တရား လျှောက်သံကြားရတော့ ရောဂါမျိုးစုံကုတဲ့ အထူးကုဆေးရုံကြီးလို့ ပြောရမလိုဖြစ်နေပါတယ်။

ဘုန်းကြီး ဒီရောဂါဖြစ်တာ ၃ နှစ်ရှိပါပြီ၊ ဘယ်ဆေးဝါးမှ ပျောက်အောင် ကုသမပေးနိုင်ပါဘူး။ သက်သာရာရရုံ တတ်နိုင်ကြပါတယ်။ အစားအစာလည်း အလွန်ငတ်တဲ့ရောဂါကြီးပါ။သွေးတိုးနှလုံးသွေးကြောပါဒ ဘာမဆို အချိန်မရွေးလက်ယပ် ခေါ်နေတဲ့ ရောဂါကြီးဆိုတော့ ပရိယတ္တိ လည်း ထိထိခိုက်ခိုက်မလုပ်နိုင်၊ ပဋိပတ္တိလည်း လွတ်လွတ်ကျွတ်ကျွတ် မလုပ်နိုင်။ အမြဲတမ်း အားငယ်နေခဲ့ရပြီး ဒီခန္ဓာနှင့်ဒီသံသရာကို ကြောက်တဲ့စိတ်နှင့်လာရာက ခုတော့ဆီးချိုသွေးချို ရောဂါကြီးမရှိတော့ ပါဘူး။ 'အာရောဂျပရမာ လာဘာ'အကောင်းဆုံးလာဘ်ကြီးကို ဘုန်းကြီး ရလိုက်ပါပြီ။

ထွက်လေဝင်လေ ရှုမှတ်နေတာဟာ ရောဂါပျောက်ကြောင်း 'ဗောဇ္ဈင် တရားကောင်း'ကိုပါ ပွားများရာရောက်လို့ ရောဂါပျောက်တယ်ဆိုတာ အားလုံးလက်ခံကြပါတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ မဟာဩသဓ ဘုရားဆေး တော်ကြီးပါ။

'ငါတော့ နေမကောင်းလို့၊ မကျန်းမာလို့ တရားအားမထုတ်နိုင်သေး ဘူး' ဆိုပြီး စိတ်ဓာတ်ကျနေတဲ့ ဝေဒနာရှင်များ မြန်မြန်အားထုတ်ဖြစ်အောင် ထုတ်ကြပါလို့ ဘုန်းကြီးတိုက်တွန်းလိုက်ပါတယ်။

## လယ်တီမှုနှင့် ကန္နီနည်း

(၃) နိဂုံးပိုင်းအနေနှင့် ဘုန်းကြီးပိုပြီး ဝမ်းမြောက်ရတဲ့ တတိယ အချက်ကို ပြောပါရစေ။ သည်းခံပြီး နားထောင်ကြပါ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အမှန်ပြောရရင် ဘုန်းကြီး သေရာပါမယ့်ရောဂါကြီး ပျောက်တာ ထက်တောင် ဝမ်းသာစရာကောင်းတဲ့ နောက်ထပ်ဓမ္မလာဘ်ကြီးတစ်ခုရတာ ပြောပါရစေ။ ဘုန်းကြီးကြက်သီးထအောင် ဝမ်းသာပီတိဖြစ်ရပါတယ်။

အဲဒါကတော့ စပြီး သမထထူထောင်တဲ့အခါ 'သတိမြဲရာ ပဌမာ'က စပြီး ထွက်လေဝင်လေ ထိတိုင်းလဲ သိရတဲ့'ဖုသနာ'နည်း၊ ထွက်ဝင်ထိသိ တစ်စုံပြီးတိုင်း 'တစ်'ဆိုပြီး 'ဂဏနာ'နည်း။

၁၀ ရက်လောက်ရတော့ 'ဒုမှာ ရှည်တိုသိ' ဒုတိယသင်ခန်းစာ၊

နောက် 'လုံးစုံလင်းရာ တ–ဥ္သာ' တတိယသင်ခန်းစာ၊

'စ–မှာ ငြိမ်းစေဘိ' စတုတ္ထသင်ခန်းစာ၊ အဆင့်ဆင့်တိုးတိုးပြီး ရှုပွားရတဲ့အခါ လူ့ပြည်နတ်ပြည်ဗြဟ္မာပြည်က ဘုရားစေတီတွေ၊ ဓာတ် တော်မွေတော်တွေ ဖူးကြည့်ရတာလည်း ကိုယ့်မျက်စိကိုယ်မယုံနိုင်အောင် အံ့သြစရာတွေပါ။

ဒါထက် ပိုပြီးအံ့သြရတာကတော့ ဒီသမထ ၄ ဆင့်လုံးမှာ မြေဇင်းတောရဆရာတော်ကြီးက အားပေးစကားများ ဟောကြားရင်း 'သတိမြဲရာပဌမာ' စသော ဆောင်ပုဒ်ကလေးများကိုရွတ်ကာ ရွတ်ကာ ရှုပွားနည်းကို အသေးစိတ်ရှင်းပြတော်မူပါတယ်။

ဒီသမထလေးနည်းရှုပွားပုံ ငယ်နိုင်ဆောင်ပုဒ်များကို လယ်တီဆရာ တော်ဘုရားကြီးရဲ့ အာနာပါနဒီပနီ ဖတ်စဉ်ကပင် နှုတ်တက်ရနေပါတယ်။ ကန္နီဆရာတော်ကြီးဆောင်ပုဒ်ကလည်း ခပ်ဆင်ဆင်တူညီနေပါတယ်။

ရှုပွားရင်းနှင့် ဘုန်းကြီးစိတ်ထဲမှာ ပေါ်လာတာကတော့–

'ဩော် ဒီယနေ့ပြောနေကြတဲ့ ကန္နီနည်းဆိုတာ လယ်တီနည်းပါ ကလား၊ အာနာပါနဒီပနီလာ လယ်တီနည်းဆိုတာလည်း အခု ငါရှုပွားနေတဲ့ ကန္နီနည်းပါကလား'လို့ သဘောပေါက်သွားပါတယ်။

တရားစခန်းပြီးလို့ မောင်းထောင်မြေဇင်းတောရဆရာတော်ကြီးရဲ့ 'ဒဿနပါရဂူကျမ်း' ကို ဖတ်ရတော့မှ ဘုန်းကြီးသဘောပေါက်နေတာ အမှန်ပါ ပဲ ကလားလို့ ရဲရဲကြီးပြောနိုင်သွားတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘာလို့လဲဆိုတော့ ဟိုဘုတလင်မြို့ရဲ့ မြောက်ဘက် ရှစ်မိုင်၊ လယ်တီဆရာတော်ဘုရားကြီးဇာတိ စိုင်ပြင်ရွာကြီးရဲ့ တောင်ဘက် ၂ မိုင်မှာရှိတဲ့ အုတ်ဖိုလက်ပံတောရဆရာတော်ကြီး ဦးအာဒိစ္စထံမှာ ဒီနေ့ကန္တီနည်းခေါ်တဲ့ ဒီအာနာပါနရှုပွားနည်းကို ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး အားထုတ်ခဲ့တယ်ဆိုတာ သိရလို့ပါပဲ ။ ဆရာတော်သီတင်းသုံးတဲ့ ကျောက်ဂူပုံလဲ ဒသာနပါရဂူစာအုပ်မှာ ဖော်ပြထားပါတယ်။

ဘုန်းကြီးက ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး တည်ထောင်သွားတဲ့ မုံရွာလယ်တီတိုက်က စာချဘုန်းကြီးတစ်ပါး ၊ ဆရာတော်ကြီးမြေးမြစ်တွေပေါ့ဗျာ။ ဒါပေမယ့် ကိုယ့်မိဘဘိုးဘွား အမွေကိုတော့ ခုမှ ခံစားရတာပါ။

ဒီမှာ တရားရှုပွားရတဲ့ ယောဂီချင်းအတူတူ တရားရတာ သိတာချင်း တူချင်တူပေမယ့် ဝမ်းသာကြည်နူးရတာကတော့ ကျန်တဲ့ပုဂ္ဂိုလ်များ ဘုန်းကြီးကို ဘယ်သူမှ မီမယ်မဟုတ်ပါဘူး။ မိဘဘိုးဘွား အမွေကိုပါ ရလိုက်လို့ပါ။

## တကယ့်လယ်တီမှုလယ်တီနည်း

ဒီနေရာမှာ မလွှဲမရှောင်တာ စဉ်းစားဝေဖန်စရာတစ်ခု ရှိပါတယ်။ အခြား ပုဂ္ဂိုလ်တွေကို ရှုတ်ချလိုတဲ့ စိတ်နှင့်ပြောတာ မဟုတ်ပါဘူး။

ဘာလဲဆိုတော့ ယခုအခါ ပြည်တွင်းပြည်ပမှာ 'လယ်တီနည်း၊ လယ် တီမှု' ဆိုပြီး ပြနေကြတဲ့ တရားစခန်းတွေ တော်တော်များများ ရှိကြပါတယ်။ ဘုန်းကြီးတို့ လယ်တီသားမြေးတွေက ပိုပြီးတော့တောင်မှ ဝမ်းသာနေခဲ့ရတာပါ။ ကိုယ်ကမှ မစွမ်းတာ၊ သူတို့ပြနေကြလို့ 'လယ်တီ'ဆိုတဲ့ အသံကြားနေရသေးတာ မဟုတ်လား။

ဒါပေမယ့် ဒီအာနပါနကိုပဲ လယ်တီနည်း လယ်တီမှုဆိုပြီး ပြသနေကြသော်လည်း သမထကို ၄-၅ ရက်ပဲ ပြကြတယ်ထင်ပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**မိးမထွန်းရပဲ ညအခါ စာရေးနိုင်ခြင်း**

'လယ်တီဆရာတော်ကြီးကား နောက်ကာလတွင် မီးကို ပင်မထွန်းညှိရတော့ပဲ မျက်လုံးတော်အစုံမှ ထွက်ပေါ်လာသည့် အလင်းရောင်ဖြင့်ပင် ညအခါစာရေးကြောင်း(မန္တလေးမြို့၊ ပလိုင်းရပ်၊ စက်ဆရာဦးဘထွန်းဆိုသူ ဆရာတော့်ထံ၌ သာမဏေဘဝဖြင့် နေရစဉ် မြင်တွေ့ခဲ့ရသည်ဟု)ဆရာစန္ဒြက (ဓမ္မာစရိယဦးဋ္ဌေးလှိုင်အား) တစ်ဆင့်ပြောပြဖူး၏။'

ဆရာစန္ဒြ၊ (ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ စာ–၄၆၃။)

ခု ဘုန်းကြီးတို့ မြေဇင်းယောဂီတွေရသလို ဟန်ကုန်အောင် ဌာန်ကုန်အောင် ပြတဲ့ဌာန၊ ပြတဲ့ဆရာရယ်လို့ ဘုန်းကြီးတော့ မကြားမိသေးဘူး။

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ' သတိမြဲရာ ပဋ္ဌမာ' စသည်ဖြင့် ပေးသွားတဲ့နည်းကိုလည်း ဟန်ကုန်အောင်, ဌာန်ကုန်အောင် ဟတ္ထမုဒ္ဒ–လယ်ဆုပ်လက်ကိုင်ရတဲ့လူလည်း ရှိမှရှိပါသေးရဲ့လား မဆို နိုင်ဘူး။ မြေဇင်းဆရာတော်ကြီး ညည်းသလို ဒီနည်းတွေပျောက်သွားမှာ နှမြောစရာကြီးပါ။

'အာနာပါန ဒီပနီ'ရေးတဲ့အချိန်ခါကလည်း လူထဲရောက်အောင် ထွန်းကားသေးတဲ့ခေတ် မဟုတ်လေတော့ ဆရာတော်သို့စေချင်၊ ရစေချင်တဲ့ အတိုင်း သိမယ့်၊ရမယ့်ပုဂ္ဂိုလ်အရေအတွက်လည်း အတော့်ကိုနည်းဦးမှာလို့ ယူဆရပါတယ်။

အထူးသဖြင့် 'လုံးစုံလင်းရာ တ–၌သာ'သမထ တတိယသင်ခန်းစာ အရ၊ ပဋိဘာဂအလင်းနိမိတ်ဖြင့် မြေ–ရေ–လေထု စကြဝဠာတစ်ခုလုံး ထွင်းဖောက်လင်းချင်းသွားပြီး ခန္ဓာကိုယ်တခုလုံးလဲ ဖန်တုံးမှန်တုံးကြီးလို လင်းချင်းသွားအောင် ရှုပွားတာ မကြားဖူးဘူး။ ခု ဒီကန္နီနည်း မြေဇင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာတော်ကြီးပြမှပဲ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ဆိုလိုရင်း (အာဘော်)ကို ရှင်းရှင်းကြီး တွေ့ရတော့တာပါပဲ ။

ဘုန်းကြီးတို့လို 'လယ်တီမှု၊ လယ်တီနည်း'ကို မြတ်နိုးသူတိုင်း (တကယ့်လယ်တီမှု၊ လယ်တီနည်း) ရစေသိစေချင်ပါတယ်။

ယောဂီတစ်ရာခန့် လာရောက်အားထုတ်ကြတဲ့ ဒီရက် ၆၀ တရားစခန်းကတော့ လယ်တီမှုနှင့် ကန္နီနည်း အသီးအခြားစိ ထင်ခဲ့ကြပေမယ့် 'ကန္နီနည်းဆိုတာ လယ်တီမှုပါပဲ လား'လို့ အသိဉာဏ်ပွင့်လင်းမှု'လာဘာနုတ္တ ရိယ–ဓမ္မရလဒ်ကြီး'ဟာ ဘုန်းကြီးတို့ လယ်တီတပည့် သားမြေးတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာ ရွှေထုပ်ကြီးပါ။

'သမထ'တစ်လ ထူထောင်ထားတဲ့ အတွက် ဝိပဿနာရှုပွားရာမှာလည်း အလွန်အမြင့်သန့်ရှင်းလင်းခဲ့ရပါတယ်။ ဒီတော့ ရှေ့လျှောက်ပြီး ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ အမျိုးမျိုးသောဒီပနီဝိပဿနာ တရားဆိတွေကို ဝအိအောင်ခံစားသုံးဆောင်ရတော့မယ်ဆိုပြီး ဝမ်းမြောက်လို့ မဆုံးနိုင်ပါ။ လယ်တီမှုနှင့်ကန္နီနည်း တစ်ခါတည်းတူးရုံနှင့် ရွှေအိုးကြီး နှစ်လုံး ရလိုက်သလိုပါပဲ။သက်တော်ရှည် မြေဇင်းဆရာတော်ကြီးရဲ့ ကျေးဇူး၊ ဆွမ်းဒကာ, ကျောင်းဒကာတို့ရဲ့ ကျေးဇူးအလွန်ကြီးလှပါကြောင်း ပြောဆိုရင်း ဘုန်းကြီး၏ ဓမ္မရသစာတမ်းကို နိဂုံးချုပ်ပါတယ်။

O နိုင်ငံခပ်သိမ်း၊ တရားကိန်း၊ အေးငြိမ်းကြပါစေ။



**အရှင်နန္ဒဝံသ (စာချကထိက)**

ရတနာရွှေစည်ကျောင်း၊

မဟာလယ်တီတိုက်၊ မုံရွာမြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခံစားချက်



## သေမင်းကို အန်တုနိုင်ပါပြီ

**အပွမာဒေါ အမတံ ပဒံ-
သေခြင်းကင်းရာ နိဗ္ဗာန်ရောက်ဖို့
အဓိကအကြောင်းကတော့ သတိပါပဲ။**

ဦးပဥ္ဇင်း မန္တလေးကျောင်းဒကာဦးမောင်မောင်ဖြေ–ဒေါ်အေးရှိတို့ တိုက်ရောက်တော့ ဆရာကြီး ဓမ္မာစရိယဦးဒွေးလှိုင်နှင့်ယောဂီများ ချမ်းသာရ ဓမ္မာရုံမှာ ဟောတဲ့တရားခွေကို ကျောင်းဒကာမိသားစုနှင့်အတူနားထောင် ရကတည်းက ကန္တိနည်းအာနာပါနကို သိပ်ပြီးစိတ်ဝင်စားမိပါတယ်။

မကြာခင်ပဲ ကျောင်းဒကာသားကိုမင်းမင်းနှင့်အတူ မုံရွာဘုတလင် မောင်းထောင်သွားပြီး မြေဇင်းတောရဆရာတော်ဘုရားကြီးထံ တရားအား ထုတ်ဖြစ်ပါတယ်။ နှစ်လကြာပါတယ်။ မြေဇင်းတောရမှာ တစ်ယောက်နေ ကျောင်းဆောင် ၃၀ ကျော်ရှိပြီး ဦးပဥ္ဇင်းနေရမယ့်ကျောင်းကလေး ဝင်လျှင်ဝင်ချင်း ကျောင်းနံရံမှာ ရေးထားတဲ့စာတမ်းတစ်ခုက ဆီးကြို အားပေးနေတာ တွေ့လိုက်ရပါတယ်။

**'မောင်းထောင် မြေဇင်းမှာ သေမင်းကိုအန်တုနိုင်ပါစေ'** တဲ့။

ဒီဗွေဆော်ဦး နှုတ်ခွန်းဆက်စာတမ်းကလေးက ဦးနှောက်ခွဲစိတ် ကုသခံပြီးစ ဦးပဥ္ဇင်းအတွက် တကယ့်အားဆေးပါပဲ။ 'သေမင်းကို တကယ် အန်တုနိုင်တော့မယ်လို့' စိတ်ချသွားတယ်။ ဆရာတော်ကြီးထံ နေ့စဉ်တရားစစ် ခံတဲ့အခါ ဆရာတော်ကြီးရဲ့မေတ္တာ၊ ဆရာတော်ပြသပေးတဲ့ လွယ်ကူသက်သာလှတဲ့ နည်းများကြောင့် သမထရော ဝိပဿနာပါ ဆရာတော်ဘုရားကြီး ကျေနပ်အောင်အားထုတ်နိုင်ခဲ့ကြပါတယ်။ သေမင်း ကို အန်တုနိုင်ရုံမျှမက 'ငါတို့တော့ လူဖြစ်ရကျိုးနပ်ပြီ'ဟု လက်ခမောင်း ခတ်လောက်အောင် ဓမ္မစွမ်းရည်တွေ သတ္တိတွေ ထွက်ပေါ် လာကြပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝိပဿနာပိုင်းရောက်တော့ ဝိပဿနာရှုပွားရတဲ့အကျိုးကို လက်တွေ့ လင်္ကာကလေးချပေးပါတယ်။

'ညည်းညူမရှိ၊ သတိမမေ့
ချိန်နေ့သိပြန်၊ မျက်လှန်ကြောဆွဲ၊
မရှိဘဲနှင့်၊ သေလဲ မတောင့်တင်း၊
ပုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာ
တန်ခိုးတည်း။'

နောက်တော့ မြေဖင်းမှာ နှစ် ၃၀ ကျော် တရားပြလာရာ အံ့ဩဖွယ် ရောဂါကြီးများပျောက်ကင်းသူ၊သေမင်းကို အန်တုနိုင်သူတွေ အများကြီးရှိနေ ပြီဆိုတာ သိရတော့ ပိုပြီး အားတက်လာပါတယ်။

ခု ဦးပဥ္စင်း (ပုသိမ်ကြီး)ရန်ကင်းတောင်မှာ ဒုတိယအကြိမ် တရားထပ်ဝင်တာပါ။ ဆရာတော်ကြီးရဲ့သာသနာပြုလုပ်ငန်းမှာ လိုတဲ့ ကဏ္ဍက ပံ့ပိုးသွားဖို့ပါ။

ဦးစန္ဒာသီရိ(ရွှေဘို)
ဒေဝိန္ဒာရာမတိုက်၊ နမောရွာ၊ ရွှေဘို။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



မြေဇင်းတောရဆရာတော်ဘုရားကြီး
ယောဂီများအား တရားဟောနေစဉ်။

# စက္ခုံ ဥဒပါဒိ
## မျက်စိအထူးကု ဆေးရုံကြီး

ဦးပဍ္ဍင်း ယခင်ကတည်းက တရားထိုင်၊ တရားပြနေတာပါ။ ဒီမှာက ဆရာတော်ကြီးရဲ့ မေတ္တာနှင့်ဦးပဍ္ဍင်းတို့ရဲ့ ယုံကြည်အားကိုးမှုကြောင့် 'အရဟံ'ကတည်းက အလွန်ရှုမှတ်လို့ကောင်းပါတယ်။

ဒီလောက်နေပူတဲ့ကြားက ထူးထူးခြားခြား ခံစားရပါတယ်။ အရဟံဖြင့် ဘုရားကျေးဇူးဂုဏ်တွေ၊ မေတ္တာဖြင့် သတ္တဝါတိုင်းအပေါ် ချစ်ခင်သနား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စိတ်တွေ၊ မရဏာသတိဖြင့် အချိန်မရွေး သေနိုင်ပုံနှင့် စက်ဆုပ်ဖွယ်ရာ အခိုင် အမာအနှစ်သာရကင်းမဲ့ပုံတွေ လေးလေးပင်ပင် ခံစားရပါတယ်။

အာနာပါနရောက်တော့ ပဋိဘာဂနိမိတ်နှင့်မြေထု၊ ရေထု၊ လေထု မကျန် တစ်လောကလုံးကို မြင်ချင်တာ မြင်ရတွေ့ရဖူးရတော့ အံ့သြစရာတွေ ပြောလို့မကုန်ပါဘူး။ သမထကျေးဇူး သိရပါပြီ။

ဝိပဿနာရောက်လို့ စစချင်းရုပ်သပ်သပ်၊ နာမ်သက်သက် ရှုမှတ်တဲ့ အချိန်ကစပြီး အင်မတန်မှ ရှင်းလင်းပြတ်သားပါတယ်။ ငါ၊ ငါ့ဟာ၊ ငါ့ ဥစ္စာ၊ ငါ၊သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ-သက္ကာယဒိဋ္ဌိတိမ်သလာတွေ တညာဏ်ပြီးတစ်ညာဏ် တလွှာပြီးတစ်လွှာခွာချပေးပြီး ဓမ္မစက္ခု '**ဝိဇ္ဇာ မျက်ကြည်လွှာ**' ထည့်ပေးလိုက်သလိုပါဘဲ။

ဦးပဥ္စင်းအဖို့တော့ ဒီရန်ကင်းအေးငြိမ်းရိပ်သာကြီးဟာ မျက်စိအထူး ကု ဆေးရုံကြီးပါ။ မြေဇင်းတောရဆရာတော်ကြီးကတော့ 'ဒဿန ပါရဂူ' ညာဏ်မျက်စိအမြင်ပေါက်အောင် ပါရဂူမြောက်တဲ့ မျက်စိအထူးကု သမား တော်ကြီးပါ။

ဆရာကြီးဦးငွေလှိုင်နှင့် ဆရာကိုဆွေဦးသန်းအောင်စသူတွေကတော့ လက်ထောက်ပါရဂူနှင့် သူနာပြုတွေ ဆိုရမှာပါ။ ကျေးဇူးကြီးလှပါတယ်။ ဒီနည်းကို ပြပေးသွားတော့မယ်။

'စက္ခုံ ဥဒပါဒိ၊ ညာဏံ ဥဒပါဒိ'

ဓမ္မစကြာပါဠိရွတ်ဆိုကာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကို ကန်တော့ လိုက်ပါတယ် ဘုရား။



ဦးဓမ္မဝံသ(ကမ္မဋ္ဌာနာစရိယ)
အောင်မင်္ဂလာကျောင်း၊ ဘိုးတော်တောရွာ၊
ရွှေဘိုမြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ဘာနှင့်မှ မလဲနိုင်တဲ့
# ဓမ္မ စည်းစိမ်ချမ်းသာကြီး

'သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ'
'ပျော်ရွှင်ကြည်နူးစရာ အားလုံးတို့တွင်တရားဖြင့်ပျော်ရွှင်ကြည်နူး
ရခြင်းသည် အကောင်းဆုံး'(ဓမ္မပဒ)

ရက် ၆၀ တရားစခန်းမှာ တစ်နေ့တစ်မျိုး သမထ,ဝိပဿနာ အရသာတွေက ပြောလို့မကုန်နိုင်ပါဘူး။ ပဋိ ဘာဂ နိမိတ်, သမထအကျိုး ကျေးဇူးဟာ ဝိပဿနာရောက်မှ ပိုပြီးကျေးဇူးများမှန်း သိကြရပါတယ်။ ဖြစ်ပျက်အမြင်သန်တယ်။

ဦးပဥ္စင်းအထူးပြောချင်တာကတော့ 'ပဿမ္ဘယံ ကာယသင်္ခါရံ- ငြိမ်း စေ့မယ်'ဆိုတဲ့ သမထစခန်းသိမ်း စတုတ္ထလေ့ကျင့်ခန်းပါ။ အင်မတန်မှ ချမ်းသာတဲ့ ပျော်စရာကောင်းတဲ့ ဓမ္မစည်းစိမ်ချမ်းသာကြီးပါ။

တငြိမ့်ငြိမ့်တသိမ့်သိမ့်နှင့် ခန္ဓာကိုယ်ကြီး လေထဲမှာတည်ရှိနေသလို အအေးလှိုင်းတွေ ပတ်ချာဝိုင်းပြီး ဖြန့်ကျက်ထားသလို ငြိမ်းပြီးတော့ အင်မတန် ချမ်းသာလှပါတယ်။ သိပ္ပံနည်းနှင့် ဖန်တီးပြုလုပ်ပေးလို့ မရနိုင်ပါ။

'အမာနုသီ ရတိ-လူပြည်နတ်ပြည်မှာ မရနိုင်တဲ့ မခံစားဖူးသေးတဲ့ ချမ်းသာပျော်ရွှင်မှုကြီးပါ။ လူတိုင်းခံစားစေချင်ပါတယ်။' ဒီကမှ အဘိညာဉ် သမာပတ်တွေကို သွားချင်ရင်သွားရမှာပါလားလို့ သဘောပေါက်သွား

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပါတယ်။ မြေဇင်းတောရဆရာတော်ကြီး ဘာမှအထူးအမိန့်မရှိပေမယ့် စာသင်ဖူးသူတိုင်း အဲသလို သဘောပေါက်ပြီး ဒီကနေ့နည်းကို လက်ထပ်ရလို့ ကျေးဇူးတင် ဝမ်းသာမဆုံးကြပါဘုရား။

**ဦးကောမလ**

ဥယျာဉ်စာသင်တိုက်၊ ရန်ကင်းတောင်။



ဆရာတော်ဘုရားကြီးထံမှ
တရားစစ်ဆေးခံ ပြန်လာသော
ယောဂီ ရဟန်းတော်များ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ရန်ကင်းတောင်ခြေမှ ကမ္ဘာငြိမ်းချမ်းရေး သင်္ကေတများ

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက် (၉-၄-၂၀၀၃)။

ဤနေ့ရက်ကား ဦးပဍ္ဍင်းဘဝမှာ အထူးမှတ်တမ်းတင်ရမည့်နေ့ တစ်ရက် ဖြစ်ပါသည်။ ရန်ကင်းတောင်ခြေ၌ နှစ်လအတွင်း လူတစ်ရာခန့် တရားထိုင်လို့ရသော တိုက်ခန်းများစွာ သိကြားဝိသကြုံ ဖန် ဆင်းသကဲ့သို့ ဘွားခနဲ ပေါ်ပေါက်လာပြီး ယောဂီ ၁၀၀ နီးပါး စတင်တရားဝင်သောနေ့ ဖြစ်ပါသည်။

ပွဲဦးထွက်အခဲ့ဖွယ်ကောင်းသည်မှာ မြေဇင်းတောရဆရာတော် ဘုရားကြီး တရားစ,မေးသောနေ့ အလွန်ပူပြင်းခြောက်သွေ့ပြီး နွေ ခေါင်ခေါင် နေပူကျဲကျဲကြီးမှာ ရုတ်တရက် မိုးတိမ်များဆင်ကာ မိုးရွာသွန်း ချလိုက်ပါသည်။ ရန်ကင်းတောင်အေးငြိမ်းရိပ်သာတစ်ခုလုံး အေးငြိမ်း သွားပါသည်။ 'သိကြားမင်းကြီးကတောင် ကောင်းချီးပေးလျက် ထောက်ခံ နေပါပကော'ဟု ပီတိသောမနဿဖြစ်ကာ အားမထုတ်ရခင်ကတည်းက သဒ္ဓါအားသွေ တက်ခဲ့ရပါသည်။

'ဆောင်းဆောင်း၊ နွေနွေ တရားအပ်တဲ့နေ့တိုင်း မိုးရွာတာဟာ ထုံးစံ'ဟု ယောဂီဟောင်းများ၏ စကားကို ကြားရပြန်သောအခါ ပိုပြီး သဒ္ဓါတက်ကာ ကြိုးစားအားထုတ်ဖြစ်ပါသည်။

ဆရာတော်ကြီး၏မေတ္တာခွန်အားနှင့် တရားတော်၏ အစိမ္မေယျ တန်ခိုးတော်ကိုလည်း ပိုပြီးအားကိုးယုံကြည်သွားပါတော့သည်။ အားထုတ်၍ လည်း ကောင်းလှပါသည်။

လူတိုင်းမလုပ်တတ်မရှိအောင် ညွှန်ပြဟောပြောကာ နည်းကလည်း လွယ်ကူလှသဖြင့် နေပူတာကိုပင် သတိမရတော့ဘဲ ကြိုးစားရှုမှတ်ကြရာ 'ပန်းတိုင်းပွင့်၍၊ ပွင့်သောပန်းတိုင်းမွှေးကြသည်' ဆိုရလောက်အောင်

လူ ၁၀၀ နီးပါးအားလုံးလိုလို သမထရော ဝိပဿနာပါ အောင်မြင်ပေါက်ရောက်ကြသည်မှာ ထူးခြားလှပါသည်။

ပိုပြီး အံ့ဩရသည်မှာ ၁၃၆၅ ခု၊ နယုန်လဆန်း ၈ ရက်(၇-၆-၂၀၀၃) ရက် ၆၀ တရားစခန်းသိမ်းအောင်ပွဲလုပ်ခါနီးတွင် ဆရာတော်စံကျောင်းတိုက်အနီး၌ မြွေနှင့်ဖား ကစားကလူ ကျီဆယ်နေကြခြင်းပင်ဖြစ်ပါသည်။ ဖားကမြွေကို ခုန်ဆွခုန်ဆွ သွားပုတ်လိုက်၊ မြွေကပေါက်၍နောက်ဆုတ်ခုန်ပြေးလိုက် လုပ်နေသည်ကို ယောဂီစောင့်ရှောက်ရေးအဘပုနှင့်ယောဂီများကြည့်ပြီး သဘောကျနေကြပါသည်။

ဦးပဋ္ဌင်းကတော့ ဝေဿန္တရာမင်းကြီး၏ ကျောင်းသခ်ႋန်းအနီးတစ်ယူဇနာ(၈မိုင်)အတွင်း သမင်နှင့်ကျား၊ မြွေနှင့်ဖားစသော ကမ္ဘာရန်သူကြီးများပင် မင်းကြီးမေတ္တာကြောင့် အေးငြိမ်းချမ်းသာရကြသည်ဆိုခြင်းကိုသွားပြီး သတိရနေပါသည်။

ထို့ထက်ပိုပြီး အံ့ဩဖွယ်ကောင်းသော ဖြစ်ရပ်တစ်ခု (အတိတ်နိမိတ်ဟု ပြောလို့ရမလားမသိ) စခန်းသိမ်းမည့်ရက်တွင် ဖြစ်ပေါ်ခဲ့ပြန်ပါသည်။ ၎င်းမှာ-

ဓမ္မာရုံကြီးအရှေ့ဘက်တွင် မြွေနှင့် ကင်းမလက်မဲတို့၏ ရန်ပွဲကြီးဖြစ်ပါသည်။ မြွေကို ကင်းမလက်မဲက အမြီးဖြင့် ထိုးစိုက်ထား၍မလှုပ်မယှက်နိုင် ဖြစ်နေရှာသည်ကို ယောဂီများက ရန်ပွဲကြီးအေးငြိမ်းအောင်ဖျဉ်ပေးလိုက်ကြပါသည်။

စခန်းသိမ်းအောင်ပွဲတွင် ဆရာတော် ကြီးက ထူးထူးခြားခြားမေတ္တာပို့ လက်ဘွေချပေး၍ မိုးကလည်း တဖွဲဖွဲရွာ နေပါသည်။ ကမ္ဘာသူကမ္ဘာသား များအတွက် ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေသတည်း။

**ဦးကိတ္တိမာ**

နမောရွာ၊ ရွှေဘိုမြို့။



## ထူးခြားသောအသွင်ကိုဆောင်သော မြွေနှင့်ကင်း

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေ၌ ကမ္ဘိနည်း ဥပနိဿယအတိုင်း မြေဇင်းတောရဆရာတော်ဘုရားကြီးက ရန်ကင်းအေး ငြိမ်းရိပ်သာ(နွှစ်လ) တရားစခန်းကို ၂၀၀၃ခုနှစ်၊ ဧပြီလက ဖွင့်လှစ်ခဲ့ရာ တရားစခန်းပိတ်ခါနီး တစ်ပတ်ခန့်အလို ၁. ၆. ၂၀၀၃ ရက်နေ့ နံနက် ၇နာရီခွဲမှ ၈နာရီခွဲအတွင်း ယောဂီများ စင်္ကြံလျှောက်သည့်နေရာတွင် မြွေနှင့်ကင်း အချင်းဖြစ်ပွားခဲ့ကြသည်။

အစတွင် မြွေနှင့် ကင်းသူတစ်ပြန် ကိုယ်တစ်ပြန် အပြန်အလှန် ထွေးလုံးရစ်ပတ် တိုက်ခိုက်နေကြသေးသည်။ နောက်ဆုံးတွင် ကင်းမြီးကောက်ကအမြီးဖြင့် ထိုးနေသည်ကို ပန်းဖြင့် ပေါက်သည့်အလား ကင်းမလက်မည်းကြီး၏ ရန်ပြုမှုကိုငြိမ်သက်စွာ ခံယူနေသည့် မြွေကို အံ့ဩဖွယ် တွေ့ရှိကြရသည်။

ကြာလျှင် မြွေသေဆုံးသွားနိုင်သဖြင့် ယောဂီများကကင်းမလက်မည်းကို တုတ်ဖြင့်ကော်ထုတ်ယူပြီး တစ်နေရာသို့ ရွှေ့ပေးလိုက်ရသည်။

ရွှေယောဂီ

| ပြည်မြန်မာဂျာနယ် ၃၁. ၇. ၂၀၀၃မှ - |
|---|

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ကံထူးသူ လူနည်းစုအတွက် သဲကန္တာရထဲက အိုအေစစ်

ဦးပဥ္စင်းအလွန်ကံကောင်းလို့ ဒီမြေဇင်းတောရဆရာတော်ကြီးနှင့် ဆုံစည်းပြီး ဓမ္မအမွေခံရတယ်လို့ ယူဆပါတယ်။

သမထ– ပဋိဘာဂနိမိတ်– သမာဓိစွမ်းအားကြောင့် မမြင်ဘူးတာတွေမြင်ရဖူးရ တော့ ရတနာသုံးပါး၊ အပေါ်သက်ဝင်ယုံကြည်တဲ့ ကြည်ညိုမှု သဒ္ဓါတရားတွေ၊ ဝိပဿနာရောက်တော့ ရုပ်နာမ်ဖြစ်ပျက်မြင်ရှုရတဲ့ ဉာဏ်ပညာအထူးတွေ ဒီရက် ၆ဝနှင့်မကတန်အောင် ရကြတာမို့ ဆရာတော်ကြီးမိန့်သလို ဒဿနာနုတ္တရိယ, (အမြတ်ဆုံး အကောင်းဆုံးဖူးတွေ့ရ)၊ လာဘာနုတ္တရိယ, အကောင်းဆုံးဆုလာဘ်ကြီးရကြတာပါ။

သမထ, ဝိပဿနာ ဆန်းကြယ်လေးနက်တာတွေထားလို့ ဦးပဥ္စင်းတော့ ပုဗ္ဗကိစ္စ–ပရိကံ–အခြေခံကတည်းက အားရကျေနပ်လို့ မပြီးပါဘူး၊ သမထ, ဝိပဿနာမသွားခင်–

| | | |
|---|---|---|
| (၁) | အရဟံ–ဗုဒ္ဓါနုဿတိ | (၃)ရက် ၊ |
| (၂) | မေတ္တာဘာဝနာ | (၁)ရက် ၊ |
| (၃) | မရဏာဿတိ–အသုဘ | (၁)ရက် ။ |

(၁) ဒီအခြေခံတွေရဲ့ တန်ဖိုးကိုက ပြောလို့မကုန်ပါဘူး၊ ဗုဒ္ဓါနုဿတိမှာဆိုရင် မကောင်းတဲ့စိတ်ကူးအကြံတွေတောင် မပေါ်တော့ဘဲ၊ အပူအပင်ကင်း၊ စိတ်တွေငြိမ်းအေးပြီး 'ဘုရားရှင်နှင့်အတူ နေရသလို' ခံစားရပါတယ်။

○ ဗုဒ္ဓဂယာ၊ ပွားသူမှာ၊ ခန္ဓာ စေတီထိုက်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာတော်ကြီးမိန့်တာလဲ နားထဲက မထွက်ပါ။ သီလအပါအဝင် ဒီပုဗ္ဗကိစ္စသုံးပါးဟာ မင်းပွဲသဘင်မဝင်ခင် ရေမိုးချိုးဖြီးလိမ်းပြင်ဆင် ဝတ်စားရသလို၊ တစ်သံသရာလုံးက ချိုးကပ်နေတဲ့ (ကိလေသာ) ကြေးညှော်တွေ အလျှင်ချွတ်ပေးနေရတာပါလားလို့ သဘောပေါက်သွားပါတယ်။ ဗုဒ္ဓဘာသာဝင်ဆိုသူတိုင်း ဗုဒ္ဓါနုဿတိလောက်ကိုတော့ ခုလို ဇောက်ကျအံကျခံစားရရှိ စေချင်လိုက်တာ။

(၂) မေတ္တာရောက်တော့ တမျိုးအရသာ ရှိပါတယ်။ နွေခေါင်ခေါင် နေပူထဲ ဖုန်တထောင်းထောင်း ချွေးသံတရွှဲရွှဲနှင့် မောပန်းလာတဲ့ လူတွေကို ရေအေးအေးကလေး တိုက်ပေးနေရသလို၊ ကိုယ့်ကိုယ်ကိုယ်လဲ လူတိုင်း သတ္တဝါတိုင်းကို အပူ၊ အမော၊ အဆာပြေစေတဲ့ ရေချမ်းစင်ကြီးလို၊

မြေဖင်းတောရ ဆရာတော်ကြီးကတော့ ပူပြင်းခြောက်သွေ့လှတဲ့ သဲကန္တာရကြီးထဲက ရှားရှားပါးပါး အလွန်ကံကောင်းတဲ့ လူနည်းစုသာ တွေ့ကြုံရတဲ့ OASIS အိုအေစစ်ခေါ်တဲ့ ပန်းဂနိုင်နှင့် စမ်းအိုင် ကလေးပါကလား၊ မေတ္တာအရသာခံစားရင်း တင်စားမိပါတယ်။

(၃) မရဏာနုဿတိကျတော့ တစ်နေ့ကုန် ကိုယ့်မသာ ကိုယ်ထိုင်ကြည့် နေရသလို တွယ်တာတပ်မက်စရာ ဘာမှုမရှိ၊ အခွင့်သာတုန်း အလွတ်ရုန်းမှ ဆိုတဲ့အသိနှင့် နေပူပူမိုးရွာရွာ ဘယ်ဝေဒနာရောဂါတွေပဲဖြစ်ဖြစ် ခံနိုင်ရည် အားတွေတိုးမြင့်လာတာ အမှန်ပါ။

'သေတယ်'ဆိုတာ အကုန်ပစ်ထားခဲ့ရတာဘဲ မဟုတ်ပါလား။ ဒီအခြေခံ အားတွေက တစ်ဖုံ၊ တန်ခူးကဆုန် ဆွေ့ဆွေ့ခုန်၊ ဦးပဥ္စင်းတို့ လူငယ်တွေတောင် နေပူဒဏ်ကိုလှိမ့်ခံနေရတာ၊ ၈၃ နှစ်ဆရာတော်ကြီးက ပြုံးပြုံးပြုံးပြုံးနှင့် မမောနိုင်မပန်းနိုင် ဟောပြောပြသနေတာ၊ 'ငါတို့က ဘာလို့အလျှော့ပေးရမှာလဲ' ဆရာတော်ကြီးရဲ့ မေတ္တာကရုဏာတွေကို အားကျထောက်ထားပြီး ကြိုးစားဖြစ်ပါတယ်။ သဒ္ဓါထူး အသိဉာဏ် ထူးတွေလဲ ရပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(နောက်ပွဲတွေမှာ ရက် ၆၀ မလုပ်နိုင်တဲ့လူ လက်မခံပါနှင့်။ သူတို့ပြန်တော့ ကျန်တဲ့ယောဂီစိတ်လှုပ်ခါနေခဲ့တယ်။ သူတို့ သဒ္ဓါဝီရိယ နည်းလို့ပြန်တာ ရိုးရိုးမပြန်ဘူး၊ ယောဂီတွေဆီက သဒ္ဓါဝီရိယတွေကိုပါ ဖဲ့ယူသွားတတ်လို့ပါ။)

ဆရာတော်ကြီးရဲ့ ခန္တီ၊ မေတ္တာ၊ ကရုဏာများကို မျက်ရည်ကျမတတ် ကြည်ညိုခံစား အားကျမိကြောင်းပါဘုရား။

ဦးပဝရ

သန်းကြွယ်ကျေးရွာ၊ ဖားကန့်မြို့။



မြေဇင်းတောရဆရာတော်ဘုရားကြီး

တရာချီးမြှင့်နေစဉ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# တန်ဖိုးမဖြတ်နိုင်သော တစ်ရှူတစ်ရှိုက်



မွေးသည်မှ သေသည်အထိ အမြဲရှိနေသော ထွက်လေဝင်လေ (အာနာပါန)တန်ဖိုးကို ခုမှ သိရှိခံစားရပါသည်။ အလဟဿ ကုန်ဆုံးခဲ့သော ထွက်လေဝင်လေများ ပြန်ယူလို့မရ။ နှမြောစရာကောင်းလှပါသည်။

တစ်ရှူတစ်ရှိုက် သတိပြုရုံမျှဖြင့် လူ့ပြည်နတ်ပြည်ဗြဟ္မာပြည်မှ ဘုရားစေတီများ ဖူးရခြင်း၊ ခန္ဓာကိုယ်ရုပ်နာမ်တို့ တရစပ်ဖြစ်ပျက်နေသည်တို့ကို ကွက်ကွက်ကွင်းကွင်း ရှုမြင်ရခြင်းကြောင့် သဒ္ဓါတရားတွေ အများကြီးဖြစ်ရပါသည်။ တရားမှတစ်ပါး အားကိုးစရာမရှိကြောင်း၊ ဒီကန္နီနည်းသည် တပည့်တော်တို့လို လူအိုများနှင့် ပို၍သင့်တော်ကြောင်း ခံစားရပါသည်။ အလွန်လွယ်ကူလှပါသည်။

ကျေးဇူးရှင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး ကျန်းမာ၍ သက်တော်ရာကျော်ရှည်ပါစေဘုရား။

ဦးကုသလ၊ (၇၂)နှစ်
ဝေဇယန္တာကျောင်းတိုက်
စက်မှုဇုန် (၁)၊ မုံရွာမြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# The New Heart

## given by

## The Most Venerable MyayzinTawya Hsayadaw

I'm a student from I.T.B.M University in Rangon. I meditated on Anapana Samatha and vipassana under the guide of Myayzin Hsayadaw about 60 days. After having meditated an Araham, Metta and Maranassati, my wild mind was tamed by the counting method of Anapana. Mind is like a bad child. So taming the bad mind with the counting method of Anapana is really acceptable.

When my mind was calm under the control of Anapana, I had started to get the peace of mind, the power of samtha. After sometime, the sign of meditation was attained. When it was getting stable (or) it was gained whenever I meditated, Hsayadaw taught me second way of Anapana.

And then I had to practice sending and returning of the sign of meditation. I considered that it was testing the concentration. Really in Buddhism there are three stages namely sila (self- control), samadhi (concentration) and panna (Realization of mind and body.)

After I had followed the way of Hsayadaw, I got microscope and telescope, as Bamo Hsayadaw siad, in the 2nd way of Anapana. Microscope was used for penetration & study of my body & telescope to see what should be seen to increase faith.

After having trained mind to be more and more powerful, Hsayadaw taught third way of Anapana. After

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

that, the forth way of Anapana was given and it made my mind more & more calm.

The mind, being calm & soft, I felt as if there was no in & out breathe & my body stood without moving After having trained the mind more & more ca' & stable, I was transfered to vipassana.

In vipassana, I had to concentrate on the chest of the body. While doing, after 30 minutes, I saw a lot of cells moving the chest. On the whole body also they were moving, appearing & disappearing every where without stopping.

Having got so much experience, I knew that what I thought this is my body, this is mine etc, was really wrong. In vipassana stage, I have understood everything in the world is appearing & disappearing. I'm a part of appearing & disappearing things.

In brief when meditation retreat finished, I checked my self. Really I felt as if I have got the new heart. It is the heart which can understand & forgive the world, is very kind and ever ever calm & peaceful.

I think this new heart was given by the most ven. Myayzin Hsayadawgyi.



**Bikkhu Kavi**
(Dhammacariya, Dip Bdh, B.A)
I.T.B.M University
Yangon.

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရက်(၆၀)တရားစခန်းသိမ်းအောင်ပွဲ

## ရန်ကင်းအေးငြိမ်းရိပ်သာ ဂေါပကအဖွဲ့နှင့် သဒ္ဓမ္မဇောတိကဖောင်ဒေးရှင်း(အထက်မြန်မာပြည်)ဥက္ကဋ္ဌ ကျောင်းဒကာ ဦးသိန်းအောင်၏ လျှောက်ထားလွှာ

မဟာကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင်မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး အမှူးထား၍ သံဃာတော်အရှင်မြတ်များ ယောဂီသူတော်စင်များနှင့် ကြွရောက်လာသော သာသနာပြုဖက် ဓမ္မမိတ်ဆွေ အပေါင်းတို့ဘုရား။

ဦးစွာဘုရားတပည့်တော်ခြေတော်ဦးခိုက် လျှောက်ထားလိုသည်မှာ ဒီရက် (၆၀)တရားစခန်းကြီး ယခုလို ဖြစ်မြောက်လာရသည်မှာ သက်တော်ဝါတော်ကြီး၍ ရာသီဥတုပြင်းထန်သည့်ကြားကသည်းခံပြီး မေတ္တာကရုဏာကြီးမားစွာဖြင့် တရားအမွေ ပေးသနားတော်မူသော မဟာကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင်မောင်းထောင် မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ သံသရာနှင့်ချီပြီး ဆပ်၍မကုန်နိုင်သော ကျေးဇူးတော်ကြောင့်ပင် ဖြစ်ပါသည်။ အတိုင်းမသိ ကျေးဇူးကြီးမားလှပါသည်ဘုရား။

ဆရာတော်ဘုရားကြီး ထိုသို့ချီးမြှောက်ရာတွင် လက်ထောက်ကမ္မဋ္ဌာနာစရိယဆရာတော် ဦးမင်္ဂလ၊ မြေဇင်းယောဂီဟောင်းများဖြစ်ကြသော အဘဘုံ၊ ဆရာဦးလှချစ် (သာမဏေကျော်–ဓမ္မာစရိယ)၊ ဦးသန်းအောင်၊ ဆရာကိုဆွေ (B.Sc Physics)နှင့် ဆရာမကြီးဒေါ်မြမြဝင်းတို့၏ယောဂီများအပေါ် အနီးကပ်ကြည့်ရှုပြုပြင် စောင့်ရှောက်ပေးမှုကြောင့်လည်း 'ပန်းတိုင်းပွင့်၍ ပွင့်သောပန်းတိုင်းမွှေးသည်'ဆိုသကဲ့သို့ ရဟန်းရှင်လူ ယောဂီ(၉၀)ကျော်တို့ အားလုံးလိုလို သမထ–ဝိပဿနာ တရားအမြင်များထူးခြားကောင်းမွန်စွာရရှိ ခဲ့ကြပါသည် အရှင်ဘုရား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာကြီး ဓမ္မာစရိယဦးဒွေးလှိုင်ကလည်း (၂)လတိုင်တိုင် အနီးကပ်ကြီးကြပ်လျက် ဟောပြောပြသသွန်သင်ဆုံးမပေးခြင်းကြောင့်လည်း ဘာသာအယူဝါဒ သမထ-ဝိပဿနာ အသိဉာဏ်ဗဟုသုတများ ရရှိခဲ့ကြပါသည် အရှင်ဘုရား။

ထိုမှတစ်ပါး သာသနာတော်အတွက် ကျေးဇူးများသော ကန္နီနည်း ဥပနိဿယ နိဗ္ဗာနမဂ္ဂ-အာနပါန သမထ-ဝိပဿနာနည်းမှာ မြေဇင်းတောရ ဆရာတော်ဘုရားကြီး ယခုလိုသည်းခံပြီးပြသပေးတော်မမူလျှင် တိမ်ကောပျောက်ကွယ်သွားတော့မည်ကို ယောဂီတိုင်းသဘောပေါက်နေကြသဖြင့် တန်ဖိုးကြီးမြတ်လှသော ဓမ္မအမွေကို အသီးသီးရအောင် ယူနိုင်ခဲ့ကြသည့် ယောဂီများ၏ ကြိုးစားအားထုတ်မှုကိုလည်း သာဓုခေါ်ကြည်ညိုမဆုံး ဖြစ်ကြရပါသည်ဘုရား။

ဤနေရာ၌ ယောဂီများအား လျှောက်ထားလိုသည်မှာ ဤတရားနည်းကို ပြည့်စုံစွာအားထုတ်ပြီးသော ယောဂီတိုင်း အလိုအလျောက် သဒ္ဓမ္မဇောတိက ဖောင်ဒေးရှင်းအဖွဲ့ဝင်ဖြစ်လာပြီဟု ဂုဏ်ယူစွာလက်ခံကြစေလိုပါသည်။ အခါကြီးရက်ကြီးများတွင် ဤရိပ်သာ၌ စုပေါင်းတရားထိုင်ခြင်း၊ ဆွေးနွေးခြင်းစသော တရားကျေးဇူးဆပ်သောအားဖြင့် သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် အသီးသီးတာဝန်ကိုယ်စီရှိလာပြီဟု မှတ်ယူတော်မူကြပါဘုရား။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနှင့်စပ်၍လည်း အထူးကြော်ငြာနှိုးဆော် တိုက်တွန်းခြင်းမပြုရဘဲ သဒ္ဓါတရားထက်သန်စွာဖြင့် သာသနာပြုကုသိုလ်ထူးကို ဝိုင်းဝန်းဆည်းပူး ရယူကြသဖြင့်လည်း ယခုကဲ့သို့ အောင်မြင်ရခြင်း ဖြစ်ပါသည်ဘုရား။

ဘုရားတပည့်တော် အထူးလျှောက်ထားလိုသည်မှာ ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေရှိ ဤရန်ကင်းအေးငြိမ်းရိပ်သာကြီးကို မောင်းထောင် မြေဇင်းတောရတိုက်ခွဲတစ်ခုအဖြစ် ခံယူထားကြပါသည်။ ထို့ကြောင့်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဤရန်ကင်းအေးငြိမ်းရိပ်သာတွင်လည်း ယောဂီများအဆက်မပြတ် တရားအမွေပေးနိုင်အောင် တပည့်လက်ထောက်ဆရာနှင့် ယောဂီထိန်းသိမ်းစောင့်ရှောက်ပြုပြင်ပေးသူများကိုလည်း **ကူညီ** ပံ့ပိုးကာ စောင့်ရှောက်ချီးမြှင့်ပေးသွားစေချင်ပါသည်ဘုရား။

နိဂုံးချုပ် လျှောက်ထားလိုသည်မှာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဗန်းမော်ဆရာတော်ကဲ့သို့ သီလ၊ သမာဓိ၊ ပညာနှင့် ကမ္မဋ္ဌာန်းဗဟုသုတရှိသော ရဟန်းရှင် လူပုဂ္ဂိုလ်များ ထွက်ပေါ်လာနေပြီဖြစ်၍ ဤရိပ်သာကြီးကို ကမ္ဘာအရပ်ရပ်မှ နိုင်ငံခြားသားယောဂီများ လာရောက်အားထုတ်နိုင်အောင်လည်း တိုးချဲ့ဆောင်ရွက်သွားကြရန် အဓိဋ္ဌာန်ပြုထားကြပါသည် ဘုရား။ ထို့ကြောင့် ဆရာတော် သံဃာတော်များနှင့် သာသနာပြုဖက် ဓမ္မမိတ်ဆွေများကလည်း ယခုကဲ့သို့ သဟပုညကာရီ အတူတကွလက်တွဲ၍ ဆက်လက်သာသနာပြုသွားကြပါရန် တိုက်တွန်းရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်လိုက်ပါသည် အရှင်ဘုရား။

○ နိုင်ငံခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ။
○ နိုင်ငံခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ။
○ နိုင်ငံခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စာတမ်း

# ပေါ့ပသိကော
## မယုံလာလှည့် မြိုးစမ်းကြည့်



### ထိခြင်း ၅ ပါးနှင့် ဦးချတတ်ရဲ့လား

ကျေးဇူးရှင် မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး အမှူးထားပြီး ကြွရောက်တော်မူလာကြတဲ့ မြို့နယ်ကျေးရွာ သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ ရန်ကင်းတောင်တော် အုပ်ချုပ်ရေးနာယက ဆရာတော်များ၊ ယောဂီသံဃာတော်များအားလုံးကို ဦးထိပ်ထားလျက် ကြွရောက်လာကြတဲ့ အမျိုးသား အမျိုးသမီး ယောဂီများနှင့် ကျောင်းဒကာ ဆွမ်းဒကာ ဓမ္မမိတ်ဆွေအပေါင်းတို့ ခင်ဗျား။

ကျွန်တော်က အမျိုးသားယောဂီ ၄၀ ကျော်တို့ကိုယ်စား ဓမ္မရသ ခံစားချက်စာတမ်း ဖတ်ကြားတင်ပြလျှောက်ထားရမယ့် ယောဂီဦးကိုဦး (သီရိပဝရ ဓမ္မာစရိယ) ဖြစ်ပါတယ်။

ယောဂီများခင်ဗျား၊ကျွန်တော်ပြောတတ်သလို ပြောခွင့်ပြုကြပါ။

ဓမ္မာစရိယဆိုလို့ ကျွန်တော့်ကိုလဲ အထင်မကြီးလိုက်ကြပါနှင့်၊ 'ကျွန်တော် စာတွေတတ်ခဲ့ပေမယ့် ဂုဏ်တော်လဲ ဟုတ်တိပတ်တိ မပွားတတ်၊ မေတ္တာလဲ မပို့တတ်ခဲ့ပါဘူး။ ကိုယ့်ကိုယ်ကိုယ် မညှာမတာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြောကြေးဆိုရင် ရှိခိုးဦးချတာတောင် မတတ်သေးပါဘူး။ တကယ်ပါ၊ ခုမှ မြေဇင်းတောရ ဆရာတော်ဘုရားကြီးက ထိခြင်း ၅ ပါးနှင့်အညီ ရှိခိုးဦးချတာကအစ ကလေးများသင်သလိုသင်ပြပေးလို့ မြေဇင်းတောရ ဆရာတော်ကြီးရဲ့ ကျေးဇူးက 'ဦးချတာကအစ၊ သမထ, ဝိပဿနာ နိဗ္ဗာန်အထိ' ကျေးဇူးကြီးမားတော်မူတာကို ဦးစွာ လျှောက်ထားချင်လို့ပါ။

ကျွန်တော်ဟာ ဓမ္မာစရိယဖြစ်ပြီး ဂုဏ်တော်လည်း ဟုတ်တိပတ်တိ မပွားတတ်ဘူးဆိုတာ တမင်နှိမ့်ချပြောတာ မဟုတ်ပါဘူး။ ကျွန်တော်လိုလူမျိုးကမှ ဂုဏ်တော်မပွားတတ်ဘူးဆိုရင် ဗုဒ္ဓဘာသာဆိုပြီး ဂုဏ်တော် ၉ပါး ပါဠိအနက်အဓိပ္ပာယ်မှမရကြတဲ့ လူတွေကအများကြီး၊ ပါးစပ်က 'အရဟံ၊ အရဟံ' ဆိုပြီး ပုတီးကလေးစိပ်လိုက်နှင့် လူတိုင်းလိုလိုဂုဏ်တော်ပွားများတယ်ဆိုပြီး လုပ်တော့လုပ်ကြတာပေါ့ဗျာ။

အခု ရက် ၆၀ တရားစခန်းဝင်လိုက်တော့မှ ဦးချတာကအစ၊ တို့လုပ်ခဲ့တာတွေ ပြုပြင်စရာတွေ အများကြီးပါလားလို့ ဆင်ခြင်မိလို့ပါ။ဒီရက် ၆၀ တရားစခန်းမှာ သမထ,ဝိပဿနာတင်မက၊ အခြေခံကအစ အကုန်သင်ပြပေးနေတာပါလားလို့ ခံစားမိပါတယ်။ ကျွန်တော်တို့ ကံကောင်းကြပုံတွေ။

နောက်ပြီး ဒီကြားထဲ ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်ကလဲ နေ့စဉ်လိုလို ဟောကြားသင်ပြပေးနေတော့ ကျွန်တော်တို့တစ်တွေ အပိုကျူရှင်ပါရလိုက်သေး။

ဒါ့ကြောင့် ကျွန်တော်တို့ယောဂီတွေ သိပ်ပြီးကံကောင်းတယ်လို့ ပြောရတာပါ။

## ပွဲဦးထွက် အံ့သြစရာ

ပထမဆုံးစဝင်တဲ့ တစ်ရက်နှစ်ရက်အတွင်းမှာ တစ်သက်နှင့် တစ်ကိုယ်မေ့မရတဲ့ အဖြစ်အပျက်ကလေးတစ်ခု ပြောပါရစေ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာတော်ကြီးက 'အရဟံ' ဂုဏ်တော် ၃ ရက်ပွားဖို့ စခိုင်းကတည်းက အလင်းနိမိတ်ရတဲ့ယောဂီတွေ လျှောက်သံကြားရလို့ အံ့ဩဝမ်းသာရသလို ကျွန်တော့်မှာလဲ အရဟံဂုဏ်တော်ပွားစကတဲက ကိုယ့်ဟာကိုယ်လည်း အံ့အားသင့်စရာ ကြုံရပါတယ်။

ကျွန်တော်အိမ်မှာတရားထိုင်ရင် တစ်နာရီရဖို့ မလွယ်ဘူး၊ နာရီတကြည့်ကြည့်နှင့် အချိန်ပြည့်ခဲလိုက်တာ၊ ညောင်းတာကိုက်တာတွေလည်း မပြောပါနှင့်တော့။ ပထမနေ့က ၂ နာရီ ၃ နာရီကို တစ်အောင့်ကလေး ထင်ရတယ်။ ဆရာတော်ကြီးက–

'ကြိုးစားကြ၊ ကိုယ့်လုပ်ခကိုယ်ရတာ၊ ကိုယ်နေ့တွက် ကိုယ်ရတာ၊ ကိုယ်ဝေစုကိုယ် ရအောင်ယူကြ၊ ဘယ်သူမှ ကူလုပ်ပေးလို့ မရဘူး၊ 'သန္ဒိဋ္ဌိကော' ဆိုမဟုတ်လား။ ကိုယ်လုပ်မှ ကိုယ်ရမှာ။ 'အကာလိကော' တကယ်လုပ် အဟုတ်သိရမှာပါဗျာ.....'တဲ့။

ကိုယ့်မိဘသဖွယ် ပြုံးပြုံးပြုံးပြုံးနှင့် အားပေးစကားတွေ ကရုဏာကြီးကြီးနှင့် ပြောတာကြားရတော့ အားတွေတက်လာသဗျာ့။ ဒါနှင့် ဒုတိယနေ့ကျတော့ ပွားလို့မှတ်လို့ ည ၁၂ နာရီကျော်လည်း မအိပ်ချင်သေးဘူး။ တောက်လျှောက် ၇နာရီ ၈နာရီ ဣရိယာပုတ်မပြင်ဘဲနှင့် ထိုင်နိုင်တယ်။ ဒါနှင့် 'တစ်ရက် ၂၄ နာရီ တစ်စပ်ရအောင် ငါမှတ်မယ်'ဆိုပြီး စိတ်ကိုမဲတင်းပြီး အဓိဋ္ဌာန်လိုက်တာ တကယ်ပါဘဲဗျာ၊ ကြည်ကြည်လင်လင်နှင့် ၂၄ နာရီမအိပ်ပဲ တစ်ဆက်တည်း မှတ်နိုင်ပွားနိုင်သွားတယ်။ ကိုယ်ကိုယ်ကိုယ်လည်း အံ့ဩလို့မဆုံးနိုင်ပါဘူး။

ဆရာတော်ကြီးရဲ့ မေတ္တာကရုဏာတွန်းအားတွေ၊ ဆရာတော်ကြီးအပေါ် အားကိုးယုံကြည်တာတွေလည်း ရှိနေလို့ပေါ့ဗျာ။

ဆရာတော်ကြီးကို စ,ဖူးရတဲ့နေ့ကများ ရင်ထဲမှာ အေးသွားပြီး ကြောက်ရွံ့စိတ်တွေ မရှိဘဲ ချစ်ခင်လေးစားတဲ့ စိတ်တွေ၊ အားကိုးလိုစိတ်တွေ တဖွားဖွားဖြစ်ပြီး ငယ်ငယ်က အမေ့ရင်ခွင်ထဲဝင်ထိုင်နေရသလိုပဲ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခံစားရပါတယ်။ ဆရာတော်ကြီးခိုင်းတဲ့အတိုင်း ငါလုပ်မယ်ဟာ--ဆိုတဲ့ အားမာန်တွေလည်း တက်လာပါတယ်။

ဒီကြားထဲ ကျွန်တော်က နေ့ရောညပါ မအိပ်ပဲ ၂၄ နာရီ တစ်စပ် ရတာလျှောက်တော့ ဆရာတော်ကြီးက ပြုံးပြုံးပြုံးပြုံးနှင့်။ ဒီနေရာမှာ ပိုပြီး ကြည်ညိုစရာကောင်းပုံက ၊ ဆရာတော်ကြီးက သူဟာ ဝေဘူ ဆရာတော်ကြီး သီတင်းသုံးတဲ့သုံးဌာန (ဝေဘူ၊ အောင်မြေ၊ အင်ကြင်းပင်) လုံးမှာ အကြိမ်ကြိမ် အားထုတ်ဖူးတဲ့အကြောင်းကို အမိန့်ရှိတယ်။

အားလုံးသိတဲ့အတိုင်း ဝေဘူတို့ တောင်ပုလုတို့ ဒီဆရာတော်ကြီးတွေ က တစ်သက်လုံး မအိပ်တဲ့ဆရာတော်ကြီးတွေပါ။

ကျွန်တော်တို့က တစ်ရက်မအိပ်တာ ပြောရတာ တကယ်တော့ ရှက်စရာကြီးပါ။ ဒါပေမယ့် တရားတော်ရဲ့ အစွမ်းကို မြီးစမ်းရပြီပေါ့ဗျာ။ ဆရာတော်ကြီးက အမိန့်ရှိတယ်။ ဝေဘူဆရာတော်ကြီးကလည်း တစ်သက်နှင့်တစ်ကိုယ် ဘယ်သူ့မှ မချီးမြှောက်ဖူးတဲ့ ပွဲတော်ကျဆွမ်းအုပ်တွေ ဘုဉ်းပေးရပုံ၊ ပြန်ခါနီးယောဂီတွေစုဝေးပြီး ဩဝါဒပေးခိုင်းပုံ၊ ပြန်တိုင်း ပြန်တိုင်း ကားနှင့်ပစ္စည်းတွေ အပြည့်တင်ပြီးပို့ပုံ၊ ဒါတွေ အမိန့်ရှိတယ်ဗျာ။ ပြီးတော့–

'သူ့မှာ.....' တဲ့။ အဲသလို သုံးဌာနစလုံး လိုက်ပြီးအားထုတ်ပေမယ့် ဝေဘူဆရာတော်ကြီး ခိုင်းတဲ့အတိုင်း တစ်ခါမှ ၂၄ နာရီတစ်စပ်မရလို့ တရားစစ်ခံမသွားရဲပုံတွေ အမိန့်ရှိသဗျာ့။ ဒီလိုမိန့်တော့ ယောဂီတွေက ရယ်ကြပြုံးကြနှင့်၊ဆရာတော်ကြီးအပေါ် အထင်မသေးတဲ့အပြင် ရိုးသား တဲ့ဂုဏ်ကြောင့် ပိုပြီးကြည်ညိုအားကိုးကြပါတယ်။

## သူရဲခြောက်လို့အိပ်မရ

နောက်ပြီး'ဘုရားဖြစ်မယ်ကြဲ၊ မာရ်နတ်ကဖျက်' ဆိုတာလို တစ်ပတ် လောက်ရှိတော့ ရိပ်သာထဲမှာ သူရဲခြောက်ခံရတာ ပြောချင်လို့ပါ။

အိမ်မှာနေတော့ မိန်းမကြောက်ရ၊ ရိပ်သာနေတော့ သူရဲကြောက်ရ၊ ခုသာ ရယ်ရယ်မောမောပြောနိုင်တာပါ။ အခြောက်ခံရတဲ့နေ့ကဆိုရင် ကြောက်လိုက်တာ တစ်ညလုံး အိပ်လို့ကိုမရဘူး။

အားလုံးသိတဲ့အတိုင်း ယောဂီက ၅၀ လောက်လျှာထားတာ၊ တစ်ရာနီးပါးရှိနေလို့ ကျွန်တော်တို့အမျိုးသားယောဂီတွေကို ဓမ္မာရုံကြီးဘေးမှာ တဲကြီးထိုးပြီး စုနေကြရတာ၊ ကျွန်တော်က တောင်ဘက်ဆုံးက၊ လူတွေအများကြီးရှိနေပေမယ့် ကြောက်တာက ကြောက်တာဘဲ။

သူရဲက အဝေးကြီးက မဟုတ်ဘူးဗျာ၊ ကျွန်တော်အိပ်ရာနှင့်ထရံပဲခြားနေတဲ့ တောင်ဘက်က သစ်ပင်က၊ ပထမတော့ မကြောက်ပါဘူး။ မကြောက်မှန်းသိလို့လား မပြောတတ်ပါဘူး။ ပထမ ပစ်တိုင်းထောင်ရပ်လို ခေါင်းချည်းပြပြီး မျက်လုံးနီနီရဲရဲကြီးနှင့် လျှာထုတ်ပြလိုပြ၊ ကျွန်တော့် အိပ်တဲ့ခုတင်အလယ်လောက် အောက်ကနေပြီး လက်သည်းရှည်ကြီးနှင့် တခြစ်ခြစ် မြည်အောင်ကုပ်လိုက်၊ လျှာထုတ်ပြလိုက်နှင့် စအိုကနေ အူကို နုတ်စားမယ်ပေါ့လေ။

တရားလည်း ဘယ်ရောက်မှန်းမသိတော့ဘူး၊ ကြောက်လိုက်ရတာ ချွေးကိုပြန်လို့။ နောက်တစ်ရက်ညရောက်မှာကို ကြောက်နေတယ်။ ဒါနဲ့ညနေခင်း ဆရာကြီးတဲနားရောက်လာလို့ အကျိုးအကြောင်း ပြောပြတော့၊ ဆရာကြီး ဓမ္မာစရိယဦးဋ္ဌေးလှိုင်က ဘာပြောတယ်မှတ်လဲ–

'ဟာ..... အဲဒါ အတွေ့အကြုံတစ်ခုပေါ့၊ ရခဲတယ်၊ ဒါတရားတက်ချင်လို့၊ တရားမှတ်တာခဏရပ်ထား၊ ပရိကံပြန်လုပ်၊ ခန္ဓာကိုယ် ဘုရားလှူ၊ အဲဒီသတ္တဝါကို ဩဒိဿ မေတ္တာချည်းဖို့ပွား၊ စဉ်းစားကြည့်လေ သူ့ခမျာ သူ့ဘဝသနားစရာကြီးပါလား။ ကရုဏာအရင်ပွား၊ ပြီးတော့ မေတ္တာပွား၊ နာနာပွား၊ အမျှဝေပေးစမ်းပါဗျာ.....သူ့ခမျာ ကျွတ်တော့မယ်၊ အမျှလိုချင်ရှာလို့ပါ။ ကိုယ်လဲကူပြီး မေတ္တာပို့ပေးပါ့မယ်'တဲ့။

ဒါနှင့် အားရှိသွားပြီး အဲဒီနေ့ညဥ့်ဦးယံမှာ တဲက အဲဒီအိပ်ရာဘေးက

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သစ်ပင်မှာ ဖယောင်းတိုင်အမွှေးတိုင်တွေ ထွန်းညှိပြီး ဘုရားလှူခိုင်းတယ်။ ဒါလဲ ဆရာမကြီးဒေါ်မြမြဝင်း ဦးစီးပြီး ဥပုသ်နေ့တိုင်း ရိပ်သာတစ်ခုလုံး မီးထွန်းအမွှေးတိုင်ပေးတာ သွားသတိရလို့။

ဆရာကြီးက အားပေးပေမယ့် ပထမတော့ ခပ်ကြောက်ကြောက်နှင့် မေတ္တာပို့ပါတယ်။ ကြက်သီးတွေကလဲ တဖျဉ်းဖျဉ်းထပြီး 'အဲဒါ အတွေ့ အကြုံတစ်ခုပေါ့' ဆရာကြီးပြောတာ သတိရပြီး ကြိုးစားပို့ပါတယ်။ ကိုယ်လုပ်တဲ့ကုသိုလ်တွေလဲ မကြာခဏ အမျှဝေပေးတယ်။

## သာဓုခေါ်ရုံကလေးနှင့်

မေတ္တာပို့ အမျှဝေရင်းနှင့်ကြောက်စိတ်တွေ ပျောက်ပြီး ခုလို လုပ်ရတာကို ကျေနပ်နေမိတယ်။ အရသာလဲ အလွန်ရှိပါတယ်။ တကယ့် အတွေ့အကြုံတစ်ခုပါဘဲ။ သူရဲလဲ မခြောက်တော့ဘူး၊ ကောင်းကောင်း မှတ်လို့ အိပ်လို့ရသွားတယ်။ မေတ္တာလဲ ထိထိခိုက်ခိုက်ပို့တတ် ပွား တတ်သွားတယ်။

အရင်ကပို့တဲ့ မေတ္တာတွေက ရတဲ့စာတွေ ရွတ်နေတာပါလား။ လို့လဲ သဘောပေါက်သွားပါတယ်။ တကယ့်အတွေ့အကြုံကောင်း တစ်ခုပါ။ သူရဲက မေတ္တာတောင် ဟုတ်တိပတ်တိမပို့တတ်တဲ့ ဓမ္မာစရိယကြီးကို လက်တွေ့သင်တန်း ပေးလိုက်သလိုပါပဲ။ ခုတော့ အမျှလဲဝေတတ်သွားပြီ။

ဒါနှင့် သရဲဇာတ်လမ်းက မပြီးသေးဘူး။ အံ့သြစရာကောင်းတာ ဆက်ပြောပါရစေဦး။ ကြောက်စရာကနေ တစ်သက်လုံး ဝမ်းမြောက် စရာကြီး ဖြစ်နေလို့ပါ။

'မေတ္တာပို့တာ အမျှပေးဝေတာဟာ ကုသိုလ်ကောင်းမှု လုပ်ခွင့် မရရှာတဲ့ ဒုက္ခိတသတ္တဝါတွေကို ကူညီစောင်မရာလဲရောက်တယ်။ ကုသိုလ်လဲတိုးပွားတယ်။ လောကကြီးထဲမှာ ဒီလိုသတ္တဝါမျိုးစုံ နေကြရတာ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘာကြောက်စရာရှိလဲ’လို့ ဆရာကြီးပြောတဲ့အတိုင်း ပထမ သနားစရာ သတ္တဝါအဖြစ် စဉ်းစားပြီး ကရုဏာပို့၊ နောက်မေတ္တာ၊ ကိုယ်လုပ်ခဲ့တဲ့ လုပ်နေတဲ့ ကုသိုလ်တွေ လှိုက်လှိုက်လဲလဲ အမျှဝေပေး။

မကြာပါဘူးဗျာ..... ကျွန်တော့်အိပ်ရာဘေးမှာ အရောင်ဖျော့ဖျော့ ကလေးတွေ တဝင်းဝင်းတလက်လက်နှင့် လှည့်ပြေးပြီးပျောက်ကွယ် သွားတယ်။ ပြီးတော့ အနံ့မွှေးကလေးကလဲ တသင်းသင်းနှင့်။ ကျွန်တော့် အိပ်ရာဘေးမှာ မွှေးနေတဲ့ အနံ့သင်းသင်းကလေးကတော့ (နှစ်လလုံးလုံး) ခုထိ မွှေးနေတုန်းပါ။

ဒါကို ကြည့်ခြင်းအားဖြင့် ဗုဒ္ဓဘာသာဝင်ကျွန်တော်တို့အဖို့ မေတ္တာပို့၊ အမျှဝေပေးတာ ဘာမှဆန်းတယ်လို့ မထင်ကြပေမယ့် သက်ဆိုင်ရာ သတ္တဝါတွေအဖို့တော့ အကျိုးတွေအများကြီး ဖြစ်ထွန်းသွားကြတာ သတိပြုဖို့ပါ။

သူရဲ တစ္ဆေ ပြိတ္တာဘဝ အပါယ်ဘုံက ကျွတ်လွတ်ပြီး ဥယျာဉ်ဗိမာန် ရေကန်အသင့် အဆင့်အတန်းမြင့်တဲ့ နတ်ဘဝကို သာဓုခေါ်ရုံမျှနှင့် ချက်ချင်း ရသွားကြရှာတယ်လေ။ လောကမှာ ယုံနိုင်စရာမရှိ၊ မျက်လှည့်ပြ ဥုံဖွလုပ်လိုက်သလိုမဟုတ်လား။ ဒါလဲ ကျွန်တော့်ကိုယ်တွေ့ တရားတော် ရဲ့အစိမ္ဘေယျ သတ္တိတန်ခိုးတစ်ခုမို့ သူများတွေနှင့်လဲ အကြောင်းအရာ မထပ်ရလေအောင် အပြင်းလဲပြေ၊ မေတ္တာပို့အမျှဝေဘာသာရေး အခြေခံ အဆင့်တွေမှာ ပေါ့ပေါ့လျော့လျော့ မလုပ်မိအောင်လည်း တင်ပြရတာပါ။

မြေဇင်းတောရဆရာတော်ကြီး ကျွန်တော်တို့ကို နေ့စဉ် တရားစစ်တိုင်း အထပ်ထပ်ကြားနေရတဲ့ စကားတစ်ခွန်းကိုလဲ သတိပြု စေချင်လို့ပါ။ အဲဒါကတော့ ‘မေတ္တာနာနာပို့၊ အမျှဝေ၊ မနည်းစေနှင့်၊ တရားမှတ်မကောင်းလဲ မေတ္တာပို့၊ အမျှဝေ၊ ကိုယ်က မသိပေတဲ့ သူတို့က အမျှလိုချင်နေကြရှာတာ’ဆိုတဲ့ ဆရာတော်ကြီး လက်သုံး စကားတစ်ခွန်းကိုလဲ ဓမ္မမိတ်ဆွေများ သတိပြုစေချင်လို့ ကိုယ်တွေ့ဖြစ်ရပ် ကလေး ပြောရတာပါ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒီရက် ၆၀ တရားစခန်းဟာ သူ့ရဲခြောက်တာတစ်ခုနှင့်ပဲ ကျွန်တော့် အဖို့ 'တန်'သွားပြီဗျာ။

သည်းခံပြီးနားထောင်နေကြတဲ့ ဆရာတော်သံဃာတော်များ အားလဲနာ၊ ကျေးဇူးလဲတင်ပါတယ်ဘုရား။ ဘုရားတပည့်တော် မောင်ကိုဦး ပြောချင်တာ ဒီလောက်ကလေး မဟုတ်ပါဘူးဘုရား။

ရက် ၆၀ လုံးလုံး အားထုတ်ထားတာ၊ သမထ–ကာဘယ်လို၊ ဝိပဿနာက ဘယ်ပုံ တကယ့်အဆီအနှစ်တွေ ပြောချင်တာပါ။ နာရီက စေ့ပြီလား မသိဘူး၊ ဆရာကြီးက 'မင်း ၁၅ မိနစ်ပဲ' ဆိုတော့ ဒန်ပေါက် ထမင်းပွဲကြီး ရှေ့ချပေးပြီး 'မင်း တစ်ဇွန်းဘဲစားရမယ်' ခိုင်းသလို ဖြစ်နေပြီ၊ လက်စနှင့်ပြောပါရစေဦး။

## နတ်သမီးလဲတွေ့ တရားလဲမေ့

ကျွန်တော် တာဝတိံသာ စူဠာမဏိဘုရားတက်ဖူးတုန်းက နတ်သမီးနှင့် တွေ့တဲ့အကြောင်း ပြောချင်လို့ပါ။ စခန်းပြီးလို့ အိမ်ရောက် သွားရင် အိမ်ကအမျိုးသမီးရှေ့မှာ နတ်သမီးချီးမွမ်းခန်းဖွင့်နေရင် ကြိုက်မှာ မဟုတ်လို့ လူစုမကွဲခင် ခုပြောပါရစေ။

ကျွန်တော် စူဠာမဏိရင်ပြင်တော်လဲ ရောက်ရော၊ ဖြူန်းဆို နတ်သမီးကလေးတွေနှင့် သွားတိုးတယ်။

ရုတ်တရက် ကျွန်တော်လဲ အံ့အားကြီးသင့် မှင်တက်မိသွားပြီး စိုက်ကြည့်နေမိတယ်၊ နတ်သမီးကလေးကလဲ ၁၆ နှစ်လောက် အချိတ်ထဘီ ကလေးနှင့်၊ စည်းပုံကလေးနှင့်၊ လှကလှပါဘိနှင့်၊ ခုထိမျက်စိထဲက မထွက်ဘူး။

တခြားအဖော်တွေက ဘုရားဘက် ထွက်သွားကြပေမယ့်၊ သူက ကျွန်တော့်ကို ပြုံးယောင်ယောင် မျက်နှာထားကလေးနှင့် စိုက်ကြည့်နေ တုန်း၊ သူ့အကြည့်ခံရတာ မသက်သာဘူးဗျာ၊ ခိုးထုပ်ခိုးထည်နှင့် အမိခံရတဲ့လူလို ရင်ထဲမှာတမျိုးကြီးပါ။ ကျွန်တော် မပြောတတ်ဘူး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သူ့အကြည့်ကတော့ လူ့ပြည်ကလူသားတွေ နတ်ပြည်လာတာ မတွေ့ဘူးလို့ ကြည့်တဲ့အကြည့်ဖြစ်မှာပါ။ နတ်ပြည်ဆိုတာ ဒီတရားကျေးဇူးကလွဲလို့ ဒုန်းပျံတွေနှင့်လဲ သွားလို့ရတာမျိုးမှ မဟုတ်တာ။

သူ လှည့်ထွက်သွားတော့ ကျွန်တော်လဲသူ့နောက် လိုက်သွားတယ်။ ကျွန်တော်လာတာက သိဒ္ဓတ္ထဆံတော်ရှင်ဗုဒ္ဓစွယ်တော် ဖူးဖို့လေ။ သူ့နောက် တမင်လိုက်တာတော့ မဟုတ်ပါဘူး။ လိုဏ်ဂူထဲရောက်တော့လဲ သူတို့ကို မတွေ့ပါဘူး။ တွေ့များတွေ့ရဦးမလားလို့တော့ စိတ်ထဲက ထင်တာပေါ့လေ။

ဒါနှင့် စွယ်တော်နှင့်ဆံတော်လဲ သေသေချာချာပီပီပြင်ပြင် ဖူးရပါတယ်။ ဒါပေမယ့် ဘုရားဖူးတာ စိတ်တွေက မငြိမ်သလိုဘဲ။ ဣတိပိသောတောင် တယ်.....မမှန်ချင်လှဘူး၊ ဒါနှင့် ပြန်ဆင်းလာတယ်ဆိုပါတော့ဗျာ။ အဲဒီနေ့က ပျော်လိုက်ပုံများ.....။ မြောက်ကြွမြောက်ကြွနှင့်၊ တရားမြန်မြန်စစ်ပါစေ အောက်မေ့မိတယ်။ လူလဲတစ်နေ့လုံး လန်းဆန်းပြီး ကိုယ့်ခန္ဓာကိုယ်ကတောင် အရောင်တွေထွက်နေသလား ထင်ရတယ်။ တကယ်ပါ၊ တစ်သက်နှင့်တစ်ကိုယ်ခုလို ဖူးတွေ့ရမယ်လို့ အိပ်မက်တောင် မမက်ဖူးပါဘူး။ မြေဖင်းဆရာတော်ကြီး သမထ'ဗိဇာ ပါ့စ်ပို့' ထုတ်ပေးလိုက်တဲ့ကျေးဇူးပါ။

ဒါပေမယ့်ဗျို့.....အဲဒီနေ့တစ်နေ့လုံး တရားကောင်းကောင်း မှတ်လို့ မရတော့ဘူး။ ဖူးရတာလဲ ဖူးရတာပေါ့။ ဖူးရတာထက် တွေ့ရတာက မျက်စိထဲကို တဝဲလည်လည် လာနေပြန်တယ်။ အင်း-ငါဟာ တရားများ အဲသလောက်စွဲရင် နိဗ္ဗာန်ရတာ ကြာလှပြီ။ သူရဲခြောက်လို့ ကြောက်ခဲ့ရတာ ခုမှ 'ထေ' မိတော့တယ်။

ဒီအကြောင်းပြောရရင် ထမင်းမစား၊ ဟင်းမစား ပြောချင်နေတယ်။ နားထောင်မယ့်လူ ရှာနေသလိုပဲ၊ ဒါပေမယ့် အချိန်ကကြာသွားပြီ။ နိဂုံးချုပ်ပါတော့မယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## လွတ်လပ်လိုက်တာ၊ လွယ်လိုက်တာဗျာ

တကယ်အံ့ဩစရာကောင်းတဲ့ နည်းတွေပါ။ မြေဖင်းတောရ ဆရာတော်ကြီး ထိန်းသိမ်းဖော်ထုတ်ပေးလို့သာပေါ့။ အနှီမို့ ကွယ်ပျောက်သွားရင် နှမြောစရာကြီး၊ သာသနာအတွက်လဲ ရောမဆုံးရှုံးမှုကြီးဖြစ်မှာပါ။

ခုတော့ လွယ်လိုက်တာဗျာ၊ ၁၅ ရက်လောက်သာ ဖွဲခတ်ပြီး လုပ်နိုင်ရင် လူတိုင်းလိုလိုရပါသဗျာ။ တန်ဖိုးကြီးသလောက် လွယ်လိုက်တာ။ 'လက်တွေ့မှယုံမယ်' ဆိုတဲ့ လူတွေအဖို့ သည်ထက်ကောင်းတဲ့နည်း မကြားဖူးသေးပါဘူး။ ဒါမှ 'ဧဟိ–လာလော့၊ ပဿ–မြီးစမ်းကြည့် လှည့်စမ်းပါ'လို့ အဟုတ်ဖိတ်ခေါ်ရဲပါတယ်။ အားထုတ်တော့လဲ–

ဘယ်နှနာရီထိုင်၊

ဘယ်နှနာရီ စင်္ကြံလျှောက်၊ မကန့်သတ်ဘူး။ တစ်နေ့ ဘယ်နှကြိမ် ရရမယ်ဆိုတာလဲ မသတ်မှတ်ဘူး၊ လွတ်လပ်လိုက်တာဗျာ။

– ကိုယ့်ကျန်းမာရေးအခြေအနေအရ၊

– ကိုယ့်သမာဓိ အင်အားအရ၊

ကိုယ်ကြိုက်တဲ့ ဣရိယာပုတ်နှင့် ကြိုက်သလောက်၊ ကြိုက်သလိုရှုမှတ် ခွင့်ပေးထားတဲ့ တရားစခန်းရယ်လို့လဲ ကျွန်တော်ဖြင့် မကြားမိသေးဘူး။

ယောဂီကို အဲသလို တင်းတင်းကျပ်ကျပ် မချုပ်ချယ်ပဲ သူ့သဘော လွှတ်ထားတာကိုက ဒီကန္နီနည်းစနစ်ရဲ့ ဆွဲဆောင်မှုအပေါ် ဘယ်လောက်စိတ်ချထားတယ်ဆိုတာ အင်မတန်ပေါ်လွင် နေပါတယ်။

တကယ်ပါပဲ၊ ၁၅ ရက်လောက် အပြောအဆို ဆင်ခြင်ပြီး ဖိ– လုပ်လိုက်ရင် တောက်လျှောက်အလိုလို သဒ္ဒါတရားတွေ ဝီရိယတွေ အရှိန်တက်လာပြီး သက်သာလိုက်တာဗျာ။ တရားက ဆွဲခေါ်သွားတာ အသာကလေး လိုက်သွားရုံပဲ ။

သမထ–ပိုင်းမှာ ဖူးစရာ မြင်စရာ သိစရာရှိတာတွေ တအံ့တဩ ဖူးတွေ့ကြရပါတယ်။ သမထ–ပိုင်းမှာ ယောဂီတွေအားလုံး စိတ်တွေ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြည်လင်ပြီး အကုန်လုံးပြုံးရွှင်နေကြတာ။ ကိုယ်မြင်တာ ဖူးတွေ့ရတာတွေ လျှောက်လို့ကို အားမရကြဘူး။ ဆရာတော်ကြီးကလဲ ပြုံးပြုံးပြုံးပြုံးနှင့်။

ပထမတော့ ကိုယ်တစ်ယောက်ထဲ မြင်တယ်ထင်ပြီး ကြိုမ ပြောကြဘူး။ 'မြို'နေကြတာ။ ဆရာတော်လျှောက်တော့မှ အားလုံးလိုလို ကိုယ့်လို ဖူးတွေ့ကြရတာချည်းပဲကြာတော့ ဆရာတော်ကြီး အားနာလို့ တိုရှင်းလိုရင်း လျှောက်ကြပါတယ်။ ဖူးရမြင်ရတာတွေကလဲ ယုံနိုင်စရာမရှိ ပြောလို့လဲ မကုန်ပါဘူးဗျာ။

## မသာထမ်းဘဝ အလွတ်ရုန်းကြစို့

သမထသမာဓိကို တစ်လလောက် ထူထောင်လေ့ကျင့်ထားတော့ ဝိပဿနာရောက်တော့ ရှင်းသလား မပြောနှင့်၊ ရုပ်သပ်သပ်တစ်ရက်၊ နာမ်သပ်သပ် တစ်ရက်နှစ်ရက်၊ တစ်ဉာဏ်တစ်ဉာဏ်ကို နှစ်ရက် နှစ်ရက်ကျစီ ရှုခိုင်းတာဆိုတော့ ရုပ်နာမ်ဖြစ်ပျက်မှုတွေဟာ လက်နှင့် ကိုင်ပြသလား အောက်မေ့ရပါတယ်။

သမထလုပ်ထားတဲ့ ကျေးဇူးက ဝိပဿနာရောက်မှ ပိုအကျိုးများမှန်း သိကြရပါတယ်။ သမထကို ဂိုဏ်းလား၊ မှော်လား အထင်သေး အပြစ်မြင်တဲ့သူတွေဟာ တကယ်သမထမလုပ်ဖူးရှာကြလို့ နေမှာပဲလို့ အောက်မေ့မိပါတယ်။

အဲ.....ယစ္စယပရိဂ္ဂဟဉာဏ်လောက်ရောက်တော့ စူဠသောတာပန် စခန်းခေါ်တာပါပဲ။ ဝိသုဒ္ဓိမဂ်မှာဆိုတဲ့အတိုင်း အကြောင်းအကျိုးတွေ အမှန်အတိုင်း သုံးသပ်နိုင်ပြီး ဘဝမှာ အနေပျော်သွားပါတယ်။ သေရင် တောင် ဒီဉာဏ်ရောက်ရင် လာမယ့်တစ်ဘဝတော့ အပါယ်မကျတော့ဘူး ဆိုတဲ့ ဉာဏ်အမြင်ပါ။ ဒါလဲ တစ်ပတ်အတွင်း ဒီဉာဏ်ရကြတာချည်းပါ။

အံ့ဩစရာကောင်းတာက ဒီဉာဏ်လဲရောက်ရော၊ ယောဂီအတော် များများဟာ ကိုယ်လျှောက်ခဲ့တဲ့ ဘဝဇာတ်လမ်းတွေ လူဖြစ်လိုက်၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခွေးဖြစ်လိုက် နတ်ဖြစ်လိုက် တန်းစီလာတော့လာဗျို့၊ ဘဝခန္တာတွေအပေါ် အကြီးအကျယ် သံဝေဂဖြစ်ကြရတော့တာပါဘဲ။ ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယဉာဏ်တွေရောက်တော့ မပြောပါနှင့်တော့၊ လူတွေအားလုံး ခေါင်းငိုက်စိုက်ကျကုန်တော့တာပဲ။ ဆရာတော်ကြီးပြောသလို 'အပျက်တောကြီး'ထဲလျှောက်နေကြရတာကိုး၊ သမထတုန်းကမော့နေတဲ့ ခေါင်းတွေဟာ တစ်ခါတည်းငိုက်စိုက်ကျပြီး သူ့ကိုယ်မကြည့်ချင်၊ ကိုယ့်သူမကြည့်ချင် တစ်ခုမှလဲမြင်ရတာ အကောင်းမရှိ။ အပျက်ချည်းပါ။ မမြင်ချင်လို့လဲ နေလို့ကမရ။ ပြေးလို့လဲမလွတ်။ ဖျာလိပ်ခေါင်းထဲကသတ္တဝါလို ကိုယ့်ဝဋ်နှင့်ကိုယ့်ကံ လှိမ့်ခံနေရတယ်ဆိုတာ 'ဘယ်သူမပြု၊ မိမိမှု'အကုန်ပေါ်တော့တာပါဗျာ။ မြေဇင်းတောရဆရာတော်ကြီး ကျေးဇူးတွေ.....ကြီးလိုက်တာ။

လက်စသပ်တော့ ကိုယ့်မသာကိုယ်ထမ်းပြီး ထမင်းကလေးတစ်လုတ်စားရင်း သင်္ချိုင်းသွားနေကြသူတွေချည်းပါလား။ သင်္ချိုင်းတစ်ခေါက်ရောက်ပြန်တော့လဲ ခရီးကမဆုံးသေးပြန်ဘူး၊ တစ်ခါ ကြုံးထပြီး ခရီးကဆက်ရဦးမယ်။ ရွံမုန်းငြီးငွေ့စရာကြီးပါလားဗျာ။

ဆရာတော်ကြီး အမိန့်ရှိသလို ဒီဘာသနာ ဒီဆရာနှင့်တွေ့လို့ ဘဝကောင်းတုန်း၊ အခါကောင်းအချိန်ကောင်းတုန်း'မသာထမ်းဘဝ'က လွတ်ရအောင် ကိုယ့်ဝေစုကလေးကိုယ် အရယူကြပါစို့လား မေ့မိတ်ဆွေအပေါင်း သူတော်ကောင်းတို့။

ဦးကိုဦး(သိရီပဝရ မွှောစရိယ)
၂၉ လမ်း၊ (အနောက်ထီးလင်းတိုက်၊ အရှေ့ပေါက်)
မန္တလေး၊ တစ်ဆင့်ဖုန်း-၀၂-၆၀၀၅၈

◆

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သိပ္ပံလွန် ဘာသာတရား



ဆရာတော်ကြီးကို ဦးထိပ်ထားလျက် ကြွရောက်တော်မူလာကြတဲ့ ရဟန်းယောဂီ လူယောဂီနှင့် ဓမ္မမိတ်ဆွေ အပေါင်းတို့ဘုရား။ ဘုရားတပည့်တော်လျှောက်ထား ပြောကြားချင်တာက သိပ္ပံလွန်ဘာသာတရား အကြောင်းဖြစ်ပါတယ်။

မြတ်စွာဘုရားဟောတော်မူတဲ့ တရားတော်တွေကို လောကုတ္တရာ (လောကမှ လွန်မြောက်ကြောင်း)လို့ ဆိုကတည်းက ဗုဒ္ဓဘာသာကို “သိပ္ပံလွန် ဘာသာတရားလို့ အထူးပြောဖို့တောင် မလိုပါဘုရား။

သိပ္ပံပညာတွေ့ရှိချက်ဟာ ထိတွေ့ကိုင်တွယ်လို့ရတဲ့ အာရုံ ၅ပါးပေါ်က တိုင်းတာတွက်ချက်နိုင်းယှဉ်ပြီး ယာယီစိစစ်လက်ခံထားတဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ ယခုတပည့်တော်တို့ အာနာပါန သမထဝိပဿနာ တရားကို လက်တွေ့အားထုတ်ကြည့်တဲ့ အခါမှာတော့ ယောဂီ ၁၀၀နီးပါး အားလုံးလိုလို တွေ့ရှိသိမြင်ခံစားရတဲ့ တရားတွေဟာ ခေတ်မီတိုးတက်တယ်ဆိုတဲ့ ဘယ်သိပ္ပံ၊ ဘယ်လောကီပညာရပ်တွေနှင့်မှ နှိုင်းယှဉ်ပြောလို့မရတဲ့ ‘အစိန္တေယျဓမ္မ’ စိတ်ကူးကြံစည်လို့မရအောင် ထူးခြားမြင့်မြတ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တာတွေပါ။ သမာဓိအလင်းနိမိတ်ဖြင့် စကြဝဠာတစ်ခွင် လှည့်လည် ဘုရားဖူးခြင်း ၊ ကြည့်ရှုရခြင်းများဟာ သိပ္ပံပညာ စက်ကိရိယာတွေက မပေးနိုင်တဲ့ အံ့ဩဖွယ်တွေဖြစ်ပါတယ်။

သိပ္ပံပညာ ရူပဗေဒမှာ ဒြပ်ထုအလင်းအမှောင် အလျင်အဟုန်တို့ အကွာအဝေး အနီးအဝေးအချိန်စတဲ့ သီအိုရီတွေဟာ ဒီနေရာမှာ ပြတ်ကျန် နေရစ်ခဲ့ကြပါပြီ။

ဗုဒ္ဓမြတ်စွာဘုရား၏ 'အာနာပါန တရားတော်ကို ကန္နီနည်းဥပနိသျ အရ' မောင်းထောင်မြေဖင်းတောရဆရာတော်ဘုရားကြီးက 'ဝင်လေ ထွက်လေ'ဖုသနနည်း(ထိ၊သိ)နှင့် 'ဂဏနာနည်း' (၁၊ ၂၊ ၃-၈အထိ ရေတွက်မှု)များ ပေါင်းစပ်မှတ်ခိုင်းလို့ ၁၀ရက် လောက်ရတယ်ဆိုရင်ပဲ နှာသီးဖျား ဝန်းကျင်မှာ အလင်းနိမိတ်ရလာပါတယ်။ ဒီအလင်းနိမိတ် အနုအရင့်လိုက်ပြီး ဥဂ္ဂဟနိမိတ် ၊ ပဋိဘာဂနိမိတ်လို့ အမည်တပ်ရ ပါတယ်။

## ပိတ်ပင်ဆီးတား မရှိ၊ ဆိတ်ကွယ်ရာ မရှိ

အဲဒီနိမိတ်ကို တစ်တောင့်ထွာကစပြီး ရှေ့မှာရှိတဲ့တံတိုင်း၊ အကာအရံ တောတောင်၊ ရေမြေ အကုန်ဖောက်ထွင်းပြီး အထက်ဘဝဂ် နတ်ပြည် ဗြဟ္မာပြည် အောက်အာကာသထိ မြေထု ရေထု လေထု အကုန်ထွင်း ဖောက်ပြီး ပို့လွှတ်လို့ရပါတယ်။ အပိတ်အပင် အဆီးအတား ဘာမှမရှိ တော့ပါဘူး။ အဲဒီအခါမှာ (Physic)ရူပဗေဒနည်းအရ အလင်းယိုင်ကိန်း အရှိန်တို့ ဒြပ်ထုတို့ဆိုတဲ့ သီအိုရီတွေ လိုက်မမိတော့ပါဘူး။

ဒါကြောင့်လဲ သဒ္ဓါယုံကြည်စိတ်နဲ့ အံ့ဩစရာတွေ ဖြစ်နိုင်သလို သိပ္ပံပေတံနှင့် တိုင်းကြည့်တဲ့လူတွေအတွက်လဲ မယုံနိုင်စရာပါ။ လက်တွေ့အားထုတ်ကြည့်မှ ဗုဒ္ဓတရားတော်ဟာ မကြဲစည်အစ် မကြဲစည်နိုင် သော ဂုဏ်နှင့်ပြည့်စုံတာ တွေ့နိုင်မှာပါ။ ဒီခေတ်တိုးတက်တဲ့ သိပ္ပံ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စက်ကိရိယာ လေဆာစတဲ့ ရောင်ခြည်တွေ၊ နေရောင်လရောင်တွေ ထိုးဖောက်ဖြတ်သန်းလို့ မရနိုင်တဲ့အရာတွေ ဖြစ်ပါတယ်။ ယခုယောဂီ တို့အတွေ့အကြုံအရ၊ ပထမဆုံး ရိပ်သာဝင်းထဲရှိ ကျောင်းတွေရဲ့ နံရံတွေ ထွင်းဖောက်ပြီး တစ်ခန်းပြီးတစ်ခန်း နိမိတ်အလင်းရောင်နဲ့ ကြည့်ရှုတဲ့အခါ ယောဂီတွေ ဘာလုပ်နေတယ် ဆိုတာလဲ သိနိုင်မြင်နိုင်လို့ ဒီရက် (၆၀) တရားစခန်းဟာ ဆိတ်ကွယ်ရာ မရှိဘူးလို့ ပြောကြတာပါ။

## ယောဂီတို့ ပေါက်ရောက်သော ခရီးမိုင်

တပည့်တော်တို့ ယောဂီတွေဟာ အလင်းနိမိတ်နဲ့ ဖူးကြည့်တဲ့အခါ တာဝတိံသာရှိ စူဠာမဏိစေတီဆိုရင် ယူဇနာ ရှစ်သောင်းလေးထောင်အမြင့် ရှိပါတယ်။ ဗြဟ္မာဘုံက ဒုဿစေတီဆိုရင် ယူဇနာ (၄၉,၈၂၄,၀၀၀)ဝေးပါ တယ်။ အောက်အာကာသ နဂါးပြည်က စွယ်တော်နှင့် ငရဲပြည်ကိုလဲ ရောက်ကြပါတယ်။

မြေထု ၂ သိန်း ၄ သောင်း။

မြေအောက် ရေထု ၄ သိန်း ၈ သောင်း။

ရေအောက် လေထု ၉ သိန်း ၆ သောင်း။

ဒီလေထုက အင်မတန်ပြင်းထန်လှပါတယ်။ ဒီလေထုအောက် ဆုံးစမမြင်တဲ့ အာကာသတွေ ဖြစ်ပါတယ်။

ဆရာတော် သံဃာတော်များနှင့် ယောဂီ၊ ဓမ္မမိတ်ဆွေများဘုရား။

အဲသလို အထက်ဘဝဂ်၊ အောက်အာကာသ၊ စကြာဝဠာတိုး လျှိုပေါက်ထက်အောက်ဝဲယာ စကြဝဠာတံတိုင်းထိ သွားရောက်ကြည့်ရှု နိုင်ခဲ့ကြတာပါ။

တစ်ယူဇနာဟာ (မြေပြန့်တိုင်းတာနှုန်း) ၈မိုင်ခန့်နှင့် တွက်ကြည့်ရင် ဘယ်လောက်ဝေးတယ်ဆိုတာ သိနိုင်ပါတယ်။ ဒုန်းပျံနဲ့ လကမ္ဘာ သွားတယ်ဆိုတာ မိုင်ပေါင်း ၂ သိန်း ၄ သောင်းမျှသာဝေးပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တာဝတိံသာရဲ့အောက် စတုမဟာရာဇ်ဘုံ ယုဂန္ဓိုရ်တောင်ခါးပန်းလောက်မှာ နေလ နက္ခတ် တာရာတွေ ထွက်ပေါ်ကြတယ်လို့ ဗုဒ္ဓကျမ်းဂန်အရ သိကြရပါတယ်။

အံ့သြစရာကောင်းတာက ထက်အောက် ဝဲယာ စကြဝဠာ တစ်ခွင်နိမိတ် ပို့လွှတ်ကြတဲ့အခါ ပို့လွှတ်သူယောဂီကိုယ်တိုင် နိမိတ်နှင့်အတူ လိုက်ပါသွားပါတယ်။ တိဗ္ဗိဖန်သားပြင်မှာ သုခုမရုပ် ရုပ်နုအရိပ်တွေ ပေါ်လာသလိုပါ။ နတ်ပြည်က စွယ်တော်ဆံတော်၊ ဗြဟ္မာ့ပြည်က ဝတ်လဲတော်များ၊ နဂါးပြည်က စွယ်တော်တွေ သွားရောက်ဖူးကြတဲ့အခါမှာ နတ်သိကြား ဗြဟ္မာတွေ နဂါးမင်းတွေကိုယ်တိုင်က ကြိုဆိုကြ လမ်းညွှန်ကြ ရှင်းပြ ပြောဆိုပေးကြတာတွေတောင် ကြုံကြရပါတယ်။

တရားတော်ရဲ့ ဂုဏ်ကျေးဇူးတွေဟာ ပြောပြလို့ရေးပြလို့ မကုန်နိုင်ပါဘူး။ ကိုယ်တွေ့မကြုံသမျှ ယုံနိုင်စရာလဲ မရှိပါဘူးဘုရား။

## နတ်ပြည်နှင့်ငရဲဘုံပြ၍ တရားဟောသူ

ပိုပြီး အံ့သြစရာကောင်းတာက (ဒီပဋိဘာဂနိမိတ်မှာ တပည့်တော်တို့ အဓိပ္ပာယ်မဖော်နိုင်တာတွေအများကြီးရှိနေပါသေးတယ်၊ပဋိဘာဂနိမိတ်ဟာ မိုးရွာရွာ နေပူပူ နေ့နေ့ညည ပို့လို့ရပါတယ်။ လိုရာကို တည့်တည့်မတ်မတ်သွားပါတယ်။ အနီးအဝေး အနိမ့်အမြင့် အလင်းအမှောင် ချိန်လို့ရပါတယ်။ သိချင်တာမှန်သမျှ ချက်ချင်း အဖြေထုတ်ပေးတယ်၊ ဒီနေရာမှာ ယနေ့တိုးတက်နေတဲ့ ကွန်ပျူတာစနစ်ဟာ ဗုဒ္ဓ၊ ဓမ္မရဲ့ အစိန္တေယျဂုဏ်ကို ဥပမာပြသက်သေထူရန် နမူနာလမ်းစတစ်ခုဖြစ်လို့ သိပ္ပံပညာကိုလဲ ကျေးဇူးတင်စရာပါ။

ရှေးသီဟိုဠ်ခေတ်က ဓမ္မဒိန္နဆိုတဲ့ ရဟန္တာမထေရ်မြတ်တစ်ပါး ရှိခဲ့ဖူးပါတယ်။ အရှင်ဓမ္မဒိန္န ရဟန္တာမြတ်ကြီး တရားဟောတဲ့အခါ ယပ်ကိုအပေါ် ထောင်ပြလိုက်ရင် တရားနာပရိတ်သတ်များဟာ နတ်ပြည်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြဟ္မာ့ပြည်က နတ်ဗြဟ္မာတွေကို မြင်ကြရပါတယ်။ ယပ်ကို အောက်စိုက်ပြရင် ငရဲဘုံ ငရဲသားတွေ မြင်ကြရတယ်လို့ ဆိုပါတယ်။ ယုံနိုင်စရာမရှိပါဘူးဘုရား။

ယခုလဲ ကျေးဇူးရှင် မောင်းထောင်မြေဗင်းတောရ ဆရာတော်ဘုရားကြီး ပြသပေးတော်မူတဲ့တရားက ယောဂီတို့ကိုယ်တိုင် 'ဓမ္မစက္ခု' ကိုယ်ပိုင်ရအောင် လုပ်ပေးလိုက်တာဖြစ်လို့ အတိုင်းမသိ ကျေးဇူးကြီးမားလှပါတယ်။ ဒါက သမထပိုင်းပါဘုရား။

## ကမ္မ ဗိသုကာ၏ အရုပ်ထွေး အလေးနက်ဆုံး ခန္ဓာကိုယ်ယန္တရားကြီး

တစ်လပြည့်ပြီး ဝိပဿနာပိုင်းရောက်တော့ ရုပ်သပ်သပ်၊ နာမ်သပ်သပ် တညဏ်တညဏ်ကို ၂ရက်၃ရက်စီ ပေးပါတယ်။ ပိုပြီးအံ့ဩစရာ သိမ်မွေ့နက်နဲလာပါတယ်။ ခန္ဓာကိုယ်ကို မဂ္ဂင်နှင့်စောင့်ကြည့်တော့ ဘက်ထရီအားကောင်းသလောက် မီးသီးများ လင်းရသလို မိမိတို့ရဲ့ သမာဓိအားအလိုက် ခန္ဓာကိုယ်ရုပ်၊ နာမ်တို့ရဲ့ အဖြစ်အပျက်တွေကို လက်နဲ့ ကိုင်ကြည့်ရသကဲ့သို့ မြင်တွေ့ခံစား သိရှိရပါတယ်။ သမထသမာဓိအားကို တစ်လတိတိ ထူထောင်ထားခဲ့တဲ့ ကျေးဇူးပါ။ သမထအပြစ်ပြောကြသူများ သတိပြုစရာဖြစ်ပါတယ်။

နှစ်ရက်–တစ်ညဏ်ရှုပွားလို့ ပစ္စယပရိဂ္ဂဟညဏ် ရောက်တော့ ကိုယ်ပိုင်ဘဝသံသရာ ဓာတ်လမ်းရုပ်ပြ ပဋိစ္စသမုပ္ပါဒ်ဖြစ်တဲ့ ဘဝတွေ၊ ကလလ ရေကြည်မှအစ၊ အမိဝမ်းထဲမှာ အဆင့်ဆင့် လူခန္ဓာဓာတိ ဒုက္ခကြီးမားပုံတွေ မြင်ကြရတာဟာဖြင့် ပိုပြီးယုံနိုင်စရာမရှိအောင် သံဝေဂဖြစ်ကြ ရပါတယ်ဘုရား။

ကျေးဇူးရှင်မြေဗင်းတောရ ဆရာတော်ဘုရားကြီး ပြသပေးတော်မူတဲ့ ဒီကနိုနည်းရဲ့ ထူးခြားချက်ကတော့ သမထတလျှောက်လုံး ခန္ဓာကိုယ်မှာ အသက်သဖွယ်ဖြစ်ပြီး အချက်အချာကျတဲ့ ဝင်လေ ထွက်လေကိုပဲ ရှုမှတ်ရပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝိပဿနာ တလျှောက်လုံးလည်း ခန္ဓာကိုယ်တစ်ခုလုံးရဲ့ 'အညာ' အသက်ပမာ ပဓာနကျတဲ့ 'ဟဒယ'နှလုံးကိုပဲ စိုက်ကြည့်ပြီး ရှုမှတ်ရပါတယ်။ ဒါဟာ သိပ်စိတ်ဝင်စားစရာကောင်းပါတယ်။ နှလုံးဆိုတဲ့ အင်္ဂါအစိတ်အပိုင်းဟာလဲ အလွန်အစွမ်းထက်ပြီး သတ္တဝါနဲ့ ကမ္ဘာကြီးကို ဖန်ဆင်းတဲ့(နာမ်)စိတ်ရဲ့ ဌာနချုပ်ကြီးပါ။

ခန္ဓာကိုယ် ယန္တရားကြီးတည်ဆောက်ပုံကလဲ စဉ်းစားလေ လေးနက်လေပါဘဲ။ လူလုပ်တဲ့စက်ယန္တရားတွေ ဘယ်လောက်ဆန်းကြယ်ရှုပ်ထွေးတယ်ဆိုဆို ကမ္ဘဗိသုကာဆောက်ထားတဲ့ ခန္ဓာကိုယ်ယန္တရားကြီးကို မမီပါဘူး။ သမထဝိပဿနာအလုပ်ဆိုတာ ဒီခန္ဓာကိုယ်ယန္တရားကြီးမှာ မီးအလျှံ ရေအလျဉ်လို တသွင်သွင်စီးဆင်းဖြစ်ပျက်နေတဲ့ ရုပ်နာမ်ခန္ဓာအစဉ်ကို မဂ္ဂင်နဲ့ စောင့်ကြည့်ရတဲ့အလုပ်ပါ။

## ခန္ဓာဗေဒ အညာ–ထွက်လေဝင်လေနှင့်နှလုံးသား

အားလုံးသိတော်မူကြတဲ့အတိုင်း ဒီလို မဂ္ဂင်နဲ့ စောင့်ကြည့်တဲ့အခါ ဟဒယနှလုံးရဲ့ သွေးလေလည်ပတ်မှုညီပေးတယ်။ သွေးပြန်ကြော၊ သွေးလွှတ်ကြောတွေကြောင့် လည်ပတ်နေတဲ့သွေး 'အသက်ဓာတ်'ကို သန့်ရှင်းသန်မာအောင် ဝင်လေဖြင့် အောက်ဆီဂျင်(Oxygen)ကို ထည့်သွင်းပေးတယ်။ ထွက်လေဖြင့် သွေးထဲမှာရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်(Carbondioxide)အညစ်အကြေးတွေကို ဆေးကြောဖယ်ထုတ်ပေးတယ်။ မဂ္ဂင်တရားတွေနဲ့ ထိန်းချုပ်ထားတဲ့ အလွန်အစွမ်းထက်တဲ့ မနောဓာတ်စိတ်ဟာလဲ ကြည်လင်တောက်ပပြီး သန့်စွမ်းလာပါတယ်။ ပရိယတ္တိစာပေအဘိဓမ္မာတတ်တဲ့ ပုဂ္ဂိုလ်များကတော့ ဟဒယဟဝတ္ထုနှင့် စိတ်တို့သဘောကို ပိုပြီး ပဓာနကျပုံ သိကြမှာပါ။

ဒါကြောင့် တရားအားထုတ်ကြတဲ့ ယောဂီအများအပြား အံ့ဩဖွယ်ကောင်းလောက်အောင် ဆေးမနိုင်တဲ့ ရောဂါကြီးတွေ ပျောက်ကင်းကြတယ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆိုတာ ဘာမှမဆန်းပါဘူး။ စိတ်သန့်စင်တော့ ရုပ်ကြည်လင်တယ်။ သမထ ဝိပဿနာဆိုတာ ဒီစိတ်ကို ချေးချွတ်ပေးတဲ့ အလုပ်မဟုတ်ပါလား ဘုရား။

ဗုဒ္ဓရဲ့ တရားတော်များကို သိပ္ပံနည်းကျတယ်ပြောရင်တောင်မှ ချီးကျူးရာ မရောက်နိုင်ပါဘူး။

အနည်းငယ်ဆက်၍ လျှောက်ထားခွင့်ပြုကြပါဘုရား။ သိပ္ပံပညာ အနတမီ (Anatomy)ခန္ဓာဗေဒပညာမှာ ၂၀ရာစုကုန်ခါနီးအထိ ဦးနှောက် ကိုပဲ အသိဉာဏ်ရဲ့ ဗဟိုချက်မအဖြစ် ယူဆခဲ့ကြပါတယ်။ ဗုဒ္ဓအဘိဓမ္မာ တတ်တဲ့ပုဂ္ဂိုလ်များ နှစ်ပေါင်းများစွာ အောင့်သက်သက်နဲ့ ကြားနေခဲ့ ကြရပါတယ်။ သူတို့ကျေနပ်အောင်လည်း ဖြေရှင်းချက်မပေးနိုင်ခဲ့ကြပါဘူး။

ဒါပေမယ့် ယနေ့မြေဇင်းတောရဆရာတော်ကြီးရဲ့ ကန္တီနည်းက 'ဟဒယနှလုံးသားပဓာန'ဆိုတာ လက်တွေ့ကျကျ အခိုင်အမာ သိပ္ပံပညာ ကို စိန်ခေါ်လိုက်သလိုပါ။

ဒီကန္တီနည်း တစ်ခေတ်ဆန်းသစ်လာချိန်မှာ ကံအားလျော်စွာ သိပ္ပံပညာကပါ ထောက်ခံလာနေပါတယ်။

၁၉၉၈ ခုနှစ် ဧပြီလထုတ် Natural Health မဂ္ဂဇင်းမှာ နှစ်ပေါင်းများစွာ နှလုံးအစားထိုး အထူးကုသမားတော်ကြီး ဒေါက်တာ ပေါလ်ပါးဆဲလ် (Dr. Paul Pear Sall) ဆိုသူက The Heart Remember ဆိုတဲ့ ဆောင်းပါးတစ်ပုဒ် ရေးသားထားပါတယ်။

သူက ၂၀ ရာစု ကုန်ခါနီးအထိ ဦးနှောက်သာပဓာနဆိုတဲ့ အစဉ်အလာကိုပယ်ချပြီး နှလုံးဟာ သွေးသွင်းသွေးလွှတ်ပမ့် (Pump) သဘောမျှသာ မဟုတ်ဘဲ အသိဉာဏ်သိုလှောင်ထိန်းသိမ်းရာ၊ ဖြန့်ဖြူး ရာ ဗဟိုချက်မ ပဓာနကိရိယာကြီးတစ်ခုဖြစ်ကြောင်း ကိုယ်တွေ့ဖြစ်ရပ်များ ဖြင့် အခိုင်အမာ ရေးသားထောက်ပြခဲ့ပါတယ်ဘုရား။

ဒီနေရာမှာလဲပဲ တကယ့်သိပ္ပံပညာ၊ ဆေးပညာတတ်သိထားတဲ့ ပုဂ္ဂိုလ်များ တပည့်တော်တို့ထက် အဆပေါင်းများစွာ ချဲ့ထွင်နားလည်ပြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တစ်နေ့သောအခါ ဒီကန္တနည်းရဲ့ အကျိုးကျေးဇူးကြီးမားပုံကို ပိုပြီး သိမြင်ခံစား ထုတ်ဖော်လာကြလိမ့်မယ်လို့ ယုံကြည်ပါတယ်ဘုရား။ ဒီနည်း သူတို့လက်ထဲ အမြန်ရောက်ပါစေလို့ ဆုတောင်းပါတယ်။

ကျေးဇူးရှင်မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး အမှူးထား၍ ယောဂီများကို အနီးကပ်ပြုပြင်စောင့်ရှောက်ပေးကြသော ဦးပဥ္စင်း ဦးမဏ္ဍလ၊ အဘပု၊ အဘဦးလှချစ် (ဓမ္မာစရိယ)၊ ဦးသန်းအောင်၊ ဆရာကိုဆွေ (B.Sc)၊ဆရာမကြီး ဒေါ်မြမြဝင်းနှင့် အထူးသဖြင့် ထေရဝါဒ စစ်စစ် ကိုးကွယ်ဆည်းကပ်တတ်အောင် ဗုဒ္ဓဘာသာကို ခေတ်အမြင်နှင့် သုံးသပ်တတ်အောင် နေ့စဉ်ဟောကြားပြသပေးသော ဘဘဦးဌေးလှိုင် တို့အား ကျေးဇူးအထူးတင်ရှိပါတယ်။ နောက် ကျောင်းဒကာ ကျောင်း အမများ၊ ဆွမ်းဒကာ ဒကာမများနှင့် ဓမ္မလုပ်သားများ အားလုံးတို့ကိုလဲ (အားလုံးကိုယ်စား) ကျေးဇူးတင်ရှိပါကြောင်း ပြောပါရစေ။

## နိုင်ငံခပ်သိမ်း တရားကိန်းအောင်

နိဂုံးချုပ်အားဖြင့်

- ကမ္ဘာ မည်သည့်နေရာ ဒေသမဆို၊ အတိအကျညွှန်ပြနိုင် သော ပဋိဘာဂနိမိတ်၊
- ပကတိမျက်စိဖြင့်မမြင်နိုင်သည့် သတ္တလောကကိုပင်ဖောက် ထွင်းမြင်နိုင်သော ဓမ္မစက္ခု၊
- အညစ်အကြေးကင်းစင်သော 'မေတ္တာစေတောဝိမုတ္တိ'မေတ္တာ စွမ်းအား၊
- ဘာမဆို လိုရာပြီးစေသော သစ္စာစွမ်းအား၊

ဤအစိမ့်ယျတရားအစွမ်းများကို အသုံးပြုလျက် ဒုစရိုက်တရားတွေ ပြန့်ပွား၊ အဓမ္မဝါဒတွေ ထွန်းကားနေသော ဤကမ္ဘာလောကကြီးတစ်ခုလုံး ရှိ ကမ္ဘာသူကမ္ဘာသားအားလုံး ငြိမ်းချမ်းသာယာဝပြောပါစေရန် အသံတိတ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ကန့်ကွက်နည်း

'ဤနည်းအတိုင်း ကျကျနန အဖျတ္တနိမိတ်အာရုံသွင်းကာ ဝိပဿနာ ရှုပွားပါက 'ဟုတ်ပါပေ၏၊ မှန်ပါပေ၏၊ ကောင်းလှပါ ပေ၏၊ ဝိပဿနာမှာ အကျိုးများပေ၏၊ အကျိုးရှိပေ၏'ဟု ကိုယ်တိုင်ဝန်ခံ လာရပေလိမ့်မည်။

ဝိပဿနာသက်သက် ရှုတာထက်၊ ဗဟိဒ္ဓနိမိတ်အာရုံလောက်နှင့်ဝိပ-ဿနာရှုတာထက် အဆမည်မျှကွာခြားကြောင်း ကိုယ်တိုင်ဝန်ခံ ကြရပေလိမ့်မည်။' (ဘာဝနာပါရဂူ–၁၇)

အနောက်–ပရက္ကမဆရာတော်ဘုရားကြီး
စစ်ကိုင်းတောင်ရိုး။

မေတ္တာများပွားများပို့သပြီး သစ္စာပြုပေးတော်မူကြပါရန် အလေးအနက် တိုက်တွန်းရင်း–

ဘုရားတပည့်တော်၏ 'ဓမ္မရသ' ခံစားသုံးသပ်လွှာကို နိဂုံးချုပ်လိုက် ပါသည် ဘုရား။

○ နိုင်ငံခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ။

○ နိုင်ငံခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ။

○ နိုင်ငံခပ်သိမ်း တရားကိန်း အေးငြိမ်းကြပါစေ။

မြေဖြင်းယောဂီ ကိုနေမင်းအောင် B.Sc(Chem)
(Olive Co.Company)
၃၂ လမ်း (၆၃/၆၄ကြား)၊ မန္တလေး။
ဖုန်း– ၀၂–၃၆၇၉၅

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



## ခံစားချက်

## ဒီဘဝနှင့်ဒီနှစ်လ

အသက် ၅၀ မှတ်တိုင်ရောက်အောင် နာရီရက်လတွေ နိမ့်လိုက်မြင့်လိုက်၊ အများကြီးလျှောက်ခဲ့ရပြီ။ စိတ်အစဉ်တွေ ပြန်ကြည့်လျှင် လောဘဒေါသ အကုသိုလ်ဝန်ထုပ်ကြီးက တနင့်တပိုးကြီးပါလား။ ကုသိုလ်စိတ်ကားလျှပ်စီးပြက်သလောက်သာ။

ဒီနှစ်လကတော့ ဒီဘဝအတွက်သာမက၊ သံသရာအတွက်ပါဖူလုံသွားပြီဟု ယုံကြည်စိတ်ချ၏။ ဒီနှစ်လနှင့်ကပ်နေသောရှေ့နှစ်လကမူပြဿဒါးရက်ချည်း ဖြစ်သည်။ တစ်သက်နှင့်တစ်ကိုယ် ဒီလို တစ်ခါမျှစိတ်မဆင်းရဲခဲ့ရစဖူးပါ။ ဒုက္ခတွေတောင်လိုပုံပြီး သောကတွေ ပင်လယ်ဝေခဲ့သည်။ စီးပွားရေးအတွက် မဟုတ်ပါ။ သာသနာ့ရေးအတွက် ဒုက္ခသောကတွေချည်းဖြစ်၏။

အကောင်းလာဖို့ အဆိုးရှေ့ကခံ၊ မာရ်နတ်ဖျက်တယ်ဆိုတာ ဒါပါလားဟု ရိပ်စားမိရတော့သည်။

ရန်ကင်းတောင်ခြေ အနောက်ဘက်မှာ ခေတ်မီပရိယတ္တိစာသင်ကြားရေး သံဃာ ၃၀၀ ကျော်ရှိ ဥယျာဉ်တိုက်ကြီး ရှင်သန်ရပ်တည်အောင် ဆန္ဒတူ ဓမ္မမိတ်ဆွေများနှင့် ကိုယ့်စီးပွားရေးလို လုပ်ခဲ့ရပြီ။ ယခု ရန်ကင်းတောင်ခြေ အရှေ့ဘက်တွင် တောရိပ်တောင်ရိပ်မှာ တစ်မဂ် တစ်ဖိုလ် ရကြပါစေဆန္ဒဖြင့် ဓမ္မမိတ်ဆွေများ၏ အကူအညီ၊ တောင်တော် ဆရာတော်များ၏မေတ္တာ၊ ဘဘ ဦးဌေးလှိုင်၏

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လမ်းညွှန်မှုအရ ကမ္ဘာသူ ကမ္ဘာသားများအတွက်ပါ တရားရိပ်ခိုနိုင်မည့် ဓမ္မရိပ်သာကြီးတစ်ခု နှစ်လအတွင်း အပူတပြင်း ဆောက်လုပ်ခဲ့၏။

လူ ၅၀–၁၀၀ တရားဝင်နိုင်အောင် သိန်း ၈၀ကျော် မတည်ဆောက်လုပ်ရာ ဘဏ်ငွေကြေးအခက်အခဲများ နှောင့်ယှက်ဟန့်တားမှုများကြားက အေးငြိမ်းရိပ်သာကြီး ဘွားခနဲပေါ်လာ၏။ မည်သူကမျှ အချိန်မီပြီးစီးမည် မထင်ကြ။ ဤသို့အောင်မြင်ရန် 'လူအများ တရားရကြရပါစေ' ဟူသော စေတနာကုသိုလ်ဆန္ဒသည် အဓိကတွန်းအားကြီးဖြစ်ခဲ့သည်။

သူ ၆၄ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက်၊ ၉–၄–၀၃ ညနေ ၅ နာရီ မြေဇင်းတောရဆရာတော်ကြီးက စတင်တရားပေးအပ်၏။ ဆရာတော်ကြီး ဖူးရသည်နှင့် ပူလောင်ဆူလှိုက်နေသော ကျွန်တော့်ရင်တွေ ငြိမ်းအေးတည်ငြိမ်သွား၏။ နေပူကျဲကျဲ မိုးလည်းရွာချသည်။

'အရဟံ' ၃ ရက်ဖြင့် တကယ်အားကိုးရမည့်အရာ ရသွား၏။ 'မေတ္တာ' ဖြင့် အားကိုးရာလက်နက် ရသွား၏။ အားတွေ ထူးထူးခြားခြား တက်လာသည်။ 'မရဏာဿတိ' ဖြင့် လုပ်ရမည့်အလုပ်ဟာ ဒါပဲဟု အမြင်ရှင်းသွား၏။

နှစ်လတိုင်တိုင် ဝေယျာဝစ္စတွေကြားက တစ်နေ့ ၄ နာရီခန့်သာ အိပ်၍ကြိုးစားလိုက်ရာ သက်သာလွယ်ကူသော တရားက တဖြည်းဖြည်း အေးငြိမ်းရာသို့ ခေါ်ဆောင်သွား၏။ 'ဒီဘဝမှာပင် မုချ နိဗ္ဗာန်ရမည့်တရား' ဟု အကြွင်းမဲ့ယုံကြည်စိတ်ချသွားသည်။ ဘာနှင့်မျှမလဲနိုင်တော့။ ဆရာတော်ကြီးမေတ္တာနှင့် အကြီးအကျယ် အခက်အခဲတွေ့စဉ်က (ရန်ကုန်မှဖုန်းဖြင့်) ဘဘဦးဒွေးလှိုင်၏ အားပေးစကားများသည် စခန်းသိမ်းအောင်ပွဲဆီသို့ ပို့လိုက်ပါတော့သည်။

'ကုသိုလ်အလုပ်၊ သာသနာပြုအလုပ်ဆိုတာ အခက်အခဲတွေ့လေ၊ တိုးလုပ်လေလုပ်ရတယ်။ နောက်မဆုတ်နှင့်။ အတိုက်ကြမ်းလေ (သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယတွေ) ပိုတိုးပြီးလုပ်ရလေပဲ။ နောက်'မနေ့က စိတ်ညစ်တာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ငါမှဟုတ်ရဲ့လား။ ဒီလောက်ကြီးကျယ်မြင့်မြတ်တဲ့ လုပ်ငန်းကြီး ဖြစ်လာတာ ငါလုပ်တာမှ ဟုတ်ရဲ့လား'လို့ မကြာခင် တွေ့ရမှာပါဗျာ။'

ဒီနှစ်လကား ဒီဘဝအတွက် သာမက၊ တစ်သံသရာလုံးအတွက် အာမခံချက်ပေးသော တန်ဖိုးမဖြတ်နိုင်သည့် နှစ်လပါတကား။

ပင်မ ကျောင်းတကာ ဦးသိန်းအောင်
၇၆လမ်း (၃၁/၃၂လမ်းကြား)မန္တလေး။
ဖုန်း-၃၈၄၉၄



လျှိုမြောင်
စိမ့်စမ်း
အေးချမ်းသာယာ
ရန်ကင်း
အေးငြိမ်းရိပ်သာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရှုခင်းတွေ ကြည့်ရင်းနဲ့ ပင်လယ်ထဲဆင်းသွားရသလို

ကျွန်တော် ဒုက္ခဝေဒနာအလွန်နည်းစွာဖြင့် ဆရာတော်ကြီး ကျေနပ်လောက်အောင် ရက် ၆၀ လုံးလုံး အားထုတ်နိုင်ခဲ့ပါတယ်။ သင်ခန်းစာတိုင်းလည်း အားရပါတယ်။

ဒီနည်းက ယောဂီရဲ့စိတ်ရောကိုယ်ပါ လွတ်လပ်ခွင့်ပေးပါတယ်။ ဘယ်လောက်ကြာကြာ ထိုင်ရ၊လျှောက်ရမယ်ဆိုတာ မရှိပါဘူး၊ အရေးကြီးတဲ့ သတိပေးမှုတစ်ခုကတော့ ရှိပါတယ်၊ အဲဒါက.....စကားမပြောကြဖို့ပါ။ သမထဆိုတာ 'အသံ'အကြောက်ဆုံးပဲ မဟုတ်လား။

ကိုယ့်ကိုကိုယ် သုံးသပ်ကြည့်တော့ ခုလိုပေါ့ပေါ့ပါးပါးနှင့် အောင်အောင်မြင်မြင်အားထုတ်လို့ ရသွားတာဟာ အဓိက အချက်နှစ်ခုကြောင့်လို့ ယူဆပါတယ်၊ အဲဒါကတော့–

(၁) ၁၅ ရက်၊ ရက် ၂၀ခန့် စကား ပြောမှု စောင့်စည်းနိုင်တာရယ်။

(၂) ထိုင်တဲ့အချိန်တင်မဟုတ်ပဲ၊ သွားလာလုပ်ကိုင်လှုပ်ရှားတဲ့ အချိန်တွေပါ နာသီးဖျားမှာ ထိသိမြဲအောင် လုပ်နိုင်တာပါပဲ။

ဒီ ၂ချက်က ကြာလေ၊ ကျေးဇူးကြီးလေဆိုတာ ကိုယ်တွေ့ပါပဲ။

ကျေးဇူးရှင်မြေဇင်းတောရ ဆရာတော်ကြီးပေးတဲ့နည်းက တစ်လလောက် သမထသမာဓိကို ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်ရတဲ့အထိ ထူထောင်ပေးတာဆိုတော့ ဝိပဿနာမှာ ပိုပြီးရှင်းပါတယ်။

ကျွန်တော်အထူးအားရ ကျေနပ်ပါတယ်။ လုပ်ရင်းလုပ်ရင်း ဒီလောက်လွယ်တဲ့နည်း လူတိုင်းကို ရစေချင်ပါတယ်။ ဘုရားဖူးတာတွေ အထူးမပြောတော့ပါဘူး။ ဒါပေမယ့် သမထမှာ သဒ္ဓါတရားဖြစ်ရတာကတော့ အလွန်ပါပဲ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

'ဘုန်းကြီးတို့လဲ ကန္တနည်းကို အားထုတ်ခဲ့ဖူးပါတယ်။
သာသနာတော်မှာ အလွန်ကျေးဇူးများတဲ့ နည်းတစ်ခုပါပဲ။'
ရွှေဥမင်ဆရာတော်ဘုရားကြီး

ဝိပဿနာရောက်တော့–

(၁) တစ်ရက်ပြီးတစ်ရက် တစ်ဉာဏ်ပြီးတစ်ဉာဏ် ရုပ်နာမ်အဖြစ်အပျက်တွေဟာ ပိုပြီး ထင်ရှားထင်ရှားလာပါတယ်။ တစ်နေ့ထက်တစ်နေ့လဲသိမ်မွေ့လာတယ်။

(၂) ဖြစ်ပျက်တွေ၊ ခန္ဓာကိုယ်အပြစ်တွေ မြင်လာလေလေ၊ လောဘဒေါသ မာန်မာနတွေ နည်းနည်းလာလေပါပဲ။

(၃) လောဘစတာတွေ နည်းလာတာနှင့်အမျှ ကိုယ်နှုတ်နှလုံးသုံးပါးလုံး ကြည်လင်ချမ်းမြေ့ပြီး ဘာနှင့်မျှ မတူတဲ့ ငြိမ်းအေးမှုရလာပါတယ်။ ရှုခင်းတွေ ကြည့်ရင်းနှင့် ပင်လယ်ကမ်းစပ် ရေတိမ်ရာကနေ တဖြည်းဖြည်း နက်ရာ.....အေးရာ ဆင်းသွားရသလိုပါပဲ။ ဒါ သမထ ကျေးဇူးပါ။

ကိုယ်တိုင်လုပ်ကြည့်မှသိမှာမို့ အားထုတ်ဖြစ်အောင် အားထုတ်ကြည့်ကြစေချင်ပါတယ်။



ဦးညိုဝင်းအောင်(I.S.F နာယက)
၁၂၂–၈၅လမ်း(၄၂/၄၅)ကြား
ရှမ်းစုစာတိုက်၊ မန္တလေး။
ဖုန်း–၀၂–၂၅၄၃၉။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မျက်စိမြင်တာကမှ မှားချင်မှားဦးမယ်

ကျွန်တော် လနှင့်ချီပြီး တရားအားထုတ်ခဲ့တာ ကြာပါပြီ။

လွန်ခဲ့တဲ့အနှစ်သုံးဆယ်လောက်က စစ်ကိုင်း ပရက္ကမဆရာတော် ၂ ပါးဟာ သမာဓိနိမိတ်ကို နတ်ပြည်ငရဲပြည်ထိ ပို့လွှတ်နိုင်အောင် ကျင့်ကြံကြတယ်လို့ ကြားရတော့ အလွန်အံ့ဩပြီး ရလဲရချင်၏။ တကယ့် ပါရမီရှင်ကြီးတွေမှ ရမည့်နည်းပဲလို့ ထင်ခဲ့ပါတယ်။

ခုတော့ လက်တွေ့ဖြစ်ပါပြီ။ ဒီရက်ပိုင်းလောက်နှင့် ဒီလောက် ထူးခြားမြင့်မြတ်တဲ့ အကျိုးကျေးဇူးတွေရမယ် မထင်ခဲ့မိပါဘူး။ ကျေးဇူးရှင် မြေဖင်းဆရာတော်ကြီးရဲ့ကျေးဇူးပါ။ ဆရာကြီးဦးဌေးလှိုင်တို့ရဲ့ ကျေးဇူးပါ။

အံ့ဩစရာတစ်ခု ပြောပါရစေ၊ ရိပ်သာ အရှေ့ဘက်က ညောင်ပင်ကို နိမိတ်လွှတ်ကြည့်ဖို့ ဆရာတော်ကြီးခိုင်းလို့ မပို့လွှတ်ခင်ညနေက အခြေအနေသွားကြည့်ထားပြီ၊ ည ပို့လွှတ်ကြည့်ပါတယ်၊ ကြည့်တော့ ညနေကမြင်ခဲ့တဲ့ ညောင်ပင်ကြီးရဲ့ အလယ်မှာ ထန်းပင်တစ်ပင်ပါတွေ့ရ ပါတယ်၊ 'ငါ့နိမိတ် အမြင်မှားနေပြီ'ဆိုပြီး စိတ်မကောင်းဖြစ်သွားခဲ့ရ တယ်။ မကျေနပ်လို့ နောက်တစ်နေ့ နံနက် သွားကြည့်တော့ ညက အတိုင်းပဲ ညောင်ပင်ကြီးက ထန်းပင်ကို ရစ်ပတ်မျိုထားတာ တွေ့ရမှ စိတ်အေးသွားတော့တယ်။

ညနေကကြည့်တော့ တောင်ဘက်က၊ ညောင်ပင်ပဲတွေ့ရတယ်။ အနောက်ဘက်ကကြည့်မှ ငုံထားတဲ့ထန်းပင် ကိုပါမြင်ရတော့တာကိုး။ ဩော် 'မျက်စိက မှားချင်မှားဦးမယ်၊ နိမိတ်က မမှားနိုင်ပါလား' ဆိုတာသိပြီးဝမ်းသာလို့ မဆုံးပါ။ ဒီနိမိတ်နှင့်ပဲ အထက်ဘဝဂ် အောက် အာကာသအထိ သဲသဲကွဲကွဲ ကြည့်လို့ဖူးလို့ ရခဲ့ကြပါတယ်။ ယုံနိုင်စရာ မရှိပါဘူး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မျက်စိမွဲတဲ့ မှုန်တဲ့လူကို ဆရာဝန်က ပါဝါဒီဂရီမှန် တစ်ချပ်ပြီး တစ်ချပ်ထည့်ပြီး လိုအပ်တဲ့ဒီဂရီရအောင် စမ်းသပ်သလို ဆရာတော်ကြီးက စိတ်ရှည်ရှည်နှင့် မမောနိုင်မပန်းနိုင် လိုအပ်တဲ့သမာဓိစံချိန် မရောက်မချင်း တစ်ဦးချင်းဒုက္ခခံပြီး တရားစစ်ပြုပြင်ပေးတာဆိုတော့ မြေဇင်းတောရဆရာတော်ကြီး ချီးမြှင့်လိုက်တဲ့ 'ဓမ္မစက္ခု'မျက်မှန်နှင့် ခန္ဓာ ၅ပါးရုပ်နာမ်စာအုပ်ကြီးကို ကောင်းကောင်းဖတ်လို့ရသွားပြီလေ။

ပေါ့ပါးလွယ်ကူပြီး၊ ဒီဘဝမှာဘဲ 'လူတိုင်းသေချာပေါက် တစ်မဂ် တစ်ဖိုလ် ရကိုရရမယ်လို့' အကြွင်းမဲ့ယုံကြည်သွားပါတယ်။ လက်တွေ့လုပ်ဖြစ်အောင် လုပ်ကြစေချင်ပါတယ်ခင်ဗျား။

**ချမ်းသာဦးသန်းဆွေ(I.S.F အတွင်းရေးမှူး)**

ချမ်းသာဖယောင်းစက်၊

ရိပ်သာလမ်း၊ စိန်ပန်း၊ မန္တလေး။

ဖုန်း–၀၂–၆၅၁၀၆။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# 'ငါ'လျော့သွား၍ အားလုံး အဆင်ပြေပါသည်

ကျွန်တော် သင်ယူတတ်မြောက်ပြီး တစ်သက်လုံး ကျင့်လည် ထိတွေ့ရတာက ရုပ်ဝတ္ထု၊ ခန္ဓာဗေဒ အတတ်ပညာ ဖြစ်ပါသည်။ ဒါလည်း ကိရိယာတန်ဆာပလာ အကူအညီနှင့်မှ သိရပါသည်။ ယခု ဝိပဿနာကမူ ကိုယ်ပိုင်ပညာမျက်စိဖြင့် ရုပ်နာမ်နှစ်မျိုးစလုံးကို ရှုကြည့် ရတာ ဖြစ်ပါသည်။

သိပ္ပံနှင့် ဝိဇ္ဇာ ပညာနှစ်ရပ်သည် လူသားအကျိုးပြုရန် ရည်ရွယ် ချက်တူသော်လည်း လျှောက်လှမ်းပုံခြားနားသည်ကို ကိုယ်တိုင်တွေ့ရပြီး အသိဉာဏ်တွေ ကြွယ်ဝလာပါသည်။ သမထက အံ့ဩရ၍ ဝိပဿနာ က အမြင်မှန်ရပြီး စိတ်ချမ်းသာရပါသည်။

ဝိပဿနာ ဝိဇ္ဇာမျက်စိဖြင့် ရုပ်နာမ်ခန္ဓာကိုယ်ကြီးကို ခွဲတတ်ခွဲကြည့် နိုင်လာသဖြင့် ခန္ဓာကိုယ်ကြီးကို မက်မောတွယ်တာမှု မရှိတော့ပဲ တစ်နေ့ တခြား ငြိမ်းချမ်းမှန်းလာပါသည်။ 'ငါ' လျော့သွားပါသည်။ ငါ လျော့သွားလျှင် အားလုံးအဆင်ပြေပါသည်။

သာသနာတော်နှင့် ကြုံခိုက်၊ ဆရာသမားကောင်းနှင့် ဆုံခိုက်၊ အချိန်မနှောင်းခင်၊ ဘဝ မပြောင်းခင် ကျေးဇူးရှင် မြေဖင်းတောရ ဆရာ တော်ကြီးထံ ဆည်းကပ်အားထုတ်ကြရန် တိုက်တွန်းရပါသည်။

ဆရာဝန်ကြီး ဦးမြင့်ဆွေ(ခ) ဦးစိုးဝင်းနိုင်
**M.B.B.S (MDY)**
၂၅၂-၃၃လမ်း(၈၂-၃)ကြား၊မန္တလေး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



## သရုပ်ပြဗုဒ္ဓဝင်ကျမ်းကြီး ဖတ်ရှုနေရသလို

'အရဟံ'ဂုဏ်တော်ကြီးကို ၃ ရက်ပွားရသောအခါ ဘုရားရှင်၏ အစိန္တေယျဂုဏ်တော်တွေ၊ လူမင်း နတ်မင်း ဗြဟ္မာမင်း နဂါးမင်းတို့ ပူဇော်မြတ်နိုးကြပုံတွေ၊ သိဒ္ဓတ္ထမင်းသား တောထွက်ပြီး အနော်မာ သောင်ကမ်းမှာ ဆံတော်ပယ်၍ သိကြားမင်းဆံတော်ပင့်သွားပုံ၊ ဃဋိကာရ ဗြဟ္မာကြီးက ကြာသက်နှန်းကပ်လှူပြီး ဝတ်လဲတော်များ ပင့်ဆောင်သွားပုံ၊ စေတီများတည်ထားကိုးကွယ်ကြပုံ၊ ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာပေါ်မှာ အဘိဓမ္မာဟောပုံတွေ သရုပ်ပြဗုဒ္ဓဝင်ကျမ်းကြီး ဖတ်နေရသလို စာတွေ့လက်တွေ့ ခံစားရသည်မှာ အလွန်ပင်ဖရဏာ ပီတိဖြစ်ကြရပါသည် ဘုရား။

ရုပ်နာမ်တွေတသဲသဲဖြစ်ပျက်မဆုံးပုံမြင်ရတော့လည်း ကြမ်းသော အနိစ္စ၊ဒုက္ခမှ သိမ်မွေ့သော အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတွေ ပေါ်လွင် လှပါသည်။ ဒီဘဝမှာပင် အပါယ်ဘေး၊ ခန္ဓာဝန်ဘေးကြီးက လွတ် အောင်ရုန်းလိုသော သဒ္ဓါဆန္ဒဝီရိယများ ထက်ထက်သန်သန် ဖြစ်သွား ပါသည်။ တကယ်လွတ်မြောက်စေနိုင်တဲ့ နည်းဖြစ်သည်ကိုလည်း အကြွင်း မဲ့ယုံကြည်ပြီး လွတ်အောင် ကြိုးစားပါမည်ဘုရား။

ဦးအောင်မြတ်(ဗထမကြီး)
၈၃–၃၄(ဆေးရုံကြီးတောင်ဘက်)၊
မန္တလေး။

# ငရဲမကြောက်တဲ့လူ

ကျေးဇူးရှင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး ပြသပေးတော်မူသော ရက် ၆၀ တရားစခန်းက လူသစ်စိတ်သစ်၊အသိသစ် အမြင်သစ်တွေ ဖြစ်ပေါ်စေပါတယ်။ စိတ်တွေထက်သန်ရဲတင်းလာပြီး အေးငြိမ်းမှုလည်း ခံစားရပါသည်။ ထူးခြားမှု တစ်ခုပဲ ပြောပါရစေ။

နှစ်သိန်းလေးသောင်း မြေထုကို အလင်းနိမိတ်ဖြင့် ဖောက်ထွင်းသွားပြီး နဂါးပြည်က စွယ်တော်ကို ဖူးရပါသည်။ အဲဒီမှအပြန် ငရဲခန်းများတွင် ဒုက္ခခံနေရသော ငရဲသားများကို တွေ့မြင်ရ၍ တရားစစ်သောနေ့တွင် လျှောက်ထားရာ–'မကြောက်ဘူးလား'ဟု မေး၍'မကြောက်ကြောင်း' အမှန်အတိုင်း လျှောက်လိုက်ပါသည်။ ဆရာတော်ကြီးက 'မင်းကိုယ်တိုင် ငရဲသားတွေ မြင်နေရတာမှ မကြောက်ပဲကိုး' ဆို၍ အားလုံးရယ်မောကြပါသည်။

'ဆရာတော်ကြီး ချီးမြှင့်တဲ့တရားရနေမှတော့ အပါယ်ငရဲဟာ ကိုယ်နှင့်မဆိုင်တော့ဘူးဆိုပြီး စိတ်ချယုံကြည်လို့ပါဘုရား' လို့ လျှောက်တော့ 'အေးဟုတ်တယ်'ဟု ဆရာတော်ကြီးက တပြုံးပြုံးနှင့် အားရကျေနပ်တော်မူသွားပါသည်။ အသက်အရွယ်နှင့် မလိုက်အောင် သည်းခံပြီး 'ငရဲမကြောက်ရအောင် ကယ်တင်ညွှန်ပြတော်မူသော ဆရာတော်ကြီး ကျေးဇူးကား ဆပ်လို့မကုန်အောင် ကြီးမားလှပါသည် ဘုရား။'



ဦးမောင်မောင်ပြေ
၄၀-၂၇/၇၅-လမ်းထောင့်
စိတြမဟီရပ်၊ မန္တလေး။
ဖုန်း–၀၂-၃၄၄၀၉

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မဟာပုရိသတို့အလုပ်



ဒီရက် ၆၀ တရားစခန်းဝင်ဖြစ်သည်မှာ အလွန်ကံကောင်းပါသည်။ ဘဝတစ်သက်တာအတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာထုပ်ကြီး လက်ဝယ်ရရှိပိုင်ဆိုင်ရသလို ခံစားရပါသည်။ ဆရာတော်ဘုရားကြီးက ဌာန်ကရိုဏ်းကျကျ ထိခြင်း ၅ပါးနှင့် ရှိခိုးဦးချပုံကအစ သင်ပြပေးပါသည်။ 'အာနာပါနအလုပ်သည် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရိယာ သာဝက၊ မဟာပုရိသတို့သာ လုပ်နိုင်သော အလုပ်ကြီး၊ လူညံ့များ အရာမဟုတ်'ဟု ကြားသိဖတ်ရှုဖူး၍ ပထမတွင် မဝံ့မရဲ ရှိနေခဲ့ပါသည်။

လက်တွေ့တွင် လူကြီးလူငယ်မရွေး လူ ၁၀၀ နီးပါး အားလုံး လိုလို အောင်မြင်ကြ၍ အားတက်ရပါသည်။ ရှုပွားရာ၌ မှတ်လွယ်၊ သိလွယ်၊ ထင်မြင်လွယ်သော နည်းကောင်းကြီးဖြစ်၍ ရုပ်နာမ်ဖြစ်ပျက်မှုများ မျက်ဝါးထင်ထင်မြင်ရသကဲ့သို့ တွေ့မြင်ကြရပါသည်။

ပုဗ္ဗကိစ္စ အရဟံ၊ မေတ္တာလောက်ရှုပွားတတ်ရုံနှင့် ဘဝမှာ ငြိမ်းချမ်းစွာ နေတတ်သွားပါသည်။ အလွန်ကျေးဇူးများလှပါ၏။

ဦးရဲမော်(ဝိဇ္ဇာဘွဲ့)

ရန်ကင်းအောင် ရပ်ကွက်၊ ပုသိမ်ကြီးမြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သူ-တော်-ကောင်းနှင့်ငါ-တော်-ကောင်း



မြေဖင်းတောရ ဆရာတော်ကြီး၏ ညီဖြစ်သူ ဆရာကြီး ဦးဌေးလှိုင်၏ မိတ်ဆက်တရားပွဲများတွင် ဝိုင်းဝန်းကူညီခဲ့ရာမှ ဒီတရားစခန်းဝင်ဖြစ်သော်လည်း နောက်ကျနေ၍ စိတ်ရှိသလောက် မလုပ်နိုင်ပါ။ နည်းစနစ်ကိုမူ ကောင်းစွာ ရရှိသွားခဲ့ပါသည်။

သမထရော ဝိပဿနာပါ အလွန်အရသာရှိလှပါသည်။ ဖယောင်းတိုင် အမွှေးတိုင်များညှိထွန်း၍ မေတ္တာပို့ အမျှဝေရသောကုသိုလ်၊ နေ့စဉ်တရားနာယူရသော ကုသိုလ်များပင် တန်ဖိုးမဖြတ်နိုင်ပါ။

ရင်ချိုင့်ကို စိုက်၍ ဝိပဿနာရှုရာတွင် ရုပ်သပ်သပ်၊ နာမ်သပ်သပ် ရုပ်တခြား နာမ်တခြား အမြဲဖြစ်ပျက်နေပုံများကို သဲသဲကွဲကွဲရှုမြင်ရပါသည်။ အရူတရား(နာမ်)နှင့် အရှုခံ(ရုပ်)တရားတို့ ဖြစ်ပျက်ပုံများကို သိရသဖြင့် တန်ဖိုးကြီးမားလှပါသည်။ ဆက်လက်ကြိုးစားသွားပါမည်။ ဘဝရှေ့ခရီးတွင် ဆရာတော်ကြီးဩဝါဒအတိုင်း ကြိုးစားလိုက်နာသွားမည်ဟု အဓိဋ္ဌာန်ပြုပါသည်ဘုရား။

○ 'သူတော်တော်,မတော်တော်၊ ငါ တော်အောင်နေမည်။

○သူကောင်းကောင်း,မကောင်းကောင်း၊ငါကောင်းအောင် နေမည်။'

ဦးမျိုးခင်(မန္တလေး)

မဟာဗန္ဓုလကျောင်း၊ မြတောင်တိုက်၊ မန္တလေး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ခေတ်သစ်မာတိကာ ဒကာ၊ ဒကာမများ

ကျွန်တော်က ပင်မ ဆွမ်းဒကာမ၊ ညီမတော်သူ ဒေါ်အေးရှိတို့ ဆွမ်းကွမ်း ဝေယျာဝစ္စကူညီလုပ်ဆောင်ရန် လိုက်ပါလာသူ ဖြစ်ပါသည်။ တရားအားထုတ်ရန် မဟုတ်ပါ။

သမထပိုင်းတွင် ယောဂီများ လူပြည့်နတ်ပြည်က ဘုရားများဖူးရကြောင်းပြောဆိုသံကြားရသောအခါ စိတ်ဝင်စားလာသဖြင့် စမ်းပြီး အားထုတ်ကြည့်ပါသည်။ ကျွန်တော်နှင့်အတူ ဝေယျာဝစ္စ ၁၀ ဦးလည်း စိတ်ဝင်စားလာကြသဖြင့် လက်ထောက် ကမ္မဋ္ဌာနာစရိယ ဦးမဏ္ဍလအား ပြသပေးရန် တောင်းပန်ပြီး ဆရာတော်ကြီးထံ တရားတောင်းကြပါသည်။ ဦးမဏ္ဍလ၊ ဦးသန်းအောင်၊ ဦးလှချစ်တို့က အနီးကပ်စစ်ပေးကြပြီး၊ နောက် ဆရာတော်ကြီးကိုယ်တိုင် စစ်ပေးပါသည်။

နေ့စဉ် ယောဂီတရားကျော်အတွက် ဝေယျာဝစ္စလုပ်နေသည့်ကြားက တစ်လနီးပါးရှိမှ အားထုတ်ရသော်လည်း အံ့သြကြည်ညိုဖွယ်ရာများကို ဖြဟွာပြည် ဒုသာစေတီအထိ တဝကြီးဖူးတွေ့ရ၍ လူဖြစ်ရကျိုး နပ်လှပါသည်။ဘုရားရှင်လက်ထက်က တရားအားထုတ်သောရဟန်းတော်များ ကို ဆွမ်းကွမ်းဆက်ကပ်ရသော မာတိကာဒကာမကြီးနှင့် ဥပမာ နှိုင်းပြီး ကျွန်တော်တို့ ဝေယျာဝစ္စယောဂီများကို အားလုံးက ကောင်းချီး ပေးကြပါသည်။ ဒီနှစ်လအတွင်း ကုသိုလ်နှစ်မျိုးရ၍



တစ်ဘဝတာ မမေ့နိုင်လောက်အောင် ဝမ်းသာပြီး ဆရာတော်ကြီးနှင့် ဦးမဏ္ဍလတို့၏ အနန္တကျေးဇူး အမြဲတသ ဦးချလိုက်ပါသည်။

ဦးစံလင်း(ထွန်းသစ်စ စာပေ)
လေးမျက်နှာဈေးအနီး၊မြို့သစ်၊မန္တလေးမြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# တရားအားမထုတ်ရသေးပဲသေများသွားရင်

ကျွန်တော် တစ်ခါမှ တရားမထိုင်ခဲ့ဘူးပါ။ ဆရာတော်ကြီး စတင်တရားပေးတဲ့နေ့ အရဟံပွားလို့ နာရီပိုင်းအတွင်းမှာပဲ အလင်းနိမိတ်ပေါ်လာပါတယ်။ 'နိမိတ်ဆိုတာ ဒါလား၊ စိတ်ထင်တာ လား' သံသယဝင်ပြီး ပျောက်သွားပါတယ်။ ထိုင်တိုင်း ဒီအစွဲအလမ်း စိတ်နှင့်နိမိတ်ကိုပဲ မျှော်လင့်နေတော့ မပေါ်လာတော့ပါ။ မပေါ်တော့ စိတ်ထဲကသိကအောက် ဖြစ်တယ်။ လောဘ၊ ဒေါသနှင့်သံသယ စိတ်တွေပါပဲ။ 'သူများတွေ ရနေပြီးတော့ ငါ့ဘာလို့မရရမှာလဲ' မာနပါ ဝင်လာတော့ ပိုဆိုးပါတယ်။

လှုတိုင်းလိုလို နိမိတ်ရပြီး ဘုရားတွေဖူးရလို့'သမထကို လွယ်လိုက်တာ' လို့ထင်ရင် မှားလိမ့်မယ်။ ဒါနှင့်'ဝင်လေထွက်လေ' အဆင့်ရောက်တော့ ပြန်ရပါတယ်။ ဒါပေမယ့် လင်းလင်းကြီးဝင်းဝင်းကြီး ဖြစ်ချင်လို့ အမိန့်ပေးမိတာနဲ့ ပျောက်လိုက်ပေါ်လိုက် ဖြစ်နေပြန်တယ်။ တစ်လသာကုန်သွားတယ်။ သူများတွေလို ဘုရားမဖူးရတော့ပါဘူး။ နိမိတ်ကတော့ အကွင်းလိုက်အကွင်းလိုက်ပေါ်နေပါတယ်။ စိတ်လှုပ်ရှားသွားပြီး ခိုင်းစေလို့ မရတော့ပါ။

သမထမှာ စိတ်ထားအရေးကြီးပုံ သင်ခန်းစာယူကြဖို့ပါ။ သမာဓိက ခိုင်မာနေတော့ ဝိပဿနာမှာ အလွန်မြင်လွယ် ထင်လွယ်လှပါတယ်။ ဖြစ်တာပျက်တာ ရှင်းရှင်းကြီး ရှုမြင်ရပါတယ်။ ငြိမ်းအေးချမ်းသာပြီး သံသရာကိုအကြောက်ကြီး ကြောက်နေပါတယ်။ တရားကို ကိုယ်ကသာ စောင့်ကြည့်ပါ။ တရားက ပြန်စောင့်ရှောက်တာ တွေ့ရပါမယ်။ 'ငါ မဆင်းရဲတော့ဘူး၊ အပါယ်မကျတော့ဘူး၊ လူဖြစ်ရကျိုးနပ်ပြီ' အဲသလို အာမခံချက်တွေပေးပြီး တရားက စောင့်ရှောက်တာပါ။ ထူးခြားတဲ့ ယုံကြည်စိတ်တွေ အသိအမြင်သစ်တွေ ဖြစ်လာတာပါ။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**ယောက်ျားမြတ်တို့၏တရား**

ထွက်လေ၊ ဝင်လေကို သတိပြု၍အားထုတ်သော ဤအာနာပါန ကမ္မဋ္ဌာန်းသည် လေး၏၊အလေးအမြတ်ပြုအပ်သော ဘာဝနာကြီးပါပေ တည်း။ ဘုရား ပစ္စေကဗုဒ္ဓါ ဘုရားသားတော်ယောကျ်ားမြတ်တို့သာလျှင် နှလုံးသွင်းရာဖြစ်ပေ၏။ အခြားသူတို့သည် နှလုံးသွင်းရာ မဖြစ်ချေ။

(ပဋိသံ-၉၈)

တရားထိုင်ရတာ စိတ်အချုပ်အချယ်မိပြီး ဆင်းရဲပင်ပန်းတဲ့အလုပ်လို့ ထင်ခဲ့မိလို့ ၃၈ နှစ်ထိ ဝတ်တက်၊ ဝတ်ကပ်၊ သီလလုံရုံနှင့် တင်းတိမ်နေခဲ့တာ ခုမှ မှားမှန်း၊ တရားက လက်တွေ့ချမ်းသာပေးမှန်း သိရတော့တာပါပဲ။

ဒီတရားစခန်းဝင်ခါနီး နယ်ကသူငယ်ချင်းဖုန်းဆက်ပြီး အိမ်လာဖို့ ချိန်းလို့သူ့ကိုစောင့်နေပါတယ်။ မြို့ပေါ်ရောက်ပြီးမှ ရုတ်တရက် ကားတိုက်သေဆုံးသွားရှာတယ်။ အလွန်ချစ်တဲ့သူငယ်ချင်းအတွက် ကြက်သေသေပြီး မှိုင်ကျသွားတယ်။ သူ့ခမျာလဲ ခုလို ခုအရွယ်သေမယ်လို့ ဘယ်ထင်ရှာပါလိမ့်မတုံး၊ ဒီအနီးကပ် တွန်းအား သံဝေဂနဲ့ တရားဝင်ဖြစ်တာပါ။ စိတ်တွေလဲ ချောက်ချားပြီး တရားအရသာ လဲတွေ့ပါတယ်။ မေ့မရသတွေ့လေ ဘဝကို ကြောက်လန့်လေပါပဲ။

'ငါများ တရားအားမထုတ်မိပဲ သေသွားရင်။'



ဦးရဲမြင့်(ပထမကြီး)
၁၀၇-၇၄ လမ်း(၂၇/၂၈)ကြား၊
မန္တလေး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အမြဲရိုက်ခတ်ပဲ့တင်ထပ်နေတဲ့ အသံနှင့်ရုပ်ပုံလွှာ



မြေဖင်းတောရ ဆရာတော်ဘုရားကြီး၏ မေတ္တာရိပ်အောက်မှာ နှစ်လတိုင်တိုင် ၉ ပါးသီလကို ပေါ့ပါးလုံခြုံအောင် စောင့်ထိန်းနိုင်တာကိုက အလွန်ကြည်နူးစရာပါ။ ဂုဏ်တော်နှင့်မေတ္တာပွားပုံ ဘာသာရေးမှာ အခြေခံတွေက အစ၊ လိုလေသေးမရှိ ထိထိမိမိရရှိပြီး တစ်သက်လုံး နေတတ်သွားပါသည်။

သမထမှာ ဌာန်ကုန်အောင် မရသော်လည်း တန်သလောက်ဘုရားများဖူးရ၊ ကောင်းကင်လေထဲကဖလ်အိမ်ကြီးအတွင်း ဝင်နေရသကဲ့သို့ စည်းစိမ် ကြီးလှပါသည်။ ဝိပဿနာရောက်သောအခါ စိတ်(နာမ်)ဖေခိုင်း သမျှ ရုပ်ကြီးက လိုက်နာလှုပ်ရှားနေရပုံအစ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံအာဟာရလက်သည်တရားခံကိုလဲ မြင်အောင် ကြည့်တတ်သွားသည်။ ဒီခန္ဓာမလိုချင်တော့ပါ။

■"ဘုရားရှင်က စည်းစိမ်တွေ အသက်တွေ စွန့်ပြီး ပေးတော်မူခဲ့တဲ့တရား၊လက်သည် ရန်သူကိုလဲ ရှာပေးခဲ့တယ်။ လက်နက်ကိုလဲ ပေးခဲ့တယ်။ ဘယ်လိုတိုက်ရမယ်လို့ နည်းလဲ ပေးထားခဲ့တယ်။ ဒါတောင်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



■'လူချင်းတွေ့ရင် ကိုယ်ကဦးအောင် မေတ္တာပို့ဗျာ၊ နောက်ဆုံးချင်မှ ဆုံရမှာ။

■'ခုလို တရှုတရှိုက် ရှုပွားနေတာဟာ ဘုရားကို အမြတ်ဆုံး ပူဇော်ရာလဲ ရောက်တယ်။ သူတော်ကောင်းတရားတွေ အသက်ရှည် တည်တံ့အောင် သာသနာပြုရာလဲ ရောက်တယ်၊ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ရာလဲ ရောက်တယ်။"

ဆရာတော်ကြီးကျေးဇူး တရားကျေးဇူးတွေ ပြောလို့မကုန်ပါ။ နေ့စဉ် တပြုံးပြုံးနှင့် မမောနိုင်မပန်းနိုင် ဟောကြားဆုံးမနေတဲ့ ဆရာတော်ကြီး ရုပ်ပုံလွှာနှင့် အသံတွေက နှလုံးသားထဲမှာ အမြဲရိုက်ခတ်ပဲ့တင်ထပ် နေပါတယ်။ အကြိမ်ကြိမ် ဦးချကန်တော့လျက်ပါဘုရား။

**ယောဂီ ဦးတင်ဟန်**
စက်ရုံမန်နေဂျာ(ငြိမ်း)မြန်မာ့မီးရထား၊
၅၃၆၊ အောင်မင်္ဂလာလမ်း၊ ၁၈(စီ)ရပ်ကွက်၊
တ/ဒဂုံ၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၉၀၀၉၈

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဒါနှင့်ပဲ သေပျော်ပါပြီ



ကျွန်တော်တို့ ဇရပ်ကွင်း (မန္တလေးမှ မိုင် ၇၀၊ မိုးကုတ်သို့ မိုင်၅၀)အိမ်ခြေထောင်ကျော်ရှိ ရွာကြီးသို့ ဆရာကြီးဓမ္မာစရိယ ဦးဌေးလှိုင် လာရောက်ပြီး နှစ်ညတရားဟောပြီးကတည်းက ဒီကန္တနည်းကို အထူး စိတ်ဝင်စားနေကြပါသည်။ လက်တွေ့လည်း အထိုင်ခိုင်းသဖြင့် တရား မဝင်မီကတည်းက နေ့စဉ်လေ့ကျင့်ခဲ့ရာ အလွန်ကျေးဇူးများကြောင်း သိလာရပါသည်။ အလွန်လည်း လွယ်ကူ၍ ကိုယ်ချမ်းသာစိတ်ချမ်းသာ ရှိပြီး လူကြီးများအတွက် ပိုလို့တောင် ကောင်းပါသေးသည်။

တရားစခန်းတွင် နေ့စဉ်မြေဖင်းဆရာတော်ကြီးဖူးရ၊ နာရသော အခါ အတိုင်းမသိ အားတက်လာပြီး ဝမ်းသာကြည်နူးလို့ မဆုံးပါ။ လူသာမန်တို့ မဖူးနိုင်တဲ့ ဘုရားရှင်၏ ဓာတ်တော်မွေတော် အသုံး အဆောင် ပရိဘောဂစေတီအစစ်တွေ ဘုရားဝတ်တက်တိုင်း ဖူးမြင်နေ ရသဖြင့် ဒါနှင့်ပဲ သေပျော်ပါပြီ။ အပါယ်မကျနိုင်ဟု ယုံကြည်ပါသည်။ ဝိပဿနာမှာလည်း အားရပါသည်။ ဤဓမ္မအရသာကို အားလုံးရစေချင် ပါသည်။

ဇရပ်ကွင်းတွင် ကျွန်တော်မတည်ပြီး စာသင်တိုက်၊ အလယ်တန်း ကျောင်းများ ဆောက်လှူအပြီး တရားဌာနခွဲ တစ်ခုဖြစ်ချင်၍လည်း ဇရပ်ကွင်းမှ **ယောဂီ** ၆ဦးလာကြပါသည်။ ရန်ကင်းအေးငြိမ်းကျောင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ဒကာ ဦးသိန်းအောင်စသော ဂေါပကအဖွဲ့ ကျေးဇူးလည်းကြီးလှပါသည်။ နောက်တစ်ချိန် ဇရပ်ကွင်းဌာနခွဲဖြစ်အောင်လည်း ကူညီကြရန် မေတ္တာရပ်ခံလိုပါသည်။

အတိုင်းမသိ ကြည်ညိုလေးစားရ၍ ကျေးဇူးကြီးမားလှသော ကျေးဇူးတော်ရှင် မြေဇင်းတောရ ဆရာတော်ကြီးအား အကြိမ်ကြိမ် ရှိခိုးကန်တော့လိုက်ပါသည်ဘုရား။

ဦးကြည်သန်း

ဇရပ်ကွင်း၊ သပိတ်ကျင်းမြို့နယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ကံထူးသူတို့ဆုံစည်း၍ ကုသိုလ်တရားတို့၏စုဝေးရာ

ပထမဆုံး (အရဟံ)ဂုဏ်တော် ၃ရက်ပွားရစဉ်ကပင် အလင်းနိမိတ်ပေါ်လာပြီး ခြေထောက်ဒဏ်ရာကြောင့် ၁၅မိနစ်လောက်သာ ထိုင်နိုင်ခဲ့ရာမှ ယခု ၃နာရီဆက်တိုက် ထိုင်နိုင်အောင် ဂုဏ်တော်ပီတိက တွန်းပို့ပေးပါသည်။ 'မေတ္တာ၊ မရဏာဿတိ' ၂ ရက်ပြီး၍ ထွက်လေဝင်လေ 'ထိသိ ဖုသနနည်း' ကို တစ်မှရှစ်အထိ 'ရေတွက်မှု ဂဏနာနည်း'နှင့်တွဲ၍ ရှုရာ အလင်းနိမိတ်များ ပုံစံစုံပေါ်လာပြီး လရောင်အောက်ထိုင်နေရသလို ခံစားရပါသည်။ တည်ဥ္ပလုံးပင် ထိုင်နိုင်သည့် ငြိမ်းအေးမှုဖြစ်ပါသည်။

လူ့ပြည်နတ်ပြည် ဗြဟ္မာပြည်က စေတီများ ဖူးပြီးချိန်တွင် သာသနာ့သမိုင်းဦးဖြစ်သော ရွှေတိဂုံ၊ မဟာဗောဓိနှင့် သီရိလင်္ကာ(သီဟိုဠ်)မှ ဘုရားများ နေ့စဉ်ဦးချပြီးမှအိပ်ရန် ဆုံးမပါသည်။ 'တစ်ခါရှိခိုး ကမ္ဘာတစ်သိန်း အပါယ်မလားဘူး' ဟု မကြာခဏအမိန့်ရှိကာ နေ့စဉ် ကုသိုလ်များစုဝေးရာဖြစ်အောင်လည်း ဆုံးမပါသည်။

'မရဏာဿတိ'ပွားရကတည်းက 'ကုသိုလ်ကို ရနိုင်သမျှ ဆည်းပူးမှ' ဟူသောအသိ ကြီးထွားလာသည့်အပြင် မေတ္တာကရုဏာကြီးမားလှသော ဆရာတော်ကြီးကိုဖူးရ၊နေ့စဉ်တရားနာရ၍ရာသီဥတုကြမ်းသော်လည်း ပင်ပန်းသည်မထင်၊ စိတ်တွေကြည်လင်ပြီး အားရှိနေပါသည်။ တရားမှတ်စုများကိုလည်း ရေကူးစေ၍စာပေဗဟုသုတလည်း တိုးပွားရပါသည်။

စောင့်ကြည့်ပြီး သိရုံသိနေရသော ဝိပဿနာပိုင်းတွင် အရာရာနှင့်စိတ်ဦးဆောင်ပုံ၊ 'အရှုခံ'ရုပ်ကြီး ပူစီဖောင်းပေါက်ကွဲသလို၊ နှမ်းလှော်သလို အမျိုးမျိုးအဖုံဖုံ ဖြစ်ပြီးပျက်သွားပုံများ၊ ပျက်သွားသော်လည်း အဝိဇ္ဇာ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စသော အကြောင်း ၅ ပါးတို့ကြောင့် အသစ်တစ်ခု ပြန်ဖြစ်လာပြီး ပျက်သွားပုံ၊ ဖြစ်ပျက်ကို သိနေသော စိတ်ကလေးပါ အစုံလိုက်အတွဲလိုက်ပျက်သွားပုံ၊ စိတ်ကြိုက်ပြကွက်တစ်ခုကို ကြည့်နေရသကဲ့သို့ နှစ်ရက်' တစ်ဉာဏ် အသိဉာဏ် အဆင့်ဆင့်၊ ဓမ္မရသ အဆင့်ဆင့်ဖြစ်ပွားပုံ စုံအောင်မပြောနိုင်ပါ။

ဆရာတော်ကြီးမေတ္တာ၊ လွယ်ကူသော နည်းစနစ်ကြောင့် သိလွယ်မြင်လွယ်လှပါသည်။ ခြုံ၍ဆိုရသော် ရက် ၆၀ တရားစခန်းကြီးကား 'ကံထူးသူတို့ ဆုံစည်း၍ ကုသိုလ်တရားတို့၏ စုဝေးရာ'ဟုသာ ပြောနိုင်ပါတော့သည်။



ဦးသိန်းဇော်
**B.E (METALLURGY)**
အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်၊
ဝိသုဒ္ဓိမဂ်၊ သံယုတ်။
၅၂၅၊ အင်း၀ ၄လမ်း၊ ၆ရပ်ကွက်၊
တ/ဥက္ကလာပ၊ ရန်ကုန်။

**နိမိတ်မရသူများ**

- အလုပ်မကြိုးစားတဲ့ယောဂီ၊
- ပါရမီဓာတ်ခံအားနည်းတဲ့ ယောဂီ၊
- စိတ်ပျံ့လွင့်အားကြီးတဲ့ယောဂီ၊
- သမာဓိမတည်တဲ့ ယောဂီ၊
- စကားများတဲ့ ယောဂီ၊

(ဓမ္မစကြာကျမ်း-၁၃၉)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# နှလုံးသားထဲက'တကယ့်ရတနာ'

ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်၏ တရားခွေကို နာရာမှ ဤတရား စခန်းသို့ ဝင်ဖြစ်ခဲ့ရာ ဆရာတော်ကြီးကိုလည်း ဖူးရ၊ နေ့စဉ် တရားလည်း နာယူရသဖြင့် အထူးပင် အားရကာ ဓမ္မပီတိဖြစ်ရပါသည်။

ဦးစွာ (အရဟံ)ဂုဏ်တော်ကိုလည်း ပွားထားပြီး၊ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တွင် လူမင်း နတ်မင်းဗြဟ္မာမင်းတို့ ဓာတ်တော်၊ မွေတော်၊ စွယ်တော်၊ ဆံတော်၊ ဝတ်လဲတော်များကိုလည်း အသီးသီးပူဇော်ထား ကြသည်ကို မျက်ဝါးထင်ထင် ဖူးတွေ့ရပါသည်။ သိကြားမင်းကြီးကိုလည်း တွေ့ရပါသည်။

ထိုအချိန်မှာမှ 'ရတနာ'မည်ပုံအကြောင်း ဆရာတော်ကြီးက ဟောပြ ရာ ရတနာသုံးပါးအပေါ် ပို၍လှိုက်လှိုက်လှဲလှဲ ကြည်ညိုတတ်သွားပါ သည်။ နှလုံးသားထဲက တကယ့်ရတနာ ဖြစ်သွားပါတော့သည်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝိပဿနာပွားရာတွင် သမထပဋိဘာဂနိမိတ်ရအောင် ထူထောင်ထားသဖြင့် ရုပ်နာမ်ခန္ဓာအဖြစ်အပျက်များ ထင်လင်းစွာ ရှုမြင်ခဲ့ရပါသဖြင့် ကျေးဇူးကြီးလှပါသည်။

ဆရာတော်ကြီးမှာ အသက်အရွယ်ဂုဏ်သိက္ခာနှင့် မလိုက်အောင် အနစ်နာခံ၍ စာတတ်–မတတ်၊ ကြီးငယ်မဟူ၊ ဂုဏ်ရှိသူ–မရှိသူ မခွဲခြားပဲ အားလုံးကို ကလေးငယ်ပမာ သဘောထားပြီး ဟောကြားသင်ပြဆုံးမပေးပါသည်။ ယောဂီများတရားလျှောက်လျှင် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မိမိမကြားဖူးသေးသော အကြောင်းအရာတစ်ခုကို နားဆောင်နေရသည့်ပမာ ဂရုတစိုက် နားထောင်ပြီး ညွှန်ကြားပေးပါသည်။

အထူးသဖြင့် ယောဂီတို့၏ အတွင်းစိတ်ကို ကြိုတင်သိထားသည့်ပမာ တရားမရသေးဘူးသူကို ရလာအောင်၊ ရပြီးသူများ ပိုအားထုတ်ချင်လာအောင်၊ ယောဂီတိုင်း အားတက်လာအောင် တပြုံးပြုံးနှင့် တစ်ယောက် ချင်း မျက်နှာစေ့စေ့စပ်စပ်ကြည့်ပြီး မြှင့်တင်ဆွဲခေါ်သွားရာ တော်ရုံတန်ရုံပုဂ္ဂိုလ်များ ပြုကျင့်နိုင်ခဲသော ကိစ္စဖြစ်၍ ဆရာတော်ကြီး၏ မေတ္တာ၊ ကရုဏာနှင့်ခန္တီအား ကြီးမားပုံကို နှစ်လတိုင်တိုင် အနီးကပ်ကြည့်ညို ခွင့်ရသည်မှာလည်း တန်ဖိုးမဖြတ်နိုင်ပါ။

ဤစခန်းနှင့်စပ်သမျှ အားလုံးကို ကျေးဇူးတင်ပါသည်ခင်ဗျား။

ဦးခင်ဇော်
ရေကြောင်းအင်ဂျင်နီယာ၊(F.G)
၇၄ သိပ္ပံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၁–၂၂၀၄၅၁။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# သံသရာအတွက် ရက် ၆၀

'ရက် ၆၀ တရားစခန်း'ဆို၍ ပိုပြီးစိတ်ဝင်စားမိပါသည်။ 'တစ်ခါဆို ဆိုသလောက် တဝကြီး အားထုတ်ရတော့မယ်' အားခဲပြီး၊ လူမှုကိစ္စတွေအားလုံး ဖြတ်တောက်ပြီး ဝင်ရပါသည်။ အပြောလွယ်သလောက် အလုပ်ခက်ပါသည်။

ဆရာတော်ကြီး စပြီးဖူးရ၊ တရားနာရသည့် အကျိုးတွေကိုက တန်ဖိုးမဖြတ်နိုင်ပါ။ ရတနာသုံးပါးကျေးဇူးတွေပိုမို သိရှိခံစားနိုင်လာပါသည်။ မြန်မာနိုင်ငံ၌ ပျောက်ကွယ်လုနီးပါးဖြစ်နေသော ကျင့်စဉ်ဖြစ်၍လည်း ပိုပြီးစိတ်ဝင်စားခဲ့ပါသည်။

အားထုတ်သောအခါတွင်လည်း အချိန်ဇယား စည်းကမ်းကန့်သတ်ချုပ်ချယ်မထားဘဲ၊ ကြိုက်သလို ထိုင်နိုင်နားနိုင်ခွင့်ပေးထားခြင်းမှာလည်း ခေတ်မီသောနည်းစနစ်ကောင်းဖြစ်၍ အလွန်နှစ်သက်ပါသည်။ အထူးသဖြင့်



စာကြည့်ခြင်း၊ အသံထွက်ဝတ်တက်ရွတ်ဆိုခြင်း၊ စကားပြောခြင်းများကိုမှ အထူးရှောင်ရှားရပါသည်။ ဒါလည်း ကျေနပ်ပါသည်။ သမထအလုပ်မှာ သိမ်မွေ့၍ ယောဂီကိုယ်တိုင် ကိုယ်နှုတ်အမူအရာ၊ စိတ်ထားအထူးစောင့်စည်းရသလို ပတ်ဝန်းကျင်သပ္ပါယဖြစ်မှုကလည်း အထူးလိုအပ်ပါသည်။

သမထတွင်လည်းကောင်း၊ ဝိပဿနာတွင်လည်းကောင်း စွမ်းအားရှိသ ရရှိသိမြင်ခဲ့သဖြင့် အားရကျေနပ်ပါသည်။ သမာဓိအားကောင်းအောင် ထူထောင်ခဲ့၍ ဝိပဿနာပိုင်းတွင် ရုပ်နာမ်တို့၏ဖြစ်ပျက်သမျှ ကို အချိန်တိုအတွင်း လွယ်ကူရှင်းလင်းစွာ မြင်တွေ့ရပါသည်။

ရင်ချိုင့်၌ စိတ် ကိုက်ထားပြီးလျှင် ရုပ်သပ်သပ် (ရူပပရိဂ္ဂဟ)၊ နာမ်သပ်သပ်(နာမ ပရိဂ္ဂဟ)တ ရက် နှစ်ရက်စီရှုရာ ရုပ်သဘော၊နာမ်သဘောကို ကောင်းစွာသ မြင်ရပြီး ဒါရုပေက္ခာ ဉာဏ်တိုင်အောင် ၂ရက်တစ်ဉာဏ်၊ တစ်ရက် ဉာဏ် အဆင့်ဆင့်၊ နေးသင့်သည့်နေရာ နေး၊ မြန်သင့်သည့်နေရာမြန် ပြ သွားရာ ယောဂီတိုင်းလိုလို ကောင်းစွာသဘောပေါက် လိုက်နိုင်ခဲ့ကြပါ ည်။

အလွန်ကျေးဇူး ကြီးလှပါသ ်။ တသံသရာလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော ရက် ၆၀ ဖြစ်ပါသ ်။

ဆရာတော်ကြီး သက်တော်ရာ ချာ်ရှည်ပါစေဘုရား။

**ဦးကျော်အေး B.E (E.P)**

မြန်မာ ကိုင်းလင့်ကုမ္ပဏီလီမိတက်၊

၈၉ သ ဒရိမင်္ဂလာလမ်းသွယ်(၈)၊

အရှေ့ရွာ ၊ အင်းစိန်၊ ရန်ကုန်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ကျွန်တော်လှူလည်အရောင်ကောင်း

ကျွန်တော် ဘဘဦးဌေးလှိုင်၊ အကြီးဒေါ်ကြင်မြင့်(ဗုဒ္ဓအသံ စာပေ) နှင့် တူလိုသားလိုရင်းနှီးတဲ့ အိမ်နီးချင်းဖြစ်၍ ဆရာတော်ကြီးကိုလည်း အကြိမ်ကြိမ် ဖူးတွေ့ရဖူးပါတယ်။ တောကျောင်းမှာ ၁၂ရာသီတရားဝင်သူ ယောဂီ ၃၀ ကျော်အမြဲရှိနေပြီး၊ ဆွမ်းကွမ်းအခက်အခဲရှိတာကို သိရလို့ ချွေးနဲ့စာအလှူငွေများကိုတော့ အကြိမ်ကြိမ်လှူဖူးပါတယ်။

ဆရာတော်ကြီး ရန်ကုန်မှော်ဘီမှာ တရားပြသော်လည်း သားငယ်မောင်မျိုးညွန့်အောင်ကိုသာ လွှတ်ပြီး ကျွန်တော်ကတော့ ကိုယ့်ဟာကိုယ်အကြောင်းအမျိုးမျိုးပြ ရမယ်ရှာကာ ရှောင်နေခဲ့ပါတယ်။ ဆရာတော်ကြီးပြောတဲ့–

'ဂင်္ဂါဝါဠု သဲစုမက၊ ဘုရားရှင်အဆူဆူရှောင်ခဲ့တိမ်းခဲ့ကြတဲ့ ယူလည်တွေ၊ မိန်းမလည်တွေ' ထဲမှာ ကျွန်တော်လဲ ပါပါတယ်။



လက်ထောက်ပဋ္ဌာနာစရိယဆရာတော် ဦးမင်္ဂလ သီလပေးနေစဉ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒီရန်ကင်းတောင် တရားစခန်းပေါ်လာတော့ ကျွန်တော်ကိုယ်တိုင် တရားဝင်ချင်လာပါတယ်။ အတွေ့အကြုံတွေ ပြောတာကြားရတော့ အလွန်ပဲ စိတ်ပါဝင်စားနေခဲ့လို့ပါ။

စဉ်းစားကြည့်လိုက်ပြန်တော့လဲ–

(၁) တရားပြမည့်ဆရာ၏ အသက်အရွယ်၊ သီလသမာဓိ၊ ပညာဂုဏ်၊ အတွေ့အကြုံနှင့် ကြီးမားတဲ့ မေတ္တာကရုဏာ။

(၂) နည်းနာနိသျ ကလဲ လွယ်ကူပြီး ပျောက်ကွယ်လုမတတ်ရှားပါးတဲ့နည်း၊ ဆရာတော်ကြီးသာ မရှိရင် မရနိုင်တော့ဘူး၊ ဒီတော့ ငါ့ဘက်က အဟုတ်ယုံကြည်ပြီး(သဒ္ဓါ)အဟုတ်လုပ်ဖို့ (ဝီရိယ)ပဲလိုတော့တာပါလားလို့ စဉ်းစားမိပြီး ဝင်ဖြစ်တာပါ။

လက်တွေ့အားထုတ်ကြည့်တော့မှ ငါ'လည်'တာတွေဟာ 'ခ' တာတွေ ဖြစ်နေပြီး၊ ငါအကြောင်းပြတာတွေဟာ ကိုယ့်ကိုကိုယ်ဆင်းရဲစေမယ့်'ဆင်ခြေ'တွေပါလားလို့ နောင်တ ဖြစ်ရပါတယ်။

ကျန်းမာရေးကြောင့် နိမိတ်အားပျော့သော်လဲ ရသမျှသမာဓိအားဖြင့် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်က ဘုရားစေတီတွေဖူးရတော့ အံ့ဩကြည်ညိုလို့မကုန်၊ နတ်တွေကတောင် လမ်းပြကူညီတာတွေ၊ ရုပ်နာမ်အဖြစ်အပျက်များ တရှူတရှိုက်အတွင်း ရှုမြင်ရတာတွေ၊ နေ့စဉ် တရားနာရတဲ့ ကုသိုလ်တွေ ပြောရင် အများကြီးပါပဲ၊ ကျေးဇူးတင်ဝမ်းသာလို့ မဆုံးတော့ပါ။



ဦးမြင့်အောင်
၇၊ အုတ်ပုံဆိပ် ၂လမ်း။
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အပူခပ်သိမ်း အေးငြိမ်းရအောင်

၁၃၆၄ ခုနှစ် နှောင်းတန်ခူလဆန်း ၇ ရက် အင်္ဂါနေ့၊ မန္တလေးရောက်မှ တရားစခန်းက ရက် ၆၀ဟုသိရသည်။ တစ်လဟု ထင်ခဲ့မိသော ကျွန်တော့်မှာ ထိုင်ရမလို၊ ထရမလို စိတ်တွေ ဗျာများပြီး ပြန်ဖို့ပဲ စိတ်ကူးနေမိ ပါသည်။ ဒီလိုနဲ့ အပြန်အလှန်တွေးတောရင်းညနေ ၄နာရီ ရန်ကင်းတောင် အသစ်တည်ဆောက်စ အဆောက်အဦး မပြည့်စုံသေးသော ရန်ကင်းအေးငြိမ်းရိပ်သာရောက်တော့ နွေဥတုရဲ့ သဘာဝသရုပ်ခြောက်သွေ့နေသော အရိုးပြိုင်းပြိုင်း တောတောင်ကို ကြည့်ပြီး ပို၍စိတ်မောလာပါသည်။

နောက်နေ့ ညနေ ၄နာရီအချိန် စခန်းပွဲစတင်ဖွင့်လှစ်ခဲ့ပါသည်။

အဲဒီနေ့ည ကျွန်တော်အပါအဝင် ယောဂီ ၉ယောက်နေထိုင်စရာ နေရာမရရှိသေးပါ။ (ယောဂီ ၅၀ လျာထားရာမှ အရေးပေါ် ၁၀၀ ဖြစ်သွားသည်ဟု သိရ၏။)



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကိုယ်ရောစိတ်ပါ ပူလောင်နေခိုက် ဆရာတော်ဘုရားကြီး၏ သီလသမာဓိပညာ မေတ္တာဓာတ်တန်ခိုးကြောင့် မိုးရွာသွန်းခဲ့ပါသည်။ ဒါ ထုံးစံဟုပြောကြပါသည်။ ဗုဒ္ဓါနုဿတိ ဘာဝနာ စတင်ပွားများခိုင်းထားသဖြင့် ဖြစ်သလိုနေရင်း ကြိုးစားပွားပါသည်။ ဗုဒ္ဓါနုဿတိနှင့်အတူ မိုးရွာသွန်းမှုကြောင့် တောတောင်သစ်ပင်ပန်းမန်များ ရွက်နုညွန့်ဝေ စိုပြည်လာသကဲ့သို့ ကျွန်တော်၏ ပူပန်တွေဝေနေသော စိတ်ကို ဗုဒ္ဓါနုဿတိ ဘာဝနာတည်းဟူသော တရားမိုးလေက ရွက်ဟောင်းခြွေစပြုခါ ငြိမ်းအေးမှုရွက်ညွန့်တွေ ထွက်ပေါ်စေပါတော့သည်။ တစ်ရက်ထက်တစ်ရက်ပိုပြီး ဓမ္မပီတိနှင့်ပျော်မွေ့ခြင်း၊ ဆရာတော်ဘုရားကြီး၏ ဓမ္မရိပ်ကို ခိုလှုံရခြင်း၊ အဘဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်၏ မေတ္တာစေတနာ လွှမ်းခြုံရခြင်းကြောင့် ဓမ္မာနုဓမ္မပဋိပတ်အကျင့်မြတ်ဖြင့် ရက် ၆၀ ပြည့် အဓိဋ္ဌာန်ဓမ္မရသ သီးပွင့်များ ပန်ဆင်စားသုံးရပါတော့သည်။ ကျွန်တော် သင်ယူခဲ့သောစာများ လက်တွေ့နှင့်ပေါင်းစပ်၍ တန်ဖိုးမဖြတ်နိုင်တော့ပါ။ခုမှ အပူခပ်သိမ်း ငြိမ်းရာလမ်းပေါ် ရောက်ရပါပြီ။

ဆရာတော်ဘုရားကြီးနှင့် အဘဦးဌေးလှိုင် ကျန်းမာစွာဖြင့် အသက်ရာကျော်ရှည်ပါစေ။

❖ ဤသဒ္ဓါဘာဝနာ၊ ဤကမ္မာ၊ နေရာအနှံ့တည်ပါစေ။

**ဦးမင်းဟန်(ဓမ္မာစရိယတန်း)**

ဇရပ်ကွင်း၊သပိတ်ကျင်းမြို့။



# ကန္တီတရားတဆင့်ကြားနဲ့ကိုယ်တွေ့



ကျွန်တော်တို့သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်း အိမ်ခြေတစ်ထောင်ကျော်ရှိတဲ့ ရွာကြီးမှာ ၇ရက်တရားစခန်း၊ ၁၀ရက် စခန်းများ လုပ်လေ့ရှိပါတယ်။ ခုလိုရက် ၆၀ စခန်းလို့ ကြားတောင်မကြားဖူးကြပါ။ ကန္တီနည်းဆိုတာ ဘာမှန်းမသိကြပါ။ တိုင်းသာသနာရေး ဒု–ဦးစီးမှူး ဦးအောင်ထွန်းဝင်း၊ သာသနာ့တက္ကသိုလ် ဆရာဦးအောင်သိန်းညွှန့်တို့ ကျေးဇူးကြောင့် ၁၃၆၄ ခုနှစ်၊ ပြာသိုလဆန်း ၈ရက်၊ ၉ရက်နေ့များမှာ ဆရာကြီး မေ့ရှာစရိယဦးဌေးလှိုင်လာရောက်ဟောပြောလို့ တစ်ရွာလုံး စိတ်ဝင်စားကြပါတယ်။ မေ့ရှာရုံကြီးလဲ ပြည့်လျှံသွားခဲ့ပါတယ်။

ကန္တီနည်းသမထအကြောင်း ဆရာကြီးဟောလို့ အံ့သြခဲ့ရပါတယ်။ ကြားလဲ မကြားဖူးတဲ့ တရားပါ။ ယခု လက်တွေ့အားထုတ်ရတော့ ဆရာကြီးပြောတာ နည်းတောင်နည်းပါသေးတယ်။ အံ့သြကြည်ညိုလို့ မဆုံးပါဘူး။ ပြောလို့လဲ မကုန်ပါဘူး။ သမထလဲ သမထမို့၊ ဝိပဿနာလဲ ဝိပဿနာမို့ ဘုရားတရားကို အသည်းခိုက်အောင် ကြည်ညိုစိတ်တွေ၊ သံသရာကြောက်စိတ်တွေ ဖြစ်လာတာဟာဖြင့် တစ်သက်နှင့်တစ်ကိုယ် ပြောမကုန်၊ ဆရာတော်ကြီးကအစ ဆွမ်းဒကာ ကျောင်းဒကာတွေအဆုံး ကျေးဇူးတင်မဆုံးတော့ပါ။ ဒီစခန်းမျိုးတွေ အမြဲလုပ်သွားနိုင်ကြပါစေ။

ဦးချစ်ထန်

ဇရပ်ကွင်း၊ သပိတ်ကျင်းမြို့။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# လမ်းဆုံးအောင် လျှောက်မယ်

ကျွန်တော် ဒီတရားစခန်းကိုဝင်တာ ပုဂ္ဂိုလ်ရေးကြည်ညိုမှုလည်း ပါပါတယ်။ ဒီတစ်သက်မှာ ကျေးဇူးရှင်ဘဘဆရာကြီး ဦးဒွေးလှိုင်နှင့် တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါ။

ဆရာကြီးဟာ ကျွန်တော်တို့လို လူငယ်တွေကို ဘာသာရေးဘက် မျက်နှာမူလာအောင် ဆွဲဆောင်ရေးသားနိုင်သူပါ။ လူတစ်လုံးသူတစ်လုံး လူနှင့်တူအောင်နေတတ်ဖို့ ယဉ်ကျေးလာအောင် အဆုံးအမပေးခဲ့တဲ့ဆရာ ကြီးစာတွေကြောင့် ကျွန်တော်တို့တန်သလောက် လူတော်လူကောင်း လမ်းကြောင်းပေါ်ရောက်လာရတာပါ။ ဘဘဆရာကြီးကျေးဇူးက အလွန် ကြီးပါတယ်။

ခုတစ်ခါ ဘဘဆရာကြီးရဲ့ နောင်တော်ဆရာတော်ကြီးထံ ရက် ၆၀တရားဝင်ရတော့ ငှက်ဖျားရောဂါဝင်လာလို့ အပြည့်အဝမခံစားရပါသော် လည်း ကျွန်တော်တို့ဘဝ အကြီးအကျယ်ပြောင်းလဲသွားပြီး ဘယ်လို ပြောရမှန်းမသိအောင် သဒ္ဓါတရားတွေ၊ ရတနာသုံးပါးကြည်ညိုစိတ်တွေ၊ 'တရားမှတပါး အားကိုးစရာ မရှိပါလား' ဆိုတဲ့အသိတွေ အများကြီး ခိုင်မာသွားပါပြီ။ လောကကြီးမှာ ဘာနှင့်မှ မလဲနိုင်တဲ့ အသိပါ။ ကိုယ်ရောစိတ်ပါ ချမ်းသာပြီး ဘဝအာမခံချက်ကြီး တစ်ခုရသွားသလို ခံစားရပါတယ်။ အားရှိရဲတင်းလာပါတယ်။

ဆရာတော်ကြီးနှင့် ဘဘဆရာကြီးတို့
တင်ပို့ပေးတဲ့လမ်းကြောင်းကို ဆုံးအောင်
လျှောက်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါပြီဘုရား။

ဦးဒွေးလွင်
(ဇရပ်ကွင်း)၊

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# လွယ်ကူသက်သာ တရားမြတ်မဟာ



ကျေးဇူးရှင် မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီး၏ မေတ္တာ ကရုဏာရှေ့ထားပြီး ပြသသော တရားနည်းလမ်းများကို ယုံ သုံ ကြည်ကြည်လေးလေးစားစား ကြိုးစားအားထုတ်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီး ပြသသော ကန္တီနည်းမှာ အလွန်ထူးခြား၍ သက်သက်သာသာဖြင့် တရားအားထုတ်နိုင်သည်။ သမထကို ရှေးဦးစွာ တစ်လထူထောင်ပြီး သမထ၏ အစွမ်းဖြင့် နိမိတ်ကို လိုသလိုစေစားပြီး ဘုရားများကို သွားရောက်စရာမလိုပဲ တစ်နေရာထဲတွင် ထိုင်ပြီး၊ နေ့နေ့ ညည မမောမပန်း ဖူးမြော်နိုင်ခြင်း၊ ယူဇနာများစွာဝေးကွာသော တာဝတိံ သာနတ်ပြည်ရှိ စူဠာမဏိစေတီကိုလဲ ဖူးမြော်နိုင်ခြင်း စသည့်ထူးခြား သော တရားတော်၏ တန်ခိုးအာနိသင်များကို ကိုယ်တိုင်ခံစားသိမြင်ရ ၍ ဘုရားရှင်၏ တရားတော်တွေဟာ အလွန်ထူးခြားပြီး အံ့ချီးကုန်နိုင် ဖွယ်ရာမရှိ၊ 'မကြဲစည်အပ်' ဆိုတာကို လက်တွေ့မျက်မြင် ခံစားသိရှိ နားလည်ရ၍ တရားတော်၏ အပေါ်၌လည်းကောင်း၊ ဤတရားတော် ကို အပင်ပန်းခံ၍ ပြသပေးသနားသော မောင်းထောင်မြေဇင်းတောရ ဆရာတော်ဘုရားကြီးအား လည်းကောင်း အလွန်ကြည်ညိုမဆုံးဖြစ်ရ ပါသည်။

—

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ဖန်းမော်ဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးနာယကအားတရားစစ်ဆေးနေစဉ်။

ဝိပဿနာပိုင်းရောက်သောအခါ၌လည်း သမထ၏သမာဓိအားကြောင့် ခန္ဓာကိုယ်၌ သဘာဝတရား၏ ဖြစ်ပျက်နေသော သဘောအစဉ်ကိုလဲ မျက်ဝါးထင်ထင် တွေ့မြင်ရ၍ ဉာဏ်စဉ်များကိုလဲ လွယ်လင့်တကူ အားမယူပဲ ရှုပွားရရှိမြင်တွေ့ခံစားရပါသည်။

ယခု ကန္နီဆရာတော်ကြီး၏နည်းမှာ သက်သာလွယ်ကူ၍ အသက်ကြီးသောသူများ မပင်မပန်းအားထုတ်နိုင်သော နည်းမှန်လမ်းမှန် တရားမှန်ဆိုတာကို သိရှိခံစားရ၍အခြား အားမထုတ်ဘူးသူများလဲ မိမိလိုပဲ ခံစားသိရှိနိုင်ရန် ဤခံစားချက်ကို ရေးသားလိုက်ပါကြောင်း။

'အများအလုပ် ဗယောမရှုပ်ပဲ တရားအားထုတ်နိုင်ကြပါစေ'

ဗေယျာမိုး(တိုင်းရင်းဆေး)

၈၃-၈၅၊ ကုန်ဈေးတန်းလမ်း၊

ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၃၇၄၃၃၃

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဘဝသံသရာ အာမခံချက်



ဆရာကြီးဦးဌေးလှိုင် ၁၃၆၄ ခုနှစ်၊ ပြာသိုလဆန်းမှာ ကျွန်တော်တို့ ဇရပ်ကွင်းလာပြီးတရားဟောစဉ်က ကျွန်တော့် စားသောက်ဆိုင် လူကျတဲ့အချိန်ပါ။ ဆိုင်ပိတ်ပြီး ဆရာကြီးတရားပွဲကို သွားလိုက်တာ ကျွန်တော့်အတွက် အများကြီး အကျိုးရှိသွားပါတယ်။'တရားအလုပ်ဆိုတာ ငယ်တုန်း၊ အရွယ်ကောင်းတုန်း လုပ်နိုင်လေ ကောင်းလေပဲ၊ ကိုယ့်လက်ကိုယ့်ခြေမနိုင်မှ လုပ်လို့မရဘူး၊ကိုယ့်လက် ခြေတွေက တစ်နေ့ ကိုယ့်စကားကိုတောင် နားမထောင်တာ တွေ့ရလိမ့်မယ်'

ဆရာကြီးစကားက ဒီတရားစခန်းကို ဆက်ပြီးပို့ပေးလိုက်တာပါပဲ။ အလွန်ကျေးဇူးများပါတယ်။ သမထရော၊ ဝိပဿနာရော ခိုင်မာတဲ့သဒ္ဓါ ပြောင်းလဲတိုးတက်တဲ့ အသိဉာဏ်အမြင်တွေရအောင် အားထုတ်နိုင်ခဲ့ပါတယ်။ တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဗန်းမော်ဆရာတော်ကြီး (၇၄နှစ်)နှင့် အနယ်နယ်အရပ်ရပ်ကကမ္မဋ္ဌာနာစရိယဓမ္မာစရိယ ရိပ်သာ စာသင်တိုက်ကျောင်းထိုင်ဆရာတော်တွေ လူပုဂ္ဂိုလ် ဓမ္မာစရိယတောင် ၆ဦးလောက် ပါဝင်ပြီး၊လူ ၁၀၀ နီးပါးပါဝင်အားထုတ်ကြတာဆိုတော့ ဓမ္မရသခံစားရရုံတင်မက 'သာသနာတော်နှင့်ကြုံရပြီး လူဖြစ်ကျိုးနပ်လေစွ'လို့ လက်ခမောင်းထခတ်ချင်လောက်အောင် ကြည်နူးရပါတယ်။

မြေဇင်းတောရဆရာတော်ကြီးနှင့် ဆရာကြီး ဓမ္မာစရိယဦးဌေးလှိုင်စသော ကျောင်းဒကာ ဆွမ်းဒကာတွေရဲ့ကျေးဇူးက ဆပ်လို့ မကုန်နိုင်အောင် ကြီးမားပါတယ်။ဘဝသံသရာအတွက် တကယ့်အာမခံချက်ပေးနိုင်တဲ့ ဒီဆရာတော် ကြီးနည်းကို လူတိုင်းရစေချင်ပါတယ် ခင်ဗျား။

ဦးမြင့်စိုး ဇရပ်ကွင်း၊ သပိတ်ကျင်းမြို့နယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# လူတိုင်းကိုပြောလို့မရသော ဘဝအလှ ဘဝဒဿန

တစ်ခါက အရှင်မဟာ မောဂ္ဂလ္လာန်မထေရ်မြတ်သည် အရှင်လက္ခဏ မည်သော နောက်ပါရဟန်းတစ်ပါးနှင့်အတူ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံကြွရန် ဂိဇ္ဈကုဋ်တောင်မှ ဆင်းတော်မူ၏။

လမ်းခုလတ်တွင် အရှင်မဟာ မောဂ္ဂလာန်ပြုံးတော်မူသည်ကို သိ၍ အရှင်လက္ခဏမထေရ်က အဘယ်အကြောင်းကြောင့် ပြုံးတော်မူကြောင်း မေးလျှောက်ရာ 'ငါ့ရှင်၊ ယခု မမေးပါနှင့်၊ မြတ်စွာဘုရား ရှေ့တော်မှောက် ရောက်မှမေးပါ' ဟု မိန့်ဆို၏။

ရာဇဂြိုဟ်မြို့တွင် ဆွမ်းခံ၊ ဆွမ်းစားပြီး ဝေဠုဝန်ကျောင်း ဘုရားရှင်ရှေ့တော်သို့ ရောက်လျှင် အရှင်လက္ခဏမထေရ်ကထပ်မံမေးလျှောက် ပြန်သဖြင့် အရှင်မဟာ မောဂ္ဂလ္လာန်က ဂိဇ္ဈကုဋ်တောင်အနီးကောင်းကင်ယံ တွင် အရိုးစုသတ္တဝါကြီးတစ်ကောင် ကျီး၊ လင်းတ၊ သိန်း၊ စွန်ရဲများ လိုက်လံထိုးဆိတ်၍ အော်မြည်တမ်းရင်း ပြေးလွှားနေသည်ကို တွေ့မြင် ရာ 'ဩော်-လောကမှာ ဤသို့ဆန်းကြယ်ထွေပြားသော သတ္တဝါများလဲ ရှိသေးသကိုး'ဟု သံဝေဂဖြစ်၍ ပြုံးမိကြောင်း ဘုရားရှင်ရှေ့မှောက်၌ ပြန်လည်ဖြေကြား၏။

ထိုအခါ မြတ်စွာဘုရားရှင်က မျက်စိအမြင်ရှိသော တပည့်သာဝက များ ပေါ်ပေါက်လာ၍ ချီးကျူးတော်မူပြီးလျှင် 'ငါဘုရားလည်း ရှေးကပင် မြင်တွေ့ခဲ့ဖူးကြောင်း၊ တွေ့၍ပြော်သော်လည်း လူများယုံကြမည်မဟုတ်၊ မယုံသူများ အကုသိုလ်ဖြစ်ကြမည်စိုး၍ နှုတ်ပိတ်နေတော်မူခဲ့ရကြောင်း' ဟောတော်မူ၏။

ဘုရားဟောတော်မူသော ဇာတ်လမ်းအချုပ်ကား ဤမျှသာ။ လောက၌ လူတကာမသိမမြင်နိုင်သော ဆန်းကြယ်သောအရာများရှိ၍

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကမ္ဘာကို လွှမ်းမိုးနိုင်တဲ့စွမ်းအင်

'မောင်ဇဝန၊ တို့များကွယ်..... ဒီအာနာပါနကို လမ်းကုန်အောင်ဖမ်းနေတာ၊ နှာခေါင်းပေါက်နှစ်ဘက်က လွှတ်လိုက်တဲ့အလင်းဓာတ်ဟာ ဒီကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံးကို ဆုံးအောင်လွှမ်းလို့ရတယ်ကွယ့်၊ ဒါပေမယ့်.....ခက်တာက.....ဖြန့်ထားတဲ့အလင်းကို ပြန်ပြီးချုံ့လိုက်တော့ စည်းစည်းလုံးလုံးနဲ့ ကြည်ပြီးမလာဘူး၊ အကွက်အကွက်နဲ့ ဆန်ကွဲကြဲနေသေးတယ်ကွယ့်။

'ဒါကိုသာ နိုင်နင်းရင်ကွယ် ကမ္ဘာ လောကဓာတ်ကြီးတစ်ခုလုံးကို နိုင်နင်းတော့တာပါပဲ။ ကိုယ်လုပ်ချင်သလို လုပ်လို့ရသွားပြီ။'

လယ်တီဆရာတော်ဘုရားကြီး

(သိမ်တောင်ဆည်ကြီးဆရာတော်အား အမိန့်ရှိပုံ၊ ရဟန္တာနှင့်ပုဂ္ဂိုလ်ဘူးများ၊ စာ–၅၈၆။)

ယင်းတို့ကို ထိုးဖောက်သိမြင်နိုင်သော ဓမ္မစက္ခုလည်း ရှိသည်။ သို့သော် မြင်တိုင်း သိတိုင်း မပြောရ။ မယုံကြည်လျှင် တစ်ဘက်သား ငရဲကြီးမည်၊ သက်သေရှိမှ၊သို့မဟုတ် 'ပြောသင့်သူကိုသာ ပြောရမည်'ဟု ကောက်ချက်ချနိုင်ပါ၏။

'အလင်း'သည် အလှအပနှင့် အကျည်းတန်မှုကို ခွဲခြားရှုမြင်စေ၏။ 'အသိဉာဏ်'သည် အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်ကို စိစစ်ပေးသည်။

ဤရက် ၆၀ တရားစခန်းက ပေးသော'ဓမ္မစက္ခု'ဟူသည် အလင်းဖြစ်၏။ အသိဉာဏ်ဖြစ်၏။ ဘာဝဒဿနလည်း မည်၏။ (သဒ္ဓါ၊ ဝီရိယ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရှိသူ)လူတိုင်းရနိုင်ပါ၏။ သို့သော် လူတိုင်းကို ပြောလို့မရသေး။ ယင်းမေ့စက္ကူဖြင့် အဝိဇ္ဇာနှင့်တဏှာ၏ နောက်ကျောဘက်၌ ဖုံးကွယ်နေသော လျှို့ဝှက်ဆန်းကြယ်သည့် ဘဝအလှ ဘဝသစ္စာကို မြင်အောင် ရှုလော့။ ဟေိပဿိကော.....အကာလိကော။



မောင်လှိုင်မျိုးထွန်း
(တတိယနှစ်၊ စိတ်ပညာ)
၄၀-၂၇/၇၅ထောင့်၊ စိတြမဟီရပ်၊
မန္တလေး။ဖုန်း-၀၂-၃၄၄၀၉

## ယောဂီတို့၏နိမိတ်သုံးမျိုး

ပရိကမ္မနိမိတ် ဟူသည်အားထုတ်ခါစ၌တွေ့ရသော နိမိတ်အမျိုးမျိုး၊
ဥဂ္ဂဟနိမိတ် ဟူသည် အဝေးအနီးပို့ယူရသော နိမိတ်၊
ပဋိဘာဂနိမိတ် ဟူသည်ကား ကြီးစေ-သေးစေ ဘုရားဖူး၍ရသော နိမိတ်။(အာနာပါနဒီပနီ)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# နှစ်လစာ နှင့် တစ်ဘဝစာ

မောင်းထောင်မြေဖင်းတောရ၌ ရက်ရှည်ဝေယျာဝစ္စဆောင်ရွက်ရင်း တရားဝင်နေသော ကျွန်တော့်အဖေက စခန်းဝင်ဖို့လာရောက်ပြောသည့်အတွက် ကျွန်တော်ဝင်ဖြစ်၍ အတိုင်းမသိဝမ်းသာရပါသည်။ တရားမဝင်မီ ဆရာတော်ကြီးဖူးရရုံမျှဖြင့် အလွန်စိတ်ချမ်းသာရပါသည်။

စားဝတ်နေရေးအလုပ်များကို ဖြစ်ချင်ရာဖြစ် ဖြတ်တောက်ပြီးမှ စွန့်စားအားထုတ်ရခြင်း၊ ရခဲသော အခွင့်အရေးကြီးလဲ ဖြစ်ခြင်းကြောင့် အထူးကြိုးစားအားထုတ်ပါသည်။ ကျွန်တော့်နှစ်လဝင်ငွေသည် နှစ်လစာမျှသာရှိ၍ တစ်ဘဝစာ မရပါ။

အားထုတ်သည့်အတိုင်းလည်း တစ်လအတွင်း ဘုရားများလည်းဖူးရ၊ ရုပ်နာမ်အဖြစ်အပျက်များလည်း တန်သလောက် ရှုမြင်ရ၍ ခန္ဓာကိုယ်ကြီးနှင့်သံသရာကို ကြောက်ရွံ့ရွံမုန်းလာပါသည်။ 'ဒါ ကိုယ်လုပ်ခဲ့တာပါလား။ ဒီလိုအခါမျိုးမှ နိုင်အောင် မလုပ်နိုင်ရင် ဘဝမဆုံးနိုင်အောင် ခံရဦးမှာပါလား' ဟု သဘောပေါက်ပါသည်။

'ဒီတရားဟာ ဒီနှစ်လသာမက၊ တစ်ဘဝလုံးအားထုတ်ရမည့် အားကိုးစရာကြီးပါလား'ဟုလည်း ယူဆပါသည်။



**မောင်သိန်းနိုင်**

၂၆-ညည(၅)၊ စံပြ(၈)ရပ်ကွက်၊
ပြည်ကြီးတံခွန်၊ မန္တလေး။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ထေရဝါဒ အမာခံ
# ဗုဒ္ဓဘာသာကောင်းတစ်ယောက်



ရက်ပိုင်းကလေးနဲ့ အထက်ဘဝဂ်၊ အောက်အာကာသကြည့်မြင်နိုင်တယ်ဆိုတာ ဒီနည်းအားမထုတ်ဘူးသူများကို ပြောပြဖို့ ခက်ခဲပါတယ်။ ကိုယ်တိုင်ကြုံသော်မှ ကိုယ့်မျက်လုံးများကိုပင် မယုံနိုင်လောက်အောင် အံ့ဩမဆုံး ဖြစ်ရပါတယ်။

ရက် ၂၀လောက် အားထုတ်မိတဲ့အခါ အလင်းနိမိတ်တွေရလာပါတယ်။ ဒီနိမိတ်ဖြင့်ပင် ကမ္ဘာအရပ်ရပ်ရှိ စေတီပုထိုးများနှင့် တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီ၊ဗြဟ္မာ့ပြည်ရှိ ဒုဿစေတီတို့အား ပကတိမျက်လုံးဖြင့်မြင်ရသလို ဖူးတွေ့ရပါတယ်။ အထက် ဘဝဂ်၊ အောက်အာကာသအထိ ဖောက်ထွင်းကြည့်မြင်နိုင်သော မြတ်စွာဘုရားရှင်၏ တရားအစွမ်းများကို လက်တွေ့ခံစားရပါတယ်။ လက်တွေ့ကိုမှ ယုံကြည်လိုသူများအတွက် အကောင်းဆုံးတရားရှုမှတ်နည်းဖြစ်ပါတယ်။

တစ်လကျော် ထူထောင်ခဲ့သော သမထသမာဓိအကျိုးကျေးဇူးများကြောင့် ဝိပဿနာရောက်သောအခါ ရုပ်နာမ်တို့ကို သဲသဲကွဲကွဲ ထင်ထင်ရှားရှား သိမြင်လာပါတယ်၊ ခန္ဓာကိုယ်၏ အဆက်မပြတ်ဖြစ်ပျက်နေမှုတို့ကို အမြင်သန်တဲ့ ဉာဏ်တွေရရှိလာပါတယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သမထပိုင်းမှ ဝိပဿနာပိုင်းကူးလာသောအခါ ချောင်းမှမြစ် မြစ်မှပင်လယ် ပင်လယ်မှသမုဒ္ဒရာ အဆင့်ဆင့်ကျယ်ပြန့်နက်ရှိုင်း လာသကဲ့သို့ တ ဖြည်းဖြည်းနက်သည်ထက်နက် သိမ်မွေ့သည်ထက် သိမ်မွေ့လာပါတယ်။

အချိန်တိုတိုနဲ့ အံ့သြကြည်ညိုဖွယ်ရာ သဒ္ဒါတတ်ကို နှိုးဆွပေးနိုင်သော မဟာကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင်မောင်းထောင် မြေဖင်းတောရဆရာတော်ကြီး၏ ကန္နနည်းကို အားထုတ်ကြည့်မှ မခံစားဖူးသော သဒ္ဒါတရားနှင့် အသိအမြင်သစ်များ ဖြစ်ပေါ်ခဲ့ရပါတယ်။ ဆရာတော်ဘုရားကြီး၏ ကျေးဇူးကြီးမားမှုကြောင့် ခိုင်မာတဲ့ ထေရဝါဒ ဗုဒ္ဓဘာသာကောင်းတစ်ယောက်အဖြစ် ခံယူနိုင်ခဲ့ပါပြီ။

စန်းနိုင်ဝင်း(ခ)နိုင်ဝင်း
ဇရပ်ကွင်း(ရွှေတူးဖော်လုပ်ငန်း)
သပိတ်ကျင်းမြို့နယ်။



၁၁၂

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဒါမှ လက်တွေ့ဘ၀နေနည်းသင်တန်း



ရန်ကင်းအေးငြိမ်းရိပ်သာ ရက် ၆၀တရားစခန်းဝင်ရမည့် ရက်များတွင် တစ်နှစ်မှ တစ်ခါ လှူငယ်များအားခဲထားသည့် သကြ်န်ရက်များလည်း ပါဝင်နေသဖြင့် ပထမတွင် ဆုတ်ဆိုင်းဆိုင်းလုပ်နေမိသေးသည်။ မိဘများကမူ ငွေကြေးအကုန်အကျလည်းများ၊ အပျော်ကြူးရာမှ အန္တရာယ်လည်းများလှသဖြင့် သကြ်န်ရက်အတွင်း တရားဝင်ခြင်းကို ပို၍ လိုလားခဲ့ကြပါသည်။

လက်တွေ့တရားဝင်လိုက်သောအခါ တန်ဖိုးမဖြတ်နိုင်သော ဘဝအတွေ့အကြုံ၊ ဓမ္မအတွေ့အကြုံတွေ အများကြီးရပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း မသိမဖြစ်၊ မရှိမဖြစ် နေ့စဉ်လိုက်နာရမည့် ဂုဏ်တော်ပွားပုံ၊ မေတ္တာပွားပုံများကို ခုလို လက်ထပ်မသင်ရဘဲ စာဖတ်ရုံဖြင့်နားလည်ဖို့ မလွယ်ပါ။ ဤကား ပွဲဦးထွက် ရလဒ်ကြီးဖြစ်ပါသည်။ လူငယ်လူရွယ်များသာမက လူတိုင်းတက်သင့်သည့် လက်တွေ့ ဗုဒ္ဓဘာသာသင်တန်းကြီး ဖြစ်ပါသည်။

သမထအားထုတ်၍ တစ်လမပြည့်မီအတွင်း ၁၃၆၅ ခု၊ ကဆုန်လဆန်း ၉ရက်နေ့များတွင် တာဝတိံသာမှ စူဠာမဏိ၊ ပဏ္ဍုကမ္ဗလာနှင့် ပင်လယ်ကသစ်ပင်၊ သုဓမ္မာဇရပ်၊ ဝေဇယန္တာပြာသာဒ်၊ အကနိဋ္ဌဗြဟ္မာ့ဘုံမှ ဒုဿ(ဝတ်လဲတော်)စေတီများ တအံ့တသြ ဖူးရပြီး၊ နောက်တစ်လ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝိပဿနာရှုရပါသည်။ ရုပ်နာမ်ဖြစ်ပျက်ရှုရပြီး ဘဝနေနည်းသင်တန်း ပြီးဆုံးပါတော့သည်။

သမထရော၊ ဝိပဿနာပါ စိတ်ကျေနပ်လောက်အောင် မဟုတ် စေကာမူ စေ့ငအောင် ခံစားရသဖြင့် အလွန်ပီတိ ဖြစ်ရပါသည်။ နေ့စဉ် ၅၀ လီတာဝင်ရေသန့် ပုံးကြီးများထမ်းပြီး ရိပ်သာတစ်ခုလုံး သောက်ရေ ဖြည့်လှူရသော ကုသိုလ်ထူးကိုလည်း အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက် နိုင်ခဲ့၍ ဂုဏ်ယူဝမ်းသာမဆုံးပါ။

မောင်သိန်းလှိုင်တိုး(အသက်၁၉-နှစ်၊ ဥပဒေ)
၁၀၅-၇၄(၂၇/၂၈)ကြား၊ စိတြမဟီရပ်၊
မန္တလေး။ဖုန်း-၀၂-၆၄၄၅၉



တရားစခန်းသိမ်းပွဲတွင် တွေမြင်ရသောယောဂီများ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



# ပြဟ္မာပြည်က ဘုရားငါးဆူ ဗုဒ္ဓဝင်ရုပ်ရှင်တော်မြတ်

ကျွန်တော်ရန်ကင်းအေးငြိမ်းရိပ်သာ၌ ယခုတရားဝင်ခြင်းမှာ ဒုတိယအကြိမ် ဖြစ်ပါသည်။ တရားကို ထပ်မံအားထုတ်လိုခြင်း၊ ဆရာတော်ကြီးနှင့် ယောဂီများဝေယျာဝစ္စကိုလည်း ပံ့ပိုးဆောင်ရွက်လိုခြင်းကြောင့် ထပ်မံတရားဝင်ခဲ့သည်။ နံနက် ၇နာရီမှ ၉း၃၀ထိ ယောဂီများ တစ်သုတ်ပြီးတစ်သုတ်တရားစစ်ရာ၌ ဆရာဆွေနှင့်အတူ မှတ်တမ်းရေးခြင်း၊ အသံသွင်းခြင်းစသော ဝေယျာဝစ္စကုသိုလ်ထူးများရသည့်အပြင် ဆရာတော်ကြီး၏တရားကိုလည်း နေ့စဉ် အကြိမ်ကြိမ် အနီးကပ်နာယူရပါသည်။ ညနေတွင်လည်း နှစ်သုတ် သုံးသုတ် စစ်ပါသေးသည်။

စမ္မာရုံအတွင်း လာရောက်လှူဒါန်းကြသူများ အတွက်လည်း စာရင်းအင်းနှင့်သတင်းပြန်ကြားမှုစသော တာဝန်များကိုလည်း နေ့စဉ်ဝိုင်းဝန်းကူညီခွင့်ရပါသည်။ ကျောင်းဒကာ ဆွမ်းဒကာမိသားစုများအားလုံး တရားဝင်နေကြသဖြင့် ညှော်သည်လာလို့မှ ကြိုဆိုဧည့်ခံမည့်သူ မရှိအောင် တရားကိုချည်း 'မဲ'ပြီး အားထုတ်ကြသည်မှာ ဤစခန်း၏ ထူးခြားချက်တစ်ခုပင် ဖြစ်ပါသည်။

ယောဂီ ၁၀၀ ခန့်တွင် ယောဂီဟောင်းဆို၍ ကျွန်တော်တစ်ဦးသာရှိသဖြင့် နေ့လယ်ပိုင်းတွင် အားထုတ်ခွင့်မရ၊ ညကျမှသာ အားထုတ်ရပါတော့သည်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝေယျာဝစ္စလုပ်ရင်း သင်ခန်းစာတိုင်း မိအောင် အားထုတ်နိုင်ပါသည်။ ပထမအားထုတ်စဉ်က ဒုသာစေတီဖူးခွင့်မပေးသဖြင့် ယခုမှ ဖူးရပါသည်။ ယောဂီအများစုမှာ ၂ရက် ၃ရက်သာ ဖူးခွင့်ရလေ့ရှိသော်လည်း ကျွန်တော်ကမူ ဒုသာစေတီကို အားခဲထားသူဖြစ်ရာ ၁၂ရက်တိုင်တိုင် အသေးစိတ်ဖူးခဲ့ပါသည်။ အလွန်အံ့သြ ကြည်ညိုဖွယ်ကောင်းလှပါသည်။

ဘုရားအလောင်းတော်သိဒ္ဓတ္ထ နောက်ဆုံးသုံးစွဲသွားသော လုံချည်၊ အင်္ကျီ၊ မကိုဋ်၊ ခြေနင်း၊ သံလျက်၊ လက်စီး၊ နားတောင်း၊ စလွယ် စသော ပရိဘောဂများကို ဒုသာစေတီ၌ စနစ်တကျ ပူဇော်ထားသည်ကို ဖူးမြော် ကြရသည်မှာ ယုံနိုင်ဖွယ်မရှိပါ။

ဒုသာစေတီတော်လိုဏ်အတွင်း ပို၍အံ့သြဖွယ်ကောင်းသော ရှုခင်းတစ်ခုလည်း ဖူးတွေ့ရ၏။ တကယ့်ရုပ်ရှင်ရုပ်လုံးများကြည့်ရသကဲ့သို့ ခံစားရပါသည်။ အကြောင်းအရာကား ဘဒ္ဒကမ္ဘာမှာ ပွင့်ထွန်းတော်မူသည့် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမနှင့်အရိမေတ္တေယျ ဘုရား ၅ဆူတို့၏ ဗုဒ္ဓဝင်တကယ့်ဖြစ်စဉ်ရုပ်လုံး ရုပ်ရှင်တော်များကို ဖူးရခြင်းဖြစ်၍ ကိုယ့်မျက်စိ ကိုယ်ပင် မယုံနိုင်အောင် ဖြစ်ရပါသည်။

ဒါတွေဟာ စိတ်ကူးယဉ်လား? အထင်လား? တကယ့်အမြင်လား? ဆိုတာ သိရအောင် မြေဖင်းတောရဆရာတော်ကြီး၏ မေတ္တာရိပ်သို့ စာရှုသူအမြန်ရောက်ပါစေဟုသာ ဆုတောင်းလိုက်ပါသည်ခင်ဗျား။

ဆရာ ဦးသန်းဝင်း(ညောင်ဦး)
(နက္ခတ္တဗေဒ လက္ခဏာ ကထိက)
၃၁/၅၀၊ သိရိမင်္ဂလာကမ္ဘာအေးစေတီ၊
ရန်ကုန်။ ဖုန်း-၀၁-၆၆၆၇၈၂

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စာတမ်း

# ကိုယ်တိုင်ဖူးတွေ့ခဲ့ကြရတဲ့ ၂၅၀၀ ကျော်က သိဒ္ဓတ္ထ၏ဆံတော်နှင့်ဝတ်လဲတော်များ

ကြွရောက်တော်မူလာကြသော သံဃာတော်အရှင်မြတ်များ အမှူးထား၍ အားလုံးသော ယောဂီ၊ ဓမ္မမိတ်ဆွေအပေါင်းတို့ဘုရား၊ အမျိုးသမီးယောဂီများကိုယ်စား လျှောက်ထားပါရစေဘုရား။

တရုတ်ရိုက်ကို သတိကပ်ပြီး ဝါရေဝါရများရအောင် ရှုမှတ်နိုင်သူယောဂီများ အံ့ဩစရာကောင်းလောက်အောင်၊ စိတ်ရဲ့စွမ်းအင်ဟာ ဒီဗ္ဗစက္ခုသဘောမျိုးအထိ ရနိုင်ပါတယ်၊ ကန္တနည်းနဲ့ အာနပါန ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်တို့မှ တစ်ဆင့် ပဋိဘာဂနိမိတ်အထိ ရရှိလာတဲ့ ယောဂီများ နှစ်တောင့်ထွာလောက်မှစပြီး နိမိတ်များစလွှတ်ရပါတယ်။ ရိပ်သာအတွင်းနဲ့ ရိပ်သာရဲ့ဝန်းကျင်မှ စပြီး မြန်မာပြည်ရှိ တန်ခိုးကြီးဘုရားများကို ဖူးခဲ့ကြရပါတယ်၊ တပည့်တော်မတို့ အမျိုးသမီးယောဂီများ အားလုံးလိုလို ဖူးကြရပါတယ်ဘုရား။

## သမထလုပ်ရင် ရူးတတ်သတဲ့

ဒီအာနာပါနထွက်လေဝင်လေကို ရှုမှတ်နေရင် လောဘ၊ ဒေါသ၊ မောဟစတဲ့ အကုသိုလ်များလဲ မဖြစ်နိုင်တော့ပါ။ ဒီသမထပဋိဘာဂနိမိတ်တို့နဲ့ ဘုရားစေတီများစွာကို ဖူးတွေ့နိုင်ခွင့်ရကြတဲ့အတွက် ကုသိုလ်တွေအများကြီးလဲ ရစေကြပါတယ်။

အများအားဖြင့် သမထလုပ်ရင် ရူးတတ်တယ်လို့ ယေဘုယျပြောသံကြားဖူးပါတယ်။ တပည့်တော်မကတော့ ဆရာတော်ဘုရားကြီးရဲ့ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာစေတနာတို့ကို အကြွင်းမဲ့ယုံကြည်ထားပြီး အားထုတ်ရတဲ့အတွက် စိုးရိမ်မှုအလျှင်းမရှိခဲ့ပါ။ လူ ၁၀၀ခန့်အားထုတ်ကြတဲ့ ယခုစခန်းမှာလဲ တစ်ဦးတစ်ယောက်မှ ကာယိန္ဒြေရုပ်ပျက်၊ ဆင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပျက်ဖြစ်တာ မတွေ့ရပါ၊ စိတ်ကြောင်သွားခြင်းများလဲ မရှိပါ။ ဆရာတော်ဘုရားကြီးအနှစ် (၃၀)ကြာပြသနဲ့တဲ့အခါကလဲ တစ်ဦးတစ်ယောက်မှ စိတ်ဓာတ်ဖောက်ခြင်းမရှိခဲ့ကြောင်း သိရပါတယ်။

အိန္ဒိယရှိ ဗုဒ္ဓဂယာနဲ့ သီဟိုဠ်ရှိစွယ်တော်၊ ထူပါရုံစေတီ၊ မဟာစေတီ၊ ဗောဓိညောင်ပင်စသည့်တို့ကို ပကတိမျက်စိနဲ့မြင်ရသကဲ့သို့ အံ့သြကြည်ညိုစွာဖူးတွေ့ရခြင်းမှာ မြေဖင်းတောရဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးများကြောင့် ဖြစ်ပါတယ်။

## တာဝတိံသာက စူဠာမဏိ

လူတို့မရောက်နိုင်ကြတဲ့ တာဝတိံသာရှိ စူဠာမဏိစေတီကိုလည်း ဒီပင်္ကရာဂအလင်း နိမိတ်တို့ကို စေလွှတ်ပြီး ဖူးမြော်ခွင့်ရကြပါတယ်။ နတ်၊ သိကြား၊ ဗြဟ္မာတို့အား ရှေးဦးစွာ စေတီများကို ဖူးခွင့်ပြုရန် မေတ္တာပို့ပြီး ခွင့်တောင်းရပါတယ်။ ပထမအသက်ကို ရှည်ရှည်ရှူထုတ်ပြီး နိမိတ်ကို စူဠာမဏိစေတီရှိ အရှေ့မြောက်ယွန်းယွန်းဆီကို၊ ဝါးလုံးကိုလှဲထားရာမှ တဖြည်းဖြည်းထောင်လိုက်သကဲ့သို့ နိမိတ်လွှတ်လိုက်တဲ့အခါ နိမိတ်နဲ့အတူ ရုပ်နာကိုယ်ပွားခန္ဓာကိုယ်လဲ လိုက်ပါသွားပြီး မိမိရဲ့ခန္ဓာကိုယ်ကိုလဲ တဖြည်းဖြည်းချင်း ဘယ်ဘက်တတောင်ကိုထောက်ပြီး၊ နောက်ကျောဘက်ရှိ အသင့်ချထားတဲ့ မှိအုံးပေါ်ကို ခေါင်းချလိုက်ကာ ပါးစပ်ကို အသာဟထားပြီး ပါးစပ်နှင့်ပဲ လေကိုရှူရှိုက်မှုပြုလုပ်ခါ စေတီရှိရာကို ဆန္ဒညွှတ်လိုက်တဲ့အခါမှာ ရွှေတောင်ကြီးလို တိမ်တိုက်ကြားမှ ဘွားခနဲ ပေါ်လာတဲ့ စူဠာမဏိစေတီတော်ကြီးကို ဖူးတွေ့ကြရပါတယ်။ ထီးတော် မှ စတင်ဖူးတွေ့ရသူများပါတယ်။ ထီးတော်ကိုစိန်သားရွှေများနှင့် စီခြယ်ထားတဲ့အတွက် တလက်လက်တောက်ပနေပါတယ်။ ထီးတော်ကြီးမှာ အိမ်ခြေ ၁၅၀ ခန့်ရှိတဲ့ ရွာကလေးတစ်ရွာလောက်ကြီးတယ်လို့ ထင်ရတဲ့အတွက် အလွန်အံ့သြ ကြည်ညိုမဆုံးဖြစ်ကြရပါတယ်။ စေတီတော်ကြီးရဲ့ ပစ္စယ်မှာပန်းရေးပန်းခြယ်များနဲ့ ပုံဖော်ပြီး စိန်သား–ဖန်သားပျားနဲ့

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြုလုပ်ထားတဲ့အတွက် တလက်လက် တောက်ပနေပါတယ်။ အောက်ပိုင်း၊ အလယ်ပိုင်းဖိနပ်တော်မှာ အဖြူရောင်များတဲ့ အစိမ်းဖျော့ကျောက်သားများကို ခင်းထားတဲ့အတွက် ကြည့်လို့ကောင်းမွန်လှပနေပါတယ်။ စေတီတော်ကြီးရဲ့ ထောင့်လေးထောင့်မှာ ကျောက်စိမ်းခပ်ဖျော့ဖျော့နဲ့ ပြုလုပ်ထားလို့အလွန်လှပတဲ့ ကနုတ်ပန်းအိုးကြီးများကို တွေ့ရပါတယ်။

## စွယ်တော်နှင့်ဆံတော်

ဆံတော်နှင့်စွယ်တော်တို့ကို ဖူးတွေ့ရန်အဓိဋ္ဌာန်ပြုပြီး ဆုတောင်းလိုက်တဲ့အခါမှာ တပည့်တော်မရဲ့ မျက်စိရှေ့ တစ်တောင်ကျော်ခန့်မှာ ရွှေပန်းကလာပ်ပေါ်မှာ ဖန်ပေါင်းချောင်လုံးအရှည်နဲ့ ဖုံးအုပ်ထားတဲ့ ၁၀″ ခန့်ရှိအနက်ရောင်ဆံတော်ကို ဖူးတွေ့ရပါတယ်။ ဆံတော်ကိုအရှေ့အနောက်အလျားလိုက်ထားပြီး၊အရင်းပိုင်းမှာ အရှေ့ဘက်က ထားတာကို ဖူးတွေ့ရပါတယ်။ ယောဂီအတော်များများတို့လဲ ဆံတော်ကို ခွေပြီးထားတာကိုလဲ ဖူးတွေ့ကြရပါတယ်။ စွယ်တော်ကိုလဲ ဆံတော်ဖူးတွေ့ရတဲ့ နေရာရဲ့ အရှေ့ဘက်မှာ ရွှေကလပ်ပေါ်မှာ အခုံးမြင့်ဖန်ပေါင်းချောင်အုပ်ပြီး တင်စရာခွနှစ်ခုပါတဲ့ယွန်းအနီရောင်ခရင်းခွပေါ်မှာ ၃လက်မအရှယ်ရှိတဲ့ စွယ်တော်ရဲ့အဖျားပိုင်းကို အရှေ့ဘက်မှာထားပြီးအရင်းပိုင်းကအနောက်ဘက်မှာရှိနေပါတယ်။ စွယ်တော်ရဲ့လုံးပတ်မှာ လက်ဝက်ကျော်ခန့်ရှိပါတယ်။ အရောင်ကတော့ အဖြူပျက် ပုလဲရောင် ဝါကြန့်ကြန့်လေး ဖြစ်ပါတယ်။

## တမျှော်တခေါ် နန်းမြို့တော်ကြီး

စေတီတော်ကြီးတစ်ဆူလုံးကို ဖူးမြော်နိုင်ရန် စေတီရဲ့အနောက်ဘက် ဝါးလေးငါးပြန်ခန့်မှဖူးမြော်တဲ့အခါမှာ တဝင်းဝင်းတလက်လက်နဲ့ အလွန်ကြည်ညိုအံ့မခန်း ဖြစ်ရပါတယ်။ ရှင်ဥာမဏိစေတီတော်ကြီးကိုလဲ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပကတိအရှိအတိုင်းမြင်နိုင်ရန် ကြိုးမားလွန်းလှတဲ့အတွက် လူသားအသိနဲ့ ခံစားနိုင်လောက်ရုံပဲ မြင်တွေ့ကြရပါတယ်။

ယောဂီတိုင်းလိုလို ဖူးတွေ့ကြရပါတယ်။ သံယောင်လိုက်ပြောတာ မှန်းဆပြောတာမျိုးမရှိဘဲ တကယ့်ကိုမြင်ကြတာချည်းဖြစ်ပါတယ်။ တရားလျှောက်ကြတဲ့အခါ မြင်မှုအသေးစိတ်ကွာခြားပေမဲ့ အဓိကအချက်မှာ ထပ်ထပ်တည်းတူညီနေကြပါတယ်။

ပင်လယ်ကသစ်ပင်၊ အဘိဓမ္မာဟောရာ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၊ သုဓမ္မာဇရပ်၊ ဝေဇယန္တာနန်းပြာသာဒ်စသည်ဖြင့် သိကြားမင်းစံရာ မဟာသုဒဿန နန်းမြို့တော်ကြီးကိုလဲ ကြီးကျယ်ခမ်းနားစွာမြင်တွေ့ကြရတဲ့အတွက် အံ့သြဝမ်းသာမဆုံးဖြစ်ကြရပါတယ်။

## ဝတ်လဲတော်နှင့်မင်းမြောက်တန်ဆာများ

အကနိဋ္ဌဗြဟ္မာဘုံရှိ ဒုဿစေတီကိုလဲ ဖူးမြော်ခွင့်ရကြပါတယ်။ စိန်ဖူးတော်မှစပြီး အနီးကပ်ဖူးတွေ့ကြရပါတယ်။ စိန်များဖန်သားများနှင့်မွမ်းမံထားတဲ့အတွက် ဖြူဖွေးဝင်းလက်နေတာကို ဖူးမြင်ကြရပါတယ်။ ဒုဿမဏိစေတီလောက် အောက်ခြေမကြီးပါ၊ ပိုမိုပြေပြစ်ပြီး သပ္ပာယ်လှပါတယ်။

စေတီတော်ရဲ့ အောက်ထပ်လိုဏ်ဂူထဲကို အနောက်ဘက်မုခ်ဦးလှေကားကနေ ၅ ထစ်ခန့်တက်ပြီး ဆက်လက်လျှောက်သွားတဲ့အခါ ရွှေဆင်းတုရုပ်ပွားတော်ကြီးတစ်ဆူကို ဖူးတွေ့ရပါတယ်။

ရုပ်ပွားတော်ရဲ့ရှေ့မှာ ဝတ်လဲတော်များ တင်ထားတဲ့ ရွှေတင်ခုံရှည်ကြီးတစ်ခုရှိပါတယ်။ အဲဒီရွှေတင်ခုံကြီးရဲ့မြောက်ဘက် အစွန်းပေါ်မှာ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား နောက်ဆုံးသုံးစွဲခဲ့တဲ့ သံလျက်တော်ကို စတင်ဖူးတွေ့ခဲ့ရပါတယ်။ သံလျက်တော်ကို ရွှေကလပ်ပေါ်မှာ အရှေ့အနောက် တင်ထားပြီး၊ လက်ကိုင်အရင်းမှာ အရှေ့ဘက်ပိုင်းက

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြစ်ပါတယ်။ ဒါ့ပြင် တောင်ဘက်မှာ ရွှေပန်းကနုတ်များ၊ စိန်များ၊ ပတ္တမြားတို့နဲ့ပြုလုပ်ထားတဲ့ ဦးသျှောင်တော်ကို ဖူးတွေ့ရပါတယ်။ ဒါအပြင် ရွှေစလွယ်၊ ရွှေလက်ကြပ်များကိုလဲ ဖူးတွေ့ရပါတယ်။ တဖန် တောင်ဘက်မှာ အဖြူရောင်အပေါ်ဝတ်လဲတော်အင်္ကျီရှဲရှေ့ခြမ်းတို့ကို ရွှေ၊ ကျောက်ရောင်စုံတို့နဲ့ ဆန္ဒင်းမကင်းပုံနှင့်ပန်းကနုတ်လေးများ ဖော်ပြီး စီရင်ချုပ်လုပ်ထားတဲ့ ဝတ်လဲတော်ကိုခေါက်ပြီး တင်ထားတာ ဖူးတွေ့ရပါတယ်။ အချို့ယောဂီများလ အဲဒီဝတ်လဲတော်ကိုပဲ ဖြန့်ထားတာ၊ ချိတ်ဆွဲထားတာ ဖူးတွေ့ကြရပါတယ်။

ပုံစံအမျိုးမျိုးတွေ့ရခြင်းမှာ ထိန်းသိမ်းစောင့်ရှောက်ကြတဲ့ ဖြဟ္မာကြီးတို့က အမျိုးမျိုးပြသလိုက်တဲ့အတိုင်း ဖူးတွေ့ရတယ်လို့ ယူဆမိပါတယ်ဘုရား။

## ကျေးဇူးရှင်ဗြဟ္မာမင်းကြီးများ

တဖန် တောင်ဘက်မှာ ကပ်လျက် ဆန္ဒင်းမကင်းပုံနှင့်ရွှေပန်းကနုတ်များတပ်ထားတဲ့ ရွှေဖလားရောင်ဝတ်လဲတော် တောင်ရှည်ပုဆိုးကိုလဲ ခေါက်ပြီး တင်ထားတာကို တွေ့ရပါတယ်။ ဒါ့ပြင် ရောင်စုံကျောက်များနှင့်စီခြယ်မွမ်းမံထားပြီး ဦးပိုင်းမှာ အချွန်အကော့နှုတ်သီးကလေးပါတဲ့ အဖြူရောင် ခြေနင်းဖိနပ်တော်ကိုလဲ ဖူးတွေ့ရပါတယ်။ အချို့ယောဂီတို့မှာ စိန်နားဒောင်းတော်ဖူးတွေ့ရကြောင်း သိရပါတယ်။

သိဒ္ဓတ္ထမင်းသားရဲ့ ဝတ်လဲတော်အသုံးအဆောင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ကြတဲ့ဗြဟ္မာမင်းကြီးတို့ကို ဖူးတွေ့ပါရစေလို့ ဆုတောင်းလိုက်တဲ့အခါမှာ ဝတ်လဲတော်များတင်ထားတဲ့ရွှေတင်ခုံရဲ့ တဖက်စွန်းဆီမှ တည်ငြိမ်ပြီး ကျက်သရေရှိလှတဲ့ ဗြဟ္မာမင်းကြီးနှစ်ပါးကိုလည်း ဖူးတွေ့လိုက်ရပါတယ်။ ကိုယ်တစ်ပိုင်းသာဖူးတွေ့ရပြီး အဝတ်အစားမှာ ပုလဲအဖြူရောင် ကိုယ်ကြပ်အဆင်တန်ဆာများဖြစ်ပြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဖြူရောင်ဦးသျှောင်တော်တို့ကို ဆောင်းထားကြပါတယ်။ ဗြဟ္မာမင်းကြီးတို့ကို ရှိသေလေးစားစွာနဲ့ မတ်တပ်ရပ်၊ လက်အုပ်ချီပြီး နောက်ပြန် ၅လှမ်းခန့်သွားပြီး အပြင်ကို ထွက်ခဲ့ပါတယ်ဘုရား။

## ဘောဂဝတီနဂါးပြည်သို့

ဒါ့ပြင် နိမိတ်ကို ရင်ဝမှာထားပြီး အထက် ၁၂တောင်၊ အောက် ၁၂တောင်မှအစပြုပြီး ဆတိုးတိုးနဲ့ အထက်ဘဝဂ်၊ အောက်အာကာသအထိ နိမိတ်ကို လွှတ်နိုင်ကြပါတယ်။ နှစ်သိန်းလေးသောင်း မြေထုကို ဖောက်ပြီး ရေထုအောက်ရှိ နဂါးတို့တိုင်းပြည်မှ စွယ်တော်ကိုလည်း ယောဂီအတော်များများ ဖူးတွေ့ကြရပါတယ်။ ဘောဂဝတီနဂါးပြည်ရှိ စွယ်တော်ရဲ့ ပုံစံဟာ သီဟိုဠ်ရှိစွယ်တော် စူဠာမဏိရှိ စွယ်တော်တို့နဲ့ ပုံစံတူပါတယ်။

နဂါးပြည်မှ နဂါးကြီးများ လူရုပ်အသွင်နဲ့ နဂါးအမောက်ခေါင်းများဆောင်းထားတဲ့ နဂါးနတ်သား နတ်သမီးများကိုလဲ တွေ့ကြရပါတယ်။

ဒီခရီးနှင့်တဆက်ထဲ အချို့ယောဂီများ ငရဲပြည်ရောက်တဲ့အကြောင်း လျှောက်တာလဲ ကြားသိရပါတယ်။

## ရောဂါပျောက်တဲ့လေ့ကျင့်ခန်း

ဒါ့ပြင်နိမိတ်ကို မျက်စိဖောက်၊ နားဖောက်၊ ပါးဖောက် သင်ခန်းစာတို့ကိုလဲလုပ်ရပါတယ်။ တစ်ဖန်မိမိခန္ဓာကိုယ်ကို လိုးစားဖြတ်စား ၃၊၄ ကြိမ်ခန့်ပြုလုပ်တဲ့အခါမှာ တစ်ကိုယ်လုံး ဖန်သားပြင်ကဲ့သို့ ဖြစ်သွားပြီး နိမိတ်ရောင်များကြောင့် ကိုယ်လုံးကြီးဟာ တလက်လက်လင်းနေပါတယ်။ ဒီလိုးစားဖြတ်စား လုပ်တဲ့အတွက် ကင်ဆာရောဂါများပျောက်တယ်လို့ ကြားသိရပါတယ်။ စခန်းဝင်ယောဂီအချို့ကိုယ်တိုင်သွေးတိုး၊ ဆီးချို၊ လေရောဂါများ ပျောက်ကင်းကြတယ်လို့ ပြောကြပါတယ်။ ဥပစာရသမာဓိရအောင်အထိ 'ငြိမ်းစေမည်-ငြိမ်းစေမည်'လို့ နှလုံးသွင်းကာ ထွက်လေ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝင်လေ သိမ်မွေ့သွားအောင် ရှုပွားရပါတယ်။ 'ရှုမှုရှိက်မှုရှိမှ ရှိပါသေးရဲ့လား' ထင်ရလောက်အောင် ရှုပွားမိတဲ့အခါမှာ တကိုယ်လုံး အေးငြိမ်းပေါ့ပါး နေပါတော့တယ်။ အလွန်မှ ချမ်းသာလှပါတယ်။

## ဝိပဿနာရှုသောအခါ

ဒီသမထ ပဋိ ဘာဂနိမိတ် အားကောင်းအောင်ပြုလုပ်တာဟာ ဘဏ္ဍရီ အားပြည့်အောင် ဖြည့်ထားသလိုဖြစ်ပြီး ခန္ဓာအိမ်တွင်းကို ကြည့်လိုက်တဲ့ အခါမှာ ဆလိုက်မီးမောင်းကြီးများ ထိုးထားသကဲ့သို့ လင်းပြီးရှင်းနေတဲ့ အတွက် ကလိစာနှင့်သွေးသားလည်ပတ်နေတာကအစ ဝိပဿနာပိုင်း ရုပ်နာမ်ဖြစ်ပျက်များကို ထင်ထင်ရှားရှားမြင်လာကြပါတယ်။

ငွေကြေးပေလို့ သွားလာမရနိုင်တဲ့ တာဝတိံသာရှိ စူဠာမဏိ၊ အကနိဋ္ဌဘုံရှိ ဒုဿစေတီ၊ နဂါတို့တိုင်းပြည်များအထိ နိမိတ်နဲ့ဘုရားများ ဖူးတွေ့ရခြင်း၊ ၂၅၀၀ ကျော်က အလောင်းတော်သိဒ္ဓတ္ထရဲ့ဆံတော်နဲ့ ဝတ်လဲဘော်များကို ဖူးတွေ့ရခြင်းတို့ဟာ မြတ်စွာဘုရားရဲ့ အစိန္တေယျ ဂုဏ်ကျေးဇူးတော်များ ဖြစ်ပါတယ်။ ဆန်းပြားတဲ့ယာဉ်လက်နက်ပစ္စည်းများကို တီထွင်နိုင်တဲ့ သိပ္ပံပညာရှင်ကြီးများရဲ့ အစွမ်းဟာ ဒီသမထအစွမ်းကိုမမီပါ။ လူတိုင်းဒီတရားကို ရရှိခံစားစေချင်ပါကြောင်း ရိုသေ လေးစားစွာ တင်ပြလျှောက်ထားအပ်ပါသည် ဘုရား။

○ နိုင်ငံခပ်သိမ်း၊ တရားကိန်း၊ အေးငြိမ်းကြပါစေ။



ဒေါ်ခင်မြင့်ကြည်
(B.A. B.Ed.)
မဟ္တရာအထကကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
၀/၂၁ ကျွဲဆည်ကန်(၃)လမ်း၊
ပြည်ကြီးတံခွန်မြို့နယ်၊
မန္တလေး။ ဖုန်း-၀၂-၇၀၂၉၄

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ခန္ဓာကိုယ်တွေ့ တကယ့်အဘိဓမ္မာ

ကျေးဇူးရှင် မောင်းထောင် မြေဖင်းတောရဆရာတော်ဘုရားကြီးအား ဦးထိပ်ထားလျက် ကြွရောက်တော်မူလာကြကုန်သောဆရာတော်သံဃာတော်အရှင်မြတ်များ၊ ယောဂီသူတော်စင်များနှင့်ဓမ္မမိတ်ဆွေအပေါင်းတို့ ဘုရား–

တပည့်တော်မ လျှောက်ထားမယ့် ဓမ္မရသစာတမ်းရဲ့ ခေါင်းစဉ်ကတော့ 'ခန္ဓာကိုယ်တွေ့–တကယ့်အဘိဓမ္မာ'ဖြစ်ပါတယ်ဘုရား။

အမျိုးသမီးယောဂီများရဲ့ကိုယ်စား ဝိပဿနာတရားအတွေ့အကြုံများကို ဓမ္မရသအဖြစ် လျှောက်ထားခွင့်ရရှိတဲ့အတွက် များစွာကျေးဇူးတင် ဝမ်းမြောက်မိပါတယ်ဘုရား။

## စာတွေ့အဘိဓမ္မာမှ

အသက် ၂၀၀နှ်းကျင်မှစပြီး တပည့်တော်မဟာ မန္တလေးမြို့ ကျေးဇူးတော်ရှင်အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး၊ မစိုးရိမ်ပဋ္ဌာန်းဆရာတော် ၊ ကျေးဇူးရှင်ပခုက္ကူတိပိဋကဆရာတော်နှင့် ပြည်တိပိဋကဆရာတော်ဘုရားများရဲ့တပည့်ဖြစ်ခဲ့ရပြီး ယခုအချိန် ထိနှစ်ပေါင်း ၃၀ ကျော် အဘိဓမ္မာသင်တန်းများနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို ပို့ချဓမ္မဒါနပြုလျက်ရှိပါတယ်ဘုရား၊တပည့်တော်ကိုယ်တိုင်လည်း တပြည်လုံးပထမဆုများရရှိပြီး ထူးချွန်စွာအောင်မြင်ခဲ့သလို တပည့်များမှာလည်း ထူးချွန်စွာအောင်မြင်ခဲ့ကြပါတယ်ဘုရား။

အဘိဓမ္မာသင်တန်းများ ပို့ချဓမ္မဒါနပြုခဲ့သလို အချိန်ရရှိတဲ့ အခါတိုင်းလည်း ရိပ်သာကြီးတွေမှာ ကိုယ်တိုင်လည်း အားထုတ်ခဲ့တဲ့အပြင် တရားအားထုတ်လိုသော ရဟန်းရှင်လူတွေကိုလည်း လိုက်ပါပို့ဆောင် စီစဉ်ပေးလေ့ရှိတယ်ဘုရား။ တပည့်တော်များအနေနဲ့ ရိပ်သာကြီးတွေ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှာ ဝိပဿနာယာနိက ဝိပဿနာရှုနည်းသက်သက်ဖြင့်သာ အားထုတ်ခဲ့ကြပါတယ်ဘုရား။

အဲဒီလို ရိပ်သာအသီးသီးမှာ တရားရှုမှတ်ခဲ့တဲ့ အတွေ့အကြုံ၊ အသိဉာဏ်တရားတွေဟာ ယခုတရားစခန်းရောက်တော့ အာသေဝန ပစ္စည်းအဖြစ် များစွာအထောက်အပံ့ဖြစ်ကြောင်း တွေ့ရှိရပါတယ်ဘုရား။

## ကိုယ်တွေ့သိရ သမထအစွမ်း

မွေးဖွားစချိန်ကစပြီး ဖြစ်ပေါ်ခဲ့တဲ့ တစ်ရှူတစ်ရှိုက် ထွက်သက်ဝင်သက်လေကို သတိတစ်လုံးနဲ့ အသုံးချနိုင်ခဲ့တဲ့အတွက် နဂါးပြည်၊ လူ့ပြည် နတ်ပြည်နှင့်ဗြဟ္မာပြည်မှာ ရှိကြတဲ့စေတီပုထိုးတွေ ဓာတ်တော်၊ ဆံတော် စွယ်တော်တွေကို ကိုယ်တွေ့ဖူးမြော်နိုင်ခဲ့ကြသည့်အပြင် တစ်ရှူတစ်ရှိုက်ရဲ့ တန်ဖိုးကြီးမားပုံနှင့် အာနာပါန သမထဘာဝနာက ရရှိလာတဲ့ ပဋိဘာဂနိမိတ်နဲ့ သမာဓိအားကို အသုံးပြုပြီး ဝိပဿနာတရားပွားများအားထုတ်ရာမှာ အလွန်အထောက်အကူဖြစ်ကြောင်း အကျိုးများကြောင်းကို ယောဂီများအားလုံးသိရှိပြီး ဖြစ်ကြပါတယ်။

ဥပမာ တစ်ဘက်ကမ်းသို့ ရောက်လိုသော ပုဂ္ဂိုလ်တစ်ဦးဟာ လက်ပစ်ကူးပြီး ဖြတ်သန်းတာထက် လှေ–ဖောင်–သင်္ဘောတို့ရဲ့ အကူအညီကို ရရှိတဲ့အခါ လွယ်ကူပြီး ချမ်းချမ်းသာသာနဲ့ ခရီးရောက်သွားတဲ့ သဘောမျိုးပါပဲဘုရား၊ ဝိပဿနာတရားကို တကယ်တမ်းအား ထုတ်လိုသောယောဂီဟာ သမထဘာဝနာကို ပေါက်ရောက်အောင် အားထုတ်ဖို့လိုအပ်တယ်ဆိုတာကိုလည်း ဝိသုဒ္ဓိမဂ်ထဲမှာ ဖော်ပြထားသလိုအာနာပါနကမ္မဋ္ဌာန်းဟာလည်း အဆူဆူသော မြတ်စွာဘုရားရှင်တို့ လက်မလွှတ်ခဲ့သော ကမ္မဋ္ဌာန်းဖြစ်သည့်အပြင် မဟာပုရိသဘူမိ (လူ့အာဇာနည်တို့၏အရာ) အဖြစ် သတ်မှတ်ခဲ့သော ကမ္မဋ္ဌာန်းလည်း ဖြစ်တယ်ဆိုတာ ခုမှပိုပြီး သဘောပေါက်ရပါတယ်ဘုရား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## လူပြိန်းနားလည်အောင်

ကျေးဇူးရှင် မောင်းထောင် မြေဇင်းတောရဆရာတော်ဘုရားကြီး အနေနဲ့ ပရိယတ္တိစာပေကျမ်းဂန်တွေမှာ ကျွမ်းကျင်နှံ့စပ်တော်မူပေမဲ့ ယောဂီတွေကို တရားရှုမှတ်ဖို့ အလုပ်ပေးတရားတော်တွေကို ဟောတော်မူရာမှာ တိုတိုနဲ့လိုရင်းကိုသာ မေတ္တာကရုဏာရှေ့သွားပြုပြီး ဟောကြားလေ့ရှိပါတယ်ဘုရား။ လူပြိန်းတွေနားလည်သဘောပေါက်မယ့် စကားလုံးမျိုးကိုသာ သုံးစွဲမိန့်ကြားတော်မူလေ့ရှိပါတယ်။

ဥပမာ ရုပ်တရားကို ရှုမှတ်ခိုင်းရာမှာ အားလုံးသောရုပ်တွေကို ပေါင်းရုံးပြီး(ရုပ်၊ရုပ်)လို့ ရင်ချိုင့်ဟဒယဝတ္ထုမှာ စူးစိုက်ပြီး ရှုမှတ်စေခဲ့ပါတယ်။ သုံးနှုန်းမှုရိုးသားသလောက် ဉာဏ်သက်ဝင်ရာမှာ အလွန်ထိရောက်ကြောင်း တွေ့ရှိကြရပါတယ်ဘုရား။

## ဘဝအမြင်တွေ ရှင်းပြီးရင်းရှင်း

ခန္ဓာကိုယ်တစ်ခုလုံးရဲ့ အချက်အချာဟာ ဟဒယဝတ္ထုနှလုံးအိမ်ဖြစ်ပြီး အဲဒီမှာ မနောစိတ် မနောဝိညာဏဓာတ်တို့ရဲ့ မှီရာလည်းဖြစ်လို့ ရုပ်နာမ် နှစ်ပါးစုံတို့ရဲ့ပင်မဆုံစည်းရာနေရာလည်း ဖြစ်နေပါတယ်။ အဲဒါကြောင့် အဲဒီရင်ချိုင့်နေရာကို 'ပင်မရှုကွက်'အဖြစ် စူးစိုက်ပြီး တစ်ကိုယ်လုံးရဲ့ ဖြစ်ပျက်ကို လိုက်လျှောက်၍ ရှုကြည့်ပြီး ပဋိဘာဂနိမိတ်နှင့်ထိုးထွင်း ကြည့်နိုင်တဲ့အတွက် ဝိပဿနာပိုင်းမှာ အလွန်ခရီးရောက်တာကို တွေ့ရပါတယ်ဘုရား။

ဉာဏ်စဉ်တရားတွေနဲ့ ပတ်သက်လို့လည်း နှစ်ရက်တစ်ဉာဏ်စသည်ဖြင့် ရှုမှတ်ခိုင်းရာမှာ တစ်ဉာဏ်ပြီးတစ်ဉာဏ်ခွဲခြားပြီး ယောဂီတိုင်းလိုလို ထင်ထင်ရှားရှား ရှုမှတ်သိမြင်ခွင့် ရရှိခဲ့ကြပါတယ်ဘုရား။

ဝိပဿနာတရားကို ၁၀ရက်လောက် ရှုမှတ်ပွားများရုံမျှနှင့် တွေးခေါ်ပညာရှင်ကြီးတွေရဲ့ အယူအဆတွေ၊ နိဗ္ဗာန်ဘုံကယ်တင်ရှင်ဖန်ဆင်း

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရှင်အစရှိတဲ့ ဝါဒတွေဟာ ကိုယ်တိုင်ရှုမှတ်ခဲ့တဲ့ ဝိပဿနာဉာဏ်တွေအရ ပိပိပြင်ပြင်ဖယ်ရှားပြီး ဖြစ်သွားကြပါတယ်ဘုရား။ ရုပ်နာမ်နှစ်ပါးမှလွဲလို့ ငါ သူတစ်ပါး ယောကျ်ား၊ မိန်းမဆိုတာမရှိ အကြောင်းနဲ့အကျိုးဆက်နွှယ်မှုကို သိမြင်လာကြရတဲ့အတွက် အယူစင်ကြယ်မှု ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သွားကြရပါတယ်ဘုရား။

## ကျင်လည်ခဲ့ရတဲ့ ဘဝများနှင့် ပဋိသန္ဓေနေရပုံ

သမထပိုင်းမှာ ဒိဗ္ဗစက္ခု သဘောမျိုးနဲ့ နိမိတ်တွေကို စေလွှတ်ပြီး အနီးအဝေးအကြီး အသေးလိုသလို စေစားပြီး ဗဟိဒ္ဓအာရုံစေတီ၊ ပုထိုးများကို ဖူးမြော်ရသလို ဝိပဿနာပိုင်းမှာလည်း ပစ္စယ ပရိဂ္ဂဟဉာဏ်မှာ အကြောင်းအကျိုးဆက်နွှယ်ပြီး အချို့ယောဂီတွေဟာ မိမိတို့ဖြစ်ခဲ့တဲ့ ဘဝတွေကို ပုဗ္ဗေနိဝါသာနုဿတိ သဘောမျိုးနဲ့တစ်ဘဝပြီးတစ်ဘဝ ပိတ်ကားပေါ်မှာ မြင်နေရသလို ထင်ထင်ရှားရှား တွေ့မြင်ခဲ့ကြရပါတယ်။

အဲဒီလိုဘဝပေါင်းတော်တော်များများကို တွေ့မြင်သိရှိကြရတဲ့ အခါ မိမိတို့ရဲ့ကောင်းမှုမကောင်းမှုကံတွေရဲ့ စီမံရာကိုခံခဲ့ကြရလို့ ဘဝသင်ခန်းစာများအဖြစ် ဆောင်ရန်ရှောင်ရန်တွေကိုပါ သတိရ မိကြပါတယ်။

ဘဝအိုးအိမ်အကြိမ်ကြိမ် ကျင်လည်ခဲ့ရပုံတွေဟာ သံဝေဂရစရာကောင်းသလို သံသရာမှာ အိုနာသေ၊ မွေးသေဘဝက လွတ်မြောက်စေရန်ကြိုးစားလိုစိတ်များ ပေါ်ပေါက်ခဲ့ကြရပါတယ်ဘုရား။

အချို့သော ယောဂီများမှာ သတ္တဝါတွေရဲ့ ပဋိသန္ဓေနဲ့စုတိ၊ စုတိနဲ့ ပဋိသန္ဓေဖြစ်ပေါ်ရာမှာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရဆိုတဲ့အကြောင်းတရားတွေကြောင့် ဖြစ်ပေါ်ရပုံ၊ စုတိခါနီးအချိန်မှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တစ်ခုခုကို မြင်ကြရတဲ့အခါ ဥပါဒါန်နဲ့ စွဲလန်းပြီးဘဝဖြစ်ရပုံ၊ မိမိရရှိတဲ့ဘဝမှာ သာယာတဲ့ဘဝနိကန္တိဖြစ်ပုံတွေကို သိကြရတဲ့အပြင်၊ လူဝင်စားဖြစ်ရမဲ့ ပုဂ္ဂိုလ်ဟာ အမိရဲ့ဝမ်းဗိုက်အတွင်း 'ပထမံ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒ်'အစရှိတဲ့အတိုင်း ယင်ငယ်လောက်ပမာဏရှိ ကလလရေကြည်မှ သားဆေးမြုပ်ရည်၊ သားခဲ၊ သားတစ်၊ ခက်မငါးဖြာစသည် အဆင့်ဆင့်ဖြစ်ပွားပုံတို့ကို တွေ့ရှိခဲ့ကြရပါတယ်ဘုရား။

## ဤစခန်း၏ထူးခြားချက်

တရားရှုမှတ်လျှောက်ထားချက်တွေနဲ့ ပတ်သတ်လို့ ပရိယတ္တိစာပေတွေကို သင်ကြားတတ်မြောက်ခဲ့တဲ့သူပဲ ဖြစ်ဖြစ်၊ စာတစ်လုံးမှ မတတ်ခဲ့တဲ့ သူပဲဖြစ်ဖြစ် အမှန်ရှိတဲ့ပရမတ္ထသဘာဝတရားတွေကို ရှုမြင်သိရှိကြရပုံတွေကတော့ အတူတူပဲဖြစ်လို့အံ့ဩစရာကောင်းပါတယ်။

ဒါပေမယ့် စကားပြောတတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးနဲ့ လူအတစ်ယောက် မြို့ပေါ်တက်ပြီး တောကိုပြန်လာကြတဲ့အခါ မရောက်ဘူးသေးတဲ့ ပုဂ္ဂိုလ်တွေကို မြို့ပေါ်သွားချင်လာအောင် အားကျလောက်အောင် စကားပြောတတ်တဲ့သူက စွမ်းဆောင်ရှင်းပြနိုင်သလိုပါပဲ၊ယခုလည်း ပရိယတ္တိစာပေသင်ကြားတတ်မြောက်ထားတဲ့သူတွေအနေနဲ့ တခြားသော ပုဂ္ဂိုလ်တွေကို ပြန်လည်ရှင်းပြရာမှာ စာပေကျမ်းဂန်တွေနဲ့ကိုက်ညှိပြီး ဂဃနဏပြောနိုင်ကြတဲ့အတွက် ခိုင်လုံမှုရှိတဲ့အပြင် ကြည်ညိုစရာအားကျစရာတွေလည်း ပိုမိုဖြစ်ပေါ်နိုင်သလို သာသနာတော်ကို ထွန်းကားပြန့်ပွားရာမှာ ပိုပြီးအကျိုးကြီးမားနိုင်ပါတယ်ဘုရား။

ဒါကြောင့်လည်း ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာလို့ ခေါ်ဆိုတဲ့ သာသနာတော်သုံးရပ်မှာ ပရိယတ္တိသာသနာဟာ မူလအခြေခံဖြစ်တဲ့အတွက် စာသင်တိုက်ကြီးတွေ တည်ထောင်ပြီး ဆရာစဉ်ဆက် စာသင်စာချပြုတော်မူနေကြခြင်း ဖြစ်ပါတယ်ဘုရား။

ပရိယတ္တိစာပေသင်ကြားတတ်မြောက်ထားသည့်တိုင် ကိုယ်တိုင်ရှုမှတ်မှု၊ အားထုတ်မှု မရှိဘူးဆိုရင်လည်း စာတွေ့မှာပဲ ရပ်နေမှာဖြစ်ပါ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တယ်။ ခန္ဓာကိုယ်တွေ့ရှုမှတ်ကြည့်မှသာ မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေဟာ 'ဟုတ်လိုက်လေခြင်း၊ မှန်လိုက်လေခြင်း၊ အသိနှောက်ကျလေခြင်း' ဆိုတဲ့ ခံစားမှုတွေ ဖြစ်ပေါ်လာကြမှာ ဖြစ်ပါတယ်။

တပည့်တော်အားထုတ်လာခဲ့တဲ့ တရားစခန်းတွေရှိတဲ့အနက် ဤတရားစခန်းရဲ့ ထူးခြားမှုတစ်ခုကတော့ အမျိုးသမီးယောဂီတွေသာမက ပရိယတ်၊ ပဋိပတ်ကျွမ်းကျင်တော်မူကြတဲ့ ဆရာတော်၊ သံဃာတော်တွေ ကမ္မဋ္ဌာနာစရိယဆရာတော်တွေ၊ ကျောင်းထိုင်ဆရာတော်ဘုရားများနဲ့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(ရန်ကုန်မြို့)က ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဗန်းမော်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ကြွရောက်အားထုတ်တော်မူသလို လူငယ်လူရွယ်အမျိုးသားယောဂီတွေ ပါဝင်နေကြတဲ့အပြင် ဓမ္မာစရိယလူပုဂ္ဂိုလ် ဖြိုးလည်းပါဝင်အားထုတ်ခဲ့ခြင်းပင် ဖြစ်ပါတယ်ဘုရား။

အဲဒါဟာ ကျေးဇူးရှင်မောင်းထောင် မြေဇင်းတောရဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေအပေါ်မှာ ယုံကြည်အားထားခြင်းရှိကြသည့်အပြင် သမထဝိပဿနာ တရားတွေကို လက်တွေ့ကျကျ အားထုတ်ခဲ့ကြတဲ့အတိုင်းလည်း ကျေနပ်အားရမှုတွေ ရရှိခဲ့ကြလို့ ဖြစ်ပါတယ်ဘုရား။

ဤမြေဇင်းတောရဆရာတော်ဘုရားကြီး ပြသသောကန္တီနည်းတရားစခန်းမှာ အခြားစခန်းများနှင့် အချိန်ကာလလည်း မတူသလို၊ လာရောက်အားထုတ်သူများလည်း မတူကြ၊ ပရိယတ္တိစာပေကျွမ်းကျင်သော ပုဂ္ဂိုလ်များစိတ်ဝင်တစားပါဝင်အားထုတ်နေကြသည်ကို တွေ့ရပါသဖြင့် ဒီကရှေ့လျှောက် မြန်မာနိုင်ငံပဋိပတ္တိသာသနာသည် ဝိပဿနာသက်သက်မျှသာ မဟုတ်တော့ဘဲ သမထရော ဝိပဿနာပါ စွယ်စုံထွန်းကားလာတော့မည်ကိုလည်းကောင်း၊ ပဋိပတ္တိလောကတွင်လည်း စာတတ်ပေတတ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ပုဂ္ဂိုလ်များ အရေအတွက်များပြားလာပြီးလျှင်ဖို၍အကျိုးဖြစ်ထွန်းလာမည်ကိုလည်းကောင်း တွေ့မြင်နေရပါသဖြင့် အတိုင်းမသိဝမ်းသာကြည်နူးရပါကြောင်း လျှောက်ထားရင်း ဘုရားတပည့်တော်မ၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည်ဘုရား။

○ နိုင်ငံခပ်သိမ်း၊ တရားကိန်း၊ အေးငြိမ်းကြပါစေ။

ဒေါ်တင်သိန်းလှ(တက္ကသိုလ်-ပွင့်လန်း)
**B.A. (Maths,Statistics)**
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
၂၀၊ ပဒေသာလမ်း၊ အလုံ၊ ရန်ကုန်မြို့။
ဖုန်း-၂၂၀၄၅၁



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ရန်ကင်းအေးငြိမ်းရိပ်သာအတွင်းရေးမှူး
# ဦးမောင်မောင်ပြေ၏
# လျှောက်ထားလွှာ

ကျေးဇူးရှင် မောင်းထောင်မြေဇင်းတောရဆရာတော်ဘုရားကြီးအား ဦးထိပ်ထားလျက် ကြွရောက်တော်မူလာကြကုန်သောဆရာတော်သံဃာ တော်အရှင်မြတ်များ ယောဂီသူတော်စင်များနှင့် ဓမ္မမိတ်ဆွေ အပေါင်းတို့ဘုရား–

ဘုရားတပည့်တော်များ မြေဇင်းတောရဆရာတော်ဘုရားကြီး၏ တရားကို မသေခင်ရအောင်ယူမည်ဟူသောစိတ်ဖြင့် မန္တလေးမှာ တရားတပတ်ရအောင် ညှိနှိုင်းတိုင်ပင်ကြပါသည်ဘုရား၊ မိတ်ဆွေ ၃၄ဦး ဘဘဦးဌေးလှိုင်၏ တရားပွဲ နာကြားရာမှ တရားစခန်းမဖြစ်ဖြစ်အောင် ညှိနှိုင်းတိုင်ပင်ကြပါသည်။

တပည့်တော်တို့မှာ အသင်းအဖွဲ့လည်းမရှိ၊ ရန်ပုံငွေလည်းမရှိခဲ့ ပါ။ ဘုရားတပည့်တော် မောင်မောင်ပြေနှင့် ဆရာမကြီး ဒေါ်ညွန့်စိန်၊ ဦးအောင်မြတ်၊ ဦးသိန်းအောင်တို့ တိုင်ပင်ညှိနှိုင်း နည်းလမ်းရှာရာမှ ဦးသိန်းအောင်က ကျောင်းအဆောက်အဦးအတွက် လုံးဝတာဝန်ယူ ပါသည်။ တပည့်တော်များက သူကျောင်းတာဝန်ယူလျှင် ဆွမ်းတာဝန်ယူ ..ည်ဟု ဆုံးဖြတ်ပါသည်။ ဆရာမကြီးဒေါ်ညွန့်စိန်၊ ဦးကြင်သက်၊ ဦးအောင်မြတ်တို့က ဦးစွာဆွမ်း ၄ရက်စာတာဝန်ယူ၍ ရွှေဘို၊ သုခကာရီ ကျောင်းဆရာတော် ဦးကေသရနှင့် ဒေါ်လေးဒေါ်ရူပဝတီ၊ ဦးစန္ဒာသီရိ တို့ကလဲ ဆန်ဆီပဲ ရိက္ခာများပံ့ပိုးပေးကြပါသည်ဘုရား။

လက်တွေ့စခန်းဖွင့်သောအခါ ယောဂီများကစ၍ ရက် ၆၀ အပြည့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းအလှူရှင် အသီးသီးထွက်ပေါ်လာကြပါ သည်ဘုရား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျောင်းဒကာ ဦးသိန်းအောင် တာဝန်ယူထားသော ကျောင်းဆောက်လုပ်ရေးမှာ ဘဏ်ငွေကြေးအခက်အခဲများ ပေါ်ပေါက်လာသဖြင့် ကျောင်းတာဝန်ယူထားသူအများစုမှာ နုတ်အလှူသာ လှူနိုင်ကြပါတော့သည်။ ကျောင်းဒကာ ဦးသိန်းအောင်မှာ သိန်း ၈၀ ခန့်စိုက်ထုတ်၍ ဆောက်လုပ်ခဲ့ပါသည်။

ကံအားလျော်စွာ မြေဖင်းတောရဆရာတော်ဘုရားကြီး၏ တူဖြစ်သူ 'အေးမေတ္တာ' မြန်မာထမင်းဆိုင်နှင့် 'ရွှေမြန်မာ'ဟိုတယ်ပိုင် ဦးအုန်းမောင်–ဒေါ်အေးအေးရီတို့က ၅ ခန်း၊ ဦးသန်းဆွေ၊ ဦးနေမင်းအောင်၊ ဦးမြသန်း၊ဒေါ်မြဟန်စသော ပုဂ္ဂိုလ်များကလဲ အသီးသီး ကျောင်းအလှူပြုကြရာ ၃၇ သိန်းခန့် ကျောင်းအလှူရှင်များ ထွက်ပေါ်ခဲ့ပါသည်ဘုရား။

ဦးသိန်းအောင် ၄၃ သိန်းမတည်စိုက်ထုတ်ထားသော ကျောင်းဆောင်များကိုလည်း အရစ်ကျပေးချေ၍နှစ်အရ လှူဒါန်းနိုင်သဖြင့် ကျောင်းအလှူရှင်များလည်း တစ်နေ့တခြား ပေါ်ပေါက်လာကြပါသည်ဘုရား၊ ဝမ်းမြောက်စရာကောင်းသည်မှာ ယခုအခါ ဓမ္မာရုံနှင့် ဆွမ်းစားကျောင်းကြီး အလှူရှင်များလည်း ပေါ်ပေါက်လာကြပါသည်ဘုရား။

ဤသို့ စေတနာထက်သန်သူ ၃/၄ ဦးမှ စတင်ခဲ့သော ဤသာသနာပြုလုပ်ငန်းကြီးမှာ စိတ်ဆန္ဒတူသာသနာပြုဖက်များ ပေါ်ပေါက်လာသဖြင့် ယခုကဲ့သို့ ချောမောစွာ အောင်မြင်ခြင်း ဖြစ်ပါသည်ဘုရား။

အထူးဖော်ပြလိုသော သာသနာပြုဖက်များမှာ

၁။ ပန်းကန်ခွက်ယောက်စားပွဲ၊ ခုတင်၊ ဖျာ၊ ကုလားထိုင်များ ဝှားရမ်း၍ စီမံခန့်ခွဲမှုအကြံဉာဏ်များပေးသူဦးအောင်သိန်း၊သွန့် (ပရိယတ္တိ သာသနတက္ကသိုလ်)အားလည်းကောင်း၊

၂။ ဖွင့်ပွဲပိတ်ပွဲနေ့များအပါအဝင်ရှစ်ကြိမ်တိုင် တိုင်ဆွမ်းအလှူ ပေးခဲ့ကြသော မိုလ်မှူးခင်မောင်ထူး–ဒေါ် မိုးလှိုင်တို့ ဦးဆောင်

သော တပ်မတော်စည်သွတ်စက်ရုံ မွေ့မိတ်ဆွေများအား လည်းကောင်း၊

၃။ ဆွမ်း ၁၃ရက် တာဝန်ယူသူ ဦးသန်းဆွေ-ဒေါ်ခင်လှိုင် သမီးဒေါ်ခင်ဆွေဝင်း ချမ်းသာဖယောင်းတိုင်နှင့်မိတ်ဆွေ သင်္ဂဟများအားလည်းကောင်း၊ဤသာသနာပြုလုပ်ငန်းကြီးတွင် လိုအပ် သောအချိန် လိုအပ်သောနေရာမှ ဖြည့်ဆည်းပေးသော သာသနာပြုဖက်များအဖြစ် ဤအဖွဲ့ကြီးမှ ဂုဏ်ပြုမှတ်တမ်း တင်ထားအပ်ပါသည်ဘုရား။ မူလယောဂီ ၅၀ စာသတ်မှတ် ထားရာက တစ်ဆတိုးလာ၍ ချွတ်ယွင်းချက်၊ အခက်အခဲများ ရှိလာနိုင်သဖြင့်လည်း သည်းခံခွင့်လွှတ်ပေးကြပါဘုရား။

ကျေးဇူးရှင်မောင်းထောင် မြေဇင်းတောရဆရာတော်ဘုရားကြီး၏ မေတ္တာကရုဏာကြီးမားစွာဖြင့် အသက်အရွယ်နှင့်မလိုက်အောင် အပင်ပန်းခံ ညွှန်ပြတော်မူသည့်အတိုင်း ကျောင်းဒကာ ဆွမ်းဒကာများကအစ တစ်ရာ နီးပါးရှိသော ယောဂီများအားလုံးကလည်း အချိန်အခါနှင့် ဘဝတန်ဖိုး သိပြီး ရက် ၆၀လုံးလုံး စိတ်အားထက်သန်စွာ ရှုပွားကြသဖြင့် မိမိတို့ ပါရမီအလျောက် ပေါက်မြောက်အောင်မြင်ကြပါသည်ဘုရား။

ဤစခန်းမှာ ဆွမ်းကွမ်း ဝေယျာဝစ္စ ဝယ်ခြမ်းချက်ပြုတ်ဆေးကြောသူ ဒေါ်အေးရှိ ခေါင်းဆောင်သော အမျိုးသမီးယော်များပင် အလုပ်များ သည့်ကြားက ရှုမှတ်ပွားများကြရာ နတ်ပြည် ဗြဟ္မာပြည်အထိ ဘုရားများဖူး နိုင်သည့်အပြင် ဝိပဿနာလည်း အောင်မြင်ပေါက်ရောက်ကြပါ သည်ဘုရား။

ဘုရားရှင်လက်ထက်တော်က တရားအားထုတ်သော ရဟန်းတော် များအား ဆွမ်းချက်ပြုတ်လှူဒါန်းရသူ မာတိကာ ဒါယိကာမကြီးနှင့် နိုင်းနှိုင်း၍ပင် ချီးကျူးခြင်းခံရသူများ ဖြစ်ပါသည်ဘုရား။

အထူးဝမ်းမြောက်စရာကောင်းသည်မှာ ဤတရားစခန်းတွင် ဘိတ်၊ ပုလော၊ တာချီလိတ်၊ မုံရွာလယ်တီ၊ ရွှေဘိုခင်ဦး၊ အမရပူရ မဟာဂန္ဓာရုံ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စသော အနယ်နယ်အရပ်ရပ်မှ ကျောင်းထိုင်ကျောင်းပိုင် ပုဂ္ဂိုလ်များ စာချ၊ ကထိက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ စာတတ်ပေတတ် ဆရာတော်ကြီးများနှင့် အထူးသဖြင့် သက်တော် ၇၄နှစ်ရှိ ပရိယတ္တိ အကျော်ဒုတိယပါမောက္ခချုပ်ဗန်းမော်ဆရာတော်ကြီးများပင် ဝင်ရောက် နည်းခံပြီးအားထုတ်ကြပါသည်ဘုရား။

ယောဂီ ၁၀၀နီးပါးတွင် ဓမ္မာစရိယတန်း အမျိုးသားယောဂီများ ၆ ဦးပါဝင်လာသည့်ပြင် အင်ဂျင်နီယာနှင့် ဆရာဝန်ကြီးများ၊ ကျောင်း ဆရာ၊ ဆရာမကြီးများ၊ ပညာတတ်လူငယ်များ ပါဝင်လာသဖြင့် ဘုရားတပည့်တော်တို့ သာသနာပြုလုပ်ငန်းသည် ကမ္ဘာ့သူကမ္ဘာ့သားများ အတွက်ပင် တရားရိပ်ခိုနားရန် တိုးချဲ့စီစဉ်ပေးရသည့် အခြေအနေသို့ ရောက်ရှိလာပါသည်ဘုရား။

အားလုံးကြွရောက်လာကြသော သာသနာပြုဖက်ဓမ္မမိတ်ဆွေများ ကလည်း အပြည်ပြည်ဆိုင်ရာ အာနာပါနကမ္မဋ္ဌာန်းတိုက် သဒ္ဓမ္မဇောတိက ဖောင်ဒေးရှင်း(အထက်မြန်မာပြည်)အဖွဲ့ဝင်များအဖြစ် ပူးပေါင်းကာ ကပ်ကြီး သုံးပါးဆိုက်၍ ဒုက္ခရောက်နေကြသော ကမ္ဘာ့သူကမ္ဘာ့သား များအား ချမ်းသာခွင့်ရအောင် ပူးပေါင်းသာသနာပြုကြပါစို့ဟု တိုက်တွန်း နှိုးဆော်ရင်း ဘုရားတပည့်တော်များ၏ လျှောက်ထားလွှာကို နိဂုံးချုပ် အပ်ပါသည်ဘုရား။

○ နိုင်ငံခပ်သိမ်း၊ တရားကိန်း၊ အေးငြိမ်းကြပါစေ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ၁၃၆၄ – ၆၅ ခုနှစ် ခြေဝင်းတောရ
## သာသနာပြု အလှူရှင်များစာရင်း

၁။ မော်ဘီလုပဒါးတရားစခန်း သိန်း (၃၀) ပင်မအလှူရှင်-ရွှေသရဖူ ဦးသန်းအောင် (ဒေါ်အေးအေးချို) သမီး မနိုင်ဇာသွယ်မိသားစု 'ဓမ္မစကြာ'ကျမ်းစာအလှူ- ၃၅၀၀၀ကျပ်/-

၂။ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အောင်ဇေယျာပင်၊ ဆေးတိုက် ဒေါ်ကျင်ကြည်မိသားစု၊ အုတ်ကုဋီ (၂)ခန်းတွဲ၊ ယောဂီအုတ်ကျောင်းဆောင်နှစ်ဆောင်နှင့် သိမ်အတွက် – ၁၃၅၀၀၀ကျပ်/-

၃။ ကွယ်လွန်သူမိဘနှစ်ပါးကို ရည်စူး၍ အစ်မကြီး ဒေါ်ခင်သက်မူ ကို အမှူးထားလျက် ဗိုလ်မှူးလွင်ကိုဦး ဒေါ်ဖြူဖြူဝင်း။ သမီးနှင်းဦးလွင်၊ မြတ်ဆုလွင် မိသားစု၊ ကိုကျော်ကျော်၊ မခင်ဖြူဖြူဝင်း သား ပြည့်စုံကျော်မိသားစု (နယ်စပ်စည်ပင်ဝန်ကြီးဌာန အလှူငွေ (၄)သိန်းကို ထပ်ဆောင်းပံ့ပိုး၍) ၄- လက်မပိုက်ရေတွင်း – ၈၀၀၀၀ကျပ်/-

၄။ ဦးခင်နိုင် – ဒေါ်မြမြဝင်း(လပွတ္တာ)၊ ဒေါ်ဝင်းဝင်းမြင့် (ရွှေဒဂါးဦးထုပ်၊ သိမ်ကြီးဈေး)နှင့် မိငယ် (ခ) ဒေါ်မြင့်မြင့်ခင် (ကောင်းပဒေသာစတိုး အောင်ပန်း) ညီအစ်မသုံးဦး မြေနှစ်ကေ၊ ကျောင်းဆောင် နှစ်ဆောင်နှင့် သိမ်အတွက် – ၁၀၀၀၀၀ကျပ်/-

၅။ ဦးတင်ဝင်း – ဒေါ်ကြည်အောင် (ပတ္တမြားသံဆိုင်)မိသားစု၊ မဲအိုးတန်း။ မန္တလေးမြို့ သိမ်နှင့်ဆွမ်း – ၅၀၀၀၀ကျပ်/-

၆။ မုံရွာမြို့နယ်၊ ကွေ့ကြီးရပ်၊ ကိုဝင်းဇော်၊ မဝင်းဝင်းမော်၊ သားပင်းရဲဇော် (အုတ်လုပ်ငန်း) အုတ်ကုဋီ (၂)ခန်း – ၄၅၀၀၀ကျပ်/-

၇။ အင်ဂျင်နီယာ ဦးဝင်းမြင့်၊ဆရာမ ဒေါ်အေးအေး၊ ရန်ကုန်မြို့၊ ရွှေတိဂုံလျှပ်စစ်မီးသီးပုံတော်ကားကြီးနှင့် ရေမီး ၄၅၀၀၀ကျပ်/-

၈။ ဇောတိက သုံးထပ်တိုက်ကျောင်းဒကာ ဦးစက်မောင် – ဒေါ်တင်အုံမိသားစု သာစည်လမ်း။ မုံရွာ အသားကျောင်းတစ်ဆောင် ၃၅၀၀၀ကျပ်/-

၉။ ဦးခင်ဝင်း – ဒေါ်ရီရီမြင့်မိသားစု ၃၂-၈၂ လမ်း (၁၅/၁၆) ပြည်လုံးချမ်းသာ၊ မန္တလေး မီးမြင့်စက်နှင့်ဆွမ်း – ၁၅၀၀၀ကျပ်/-

၁၀။ ဦးခင်မောင်ရီ + မချော ရွှေပန်းတိမ်၊ ရန်ကုန်မြို့။ ၁၃၀၀၀ကျပ်/-

၁၁။ ဒေါက်တာ အောင်ထွန်းနိုင်မိသားစုနှင့် မင်္ဂလာရွှေအိုးကြီးထိဆိုင် မိသားစု၊ ရန်ကုန်(ဆွမ်း) ၁၀၀၀၀ကျပ်/-

၁၂။ ယောဂီ ဒေါ်ငြိမ်းငြိမ်း (မင်္ဂလာဈေး၊ မန္တလေး)မိသားစု ဇူဥ္စာမဏိ၊ ဒုဿစေတီပုံတော် ပန်းချီကား ၅၀၀၀ကျပ်/-

၁၃။ ဦးထွန်းရွှေ(လ/ထညွှန်မှူး)၊ ဒေါ်ခင်ဌေးမြင့် မိသားစု ၁၀၀၀ကျပ်

၁၄။ ဒေါ်လဲ့လဲ့ဝင်း (လဲ့လဲ့ကျော် ကလစ်ဆိုင်၊ ယုဇနပလာဇာ) ၁၃၀၀ကျပ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(၁၅) မိခင်ကြီးဒေါ်ပြည့်အားရည်စူး၍ ဆရာမဒေါ်စန်းခင်၊ သာငါရွာ၊ ဖောင်းပြင်မြို့နယ်၊ စစ်ကိုင်းတိုင်း - ၃၅၀၀၀ဝိ/-

(၁၆) ဦးလှအောင်၊ ဒေါ်ခင်ခင်ကြီး မိသားစုအား အမှူးထား၍ အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကိုဝဏ္ဏအောင် နံရံကပ်ယောဂီဆောင် - ၃၅၀၀၀ဝိ/-

(၁၇) ဦးကြည်၊ ဒေါ်အေးအေးမာမိသားစု၊ အောင်သာယာမြို့သစ်၊ မန္တလေး၊ နံရံကပ်အုတ်တိုက်ယောဂီဆောင် - ၃၅၀၀၀ဝိ/-

## မြေဖင်းဝါတွင်းတရားစခန်း၊ နယ်မှ ဆွမ်းပဒေသာအလှူရှင်များ

